mgyoe.com SAMPLE BOOK

ဘဝတက္ကသိုလ်

# DANIELLE STEEL

# DANGEROUS GAMES


ငွေသန့်

# ကျားရဲ့ ခံတွင်း



designed by tin htoon

mgyoe.com


ငင်သန့်
ကျားရဲ့ ခံတွင်း
DANIELLE
STEEL
DANGEROUS
GAMES
mgyoe.com

mgyoe.com
SAMPLE BOOK

ပထမ အကြိမ်၊ ၂၀၁၈၊ ဇွန်

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၄၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည့်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၀၃၇၂)၊ သင်း စာပေ ၁၉၊ ယောသကလမ်း၊ သာယာကုန်း ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ |


mgyoe.com

mgyoe.com SAMPLE BOOK

ဇင်သန့်

# ကျားရဲ ခံတွင်း

**Dangerous Games**

Danielle Steel

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁

သေနတ်သံများ ကြား၍ အဲလစ္စ ဖိလစ် ပြေးလွှား အကာအကွယ်ယူချိန်မှာ နံနက် လေးနာရီသာ ရှိသေးသည်။ အလာဘားမား ပြည်နယ်ရှိ သစ်သီး စည်သွတ်ဘူး စက်ရုံ ပိတ်လိုက်သဖြင့် အလုပ်သမား ထောင်ချီကာ အလုပ်လက်မဲ့ ဖြစ်ကုန်ရသည်။ အလုပ်သမား သမဂ္ဂက စက်ရုံ ပိတ်သည်ကို တားဆီးရန် လပေါင်း များစွာ ကြိုးစားခဲ့သော်လည်း မရဘဲ နောက်ဆုံးတွင် တစ်မြို့လုံး မကျေနပ်မှုများကြောင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့တော့သည်။ စက်ရုံ အလုပ်သမား အများစုမှာ လူမည်းများ ဖြစ်ကြပြီး ထိုစက်ရုံတွင် သူတို့ မိသားစု အလိုက် အလုပ် လုပ်လာခဲ့သည်မှာ မျိုးဆက် အလီလီ ရှိခဲ့ပြီ ဖြစ်သည်။ မြို့တွင်းနှင့် မြို့အနီး ပတ်ဝန်းကျင်တွင် လုယက်မှုများ၊ ဖျက်ဆီးမှုများ ရှိကာ ထို အဖြစ်အပျက် အတွင်း လူငယ် နှစ်ဦး သေခဲ့ရသည်။

ပတ်ဝန်းကျင် မြို့များမှ အဓိကရုဏ်း ရဲများ ရောက်လာကြကာ နေရာ တကာတွင် မျက်ရည်ယို ဓာတ်ငွေ့နံ့များဖြင့် လှိုင်နေတော့သည်။ အဲလစ္စမှာ ရုပ်သံ သတင်းကို တိုက်ရိုက် ပေးပို့နေရာ လက်ရှိ သူမ ရပ်နေသည့် နေရာမှ အခြား နေရာသို့ ပြောင်းရန် လိုနေပြီ ဖြစ်သည်။ သူ၏ ကင်မရာသမား ဘန်က သူမ လက်ကို အတင်း ဆုပ်ကာ ဆွဲခေါ်သွားနေသည်။ လုံခြုံရေး တပ်ဖွဲ့များ ရောက်လာကြသည်။ လုယက်သူများ မီးရှို့ထားသည့် နေရာများတွင် မီးတောက်များ ပေါက်ကွဲထွက်လာသည့် အချိန်တွင် ဘန်သည် သူမအား တရွတ်တိုက် ပါမတတ် ဆွဲခေါ်သွားခဲ့သည်။

သူမ အမျိုးသား ရုပ်သံမှ သတင်း ပေးပို့နေသည်မှာ ၁၉၉၂ ခုနှစ်က လော့စ်အိန်ဂျလိစ်တွင် ဖြစ်ခဲ့သည့် ဆူပူ အကြမ်းဖက်မှုများ နောက်ပိုင်း အထူးခြားဆုံး သတင်းများ ဖြစ်တော့သည်။

'ခင်ဗျား သေသွားချင်လို့လား'



mgyoe.com

mgyoe.com
SAMPLE BOOK

လမ်းထောင့်ရှိ အဆောက်အအုံ တစ်ခု နောက်တွင် သူတို့ ပုန်းကွယ်လိုက်ချိန်တွင် ဘန် ချက်ပ်မင်းက သူမကို အော်ပြောလိုက်သည်။ ဘန်နှင့် အဲလစ္စတို့မှာ လည်ပင်းတွင် 'သတင်း' ဟူသော စာသား ပါသည့် အပတ်ကို ပတ်လျက်သည်နေရာသို့ ရောက်နေသည်မှာ သီတင်း တစ်ပတ်လုံး ရှိနေပေပြီ။ အဲလစ္စ၏ မျက်နှာမှာ မှိုင်းတွေနှင့် မည်းနေပြီး မျက်ရည်ယို မီးခိုးများကြောင့် မျက်လုံးများတွင်လည်း မျက်ရည်တွေနှင့်။

'ခင်ဗျားကိုယ် ခင်ဗျား သေအောင် လုပ်နေတာလား'

သူတို့ နှစ်ယောက် အတူ တွဲလုပ်လာခဲ့သည်မှာ လေးနှစ် ရှိပြီ ဖြစ်၍ သည်လို အချိန်မျိုးမှ လွဲလျှင် အဆင်ပြေခဲ့ကြသည်။

အဲလစ္စ ဖိလစ်သည် စစ်ပွဲများ၊ အဓိကရုဏ်းများ၊ ဆန္ဒပြမှုများ၊ အန္တရာယ် အခြေအနေများကို ရုပ်မြင်သံကြား သတင်းကြည့်သူများ တိုက်ရိုက် ကြည့်မြင်နိုင်အောင် ကိုယ်တိုင် သွားရောက် သတင်း ယူရန် ဝါသနာကြီးသူလည်း ဖြစ်သည်။ ဘန်ကလည်း သူမနှင့် အတူ တွဲလုပ်ရသည်ကို သဘောတွေ့သည်။ သို့သော် ပထမတော့ သူတို့ အငြင်းအခုံ ဖြစ်ခဲ့ကြရသေးသည်။ သူမ၏ ရဲရင့်မှုကြောင့် အကောင်းဆုံး သတင်းဆုလည်း ရခဲ့သည်။ ရုပ်သံ ဌာနကလည်း သူမ၏ သတင်းများကို သဘောကျကြသည်။ အခြား သတင်းထောက်များကမူ သူမကဲ့သို့ မစွန့်စားချင်ကြ။ ထိုဝါသနာမှာ သူမ၏ သွေးထဲမှကို ပါလာခြင်း ဖြစ်သည်။ ထိုဝါသနာမျိုးမှာ တစ်ခါတလေ နောက်တွန့်တတ်သည်။ သို့သော် အဲလစ္စကတော့ နောက်တွန့်သည် မရှိ။ သတင်း တစ်ပုဒ်ကို အသဲအမဲ လိုက်နေရသည် ဆိုလျှင် သူမ ဘာကိုမျှ မမြင်တော့။ သူမသည် လွန်ခဲ့သည့် ၁၇ နှစ်ဘွဲ့ရပြီးကတည်းက ရုပ်မြင်သံကြား သတင်းထောက် ဝင်လုပ်ခဲ့သည်။ ယခု အသက် ၃၉ နှစ် အရွယ်တွင် ကမ္ဘာ့ နေရာ မှန်သမျှမှ သတင်း မှန်သမျှကို ရယူ ထုတ်လွှင့်ပေးနိုင်ခဲ့သဖြင့် ထင်ရှား ကျော်ကြားလာပြီလည်း ဖြစ်သည်။

အမေရိကန် ပြည်တွင်းနှင့် ပြည်ပ သတင်းများကို အထူး တာဝန်ဖြင့် သတင်း သွားယူခဲ့ရသည်။ ပေးသမျှ တာဝန်ကို မငြင်းသဖြင့် ထုတ်လုပ်သူများကလည်း သူမကို သဘောကျကြသည်။ သူမ၏ အယ်ဒီတာ့ အာဘော်များ၊ သုံးသပ်ချက်များမှာ ကမ္ဘာကျော်ခဲ့သည်။ သူမမှာ လူတကာ လေးစားခံရသည့် သတင်းထောက် ဖြစ်လာပြီး သူမ အမည်မှာ လူတိုင်း၏ နှုတ်ဖျားတွင် ရှိနေသည်။ သူမနှင့် တွဲလုပ်ရသည်မှာ အကျိုးရှိသဖြင့် ဘန်ကလည်း လိုလားသည်။ မိမိတို့ နှစ်ယောက်၏ အသက်ကို ပဓာနမထားဘဲ အတင့်ရဲလွန်းခြင်း တစ်ခုသာ

mgyoe.com

mgyoe.com
SAMPLE BOOK

ဆိုးနေသည်။ ဘန်မှာ သတ္တိ ရှိသော်လည်း ရူးမိုက်သူတော့ မဟုတ်။ သို့သော် အဲလစ္စမှာ တား၍ မရ။ သတင်း ရဖို့ ဆိုလျှင် အသဲအမဲ။

ဘန်မှာ အသက် ၄၂ နှစ် ရှိပြီ ဖြစ်ပြီး လွန်ခဲ့သည့် လေးနှစ်ကမှ စစ်ထဲမှ ထွက်လာခဲ့ခြင်း ဖြစ်သည်။ သူက နေဗီဆီးလ် တပ်ဖွဲ့ဝင် ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း သူသည် အဲလစ္စ လိုက်သည့် သတင်း အတွက် သင့်တော်ပြီး ထိုသို့ လိုက်ရန်လည်း သူ လက်ခံခဲ့ခြင်း ဖြစ်သည်။ အခြား ကင်မရာသမားများကတော့ ထိုသို့ မလိုက်ချင်ကြ။ သူမမှာ ကျန်းမာ ကြံ့ခိုင်သည်။ ဇွဲကြီးသည်။ လေးစားလောက်သည်။ သတ္တိ ရှိပြီး ဘာကိုမျှ မကြောက်တတ်။ တော်လည်း တော်သည်။ သူမ၏ သတင်း ရေးသားမှုမှာ အပြစ် ဆိုစရာ မရှိသလို ဘန်ကလည်း သူ့လက်ထဲမှ ကင်မရာဖြင့် ရိုက်လိုက်သည့် သတင်း ဓာတ်ပုံများမှာ သူမ၏ သတင်းများနှင့် အံဝင်ခွင်ကျ ဖြစ်သည်။ ထို့ကြောင့် သူတို့၏ ထုတ်လုပ်သူများနှင့် ပရိသတ်ကပါ သူတို့ကို သဘောကျကြသည်။ သူတို့ နှစ်ယောက်မှာ အတွဲ ညီကာ တစ်ယောက်ကို တစ်ယောက် အားဖြည့်နိုင်သူများ ဖြစ်ကြသည်။ နက်နဲသော သတင်းများ လိုက်ရာတွင် အရည်အချင်း ပြည့်ဝသူများ အဖြစ်လည်း ကျော်ကြားကြသည်။

သူတို့ နှစ်ယောက်မှာ အရှေ့ အလယ်ပိုင်း တစ်လျှောက်လည်း အတူ သွားခဲ့ကြသည်။ တောင်အမေရိကနှင့် အာဖရိကတိုက်များတွင် စစ်ရေး အခြေအနေများ၊ ပြည်တွင်းစစ်များကို သတင်း သွားယူခဲ့ကြသည်။ သဘာဝ ဘေးအန္တရာယ်များ၊ အာဏာ သိမ်းမှုများနှင့် အမေရိကန် ပြည်တွင်း နိုင်ငံရေး အခြေအနေများကိုလည်း သတင်း ယူခဲ့ကြသည်။ အခက်အခဲ မှန်သမျှကို ရင်ဆိုင်ကာ ဘန်၏ ဓာတ်ပုံများ၊ အဲလစ္စ၏ စကားလုံးများဖြင့် သတင်းများကို တီဗီ မှန်သားပြင်ပေါ်တွင် ဝေဝေဆာဆာ တင်ပြနိုင်ခဲ့ကြသည်။ အဲလစ္စသည် ကမ္ဘာ့ ပြဿနာတက်သည့် နေရာတိုင်းကို သွားကာ အလာဘားမား ပြည်နယ် အဓိကရုဏ်းတုန်းကကဲ့သို့ မိမိတို့ နှစ်ယောက်၏ အသက်ကို ပဓာန မထားဘဲ သတင်း ယူတတ်သည်ဟု ဘန်က သူမကို စတတ်သည်။

သူတို့ အကာအကွယ် ယူပြီး ခဏ အကြာတွင် ပေါက်ကွဲသံ တစ်ခု ကြားလိုက်ရသည်။ အဲလစ္စက ပုန်းနေရာမှ ပြန် ပြေးထွက်သွားရာ ဘန်မှာ အချိန်မီ မတားလိုက်နိုင်သဖြင့် နောက်မှ လိုက်သွားရသည်။ သူသည်လည်း သူမကဲ့သို့ပင် စိတ်အား ထက်သန်သည် မှန်သော်လည်း သူမကို ကာကွယ်ရန်လည်း တာဝန် ရှိနေပြန်သည်။ ဤသည်ကို သူမကတော့ ဂရုမစိုက်။

mgyoe.com

mgyoe.com
SAMPLE BOOK

'ခင်ဗျား ပြန်သွားချင်တယ် ဆိုရင်လည်း ပြန်သွားသင့် မသင့် ကျူပ်ကို မေးပါဦးတော့ဗျာ'

သူမကို လိုက်မိတော့ ဘန်က ပြောလိုက်ခြင်း ဖြစ်သည်။

သူတို့ နှစ်ယောက်စလုံး ပင်ပန်းနေကြသည်။ ရက်ပေါင်း များစွာ အတွင်း နာရီ အနည်းငယ်မျှသာ အိပ်စက်ခဲ့ရသေးသည်။

'မေးမနေနိုင်ဘူး' အဲလစ္စက သူ့ကို ပြုံး၍ ပြန်ပြောရင်း အဓိကရဏ်း ရဲများအား တပ်ကူ အဖြစ် ရောက်လာသည့် တပ်ဖွဲ့များ ဘေးမှ ကပ်လိုက်သွားသည်။ အန္တရာယ် ရှိသည် မှန်သော်လည်း သူမနှင့် တွဲဖက် လုပ်ကိုင်ရသည်ကို ဘန် သဘောကျသည်။ သူတို့သည် တိုက်ပွဲတွင် အတူ တွဲတိုက်၊ ရာဇဝတ်မှု တွင်လည်း အတူ တွဲလုပ်နေကြသူများတည်း။

ဘန်က အရပ် ခြောက်ပေ ငါးလက်မ ရှိကာ ရင်အုပ် ကျယ်ကျယ်နှင့် ခန္ဓာကိုယ် အချိုးအစား ကျနသူ ဖြစ်သည်။

အဲလစ္စကတော့ သူ့ထက် တစ်ပေ နိမ့်ကာ အားကစားသမား တစ်ယောက် ကဲ့သို့ ခန္ဓာကိုယ် ကျစ်လျစ်ပြီး ဘန်ကဲ့သို့ပင် ကြွဲခိုင် မာကျောသော ရွှေရောင် ဆံပင်နှင့် မိန်းကလေး ဖြစ်သည်။

သူမက နယူးယောက် မြို့သို့ ပြန်ရောက်လျှင် နေ့စဉ် ဂျင်မ် (အားကစား ရုံ) တွင် ကစားသည်။ သူမက လက်ဝှေ့လည်း ထိုးသည်။ သို့သော် နေဗီ ဆီးလ် အဖွဲ့ထဲတွင် နှစ်နှစ်ဆယ် လုပ်လာခဲ့သည့် ဘန်မှာ သူမထက်တော့ ပိုမို အားကောင်းမောင်းသန် ဖြစ်သည်။ သူမမှာ ရေမိုး သန့်စင်လိုက်လျှင် မိန်းမချော တစ်ယောက် ဖြစ်သည်။ သို့သော် ဝတ်စုံကြမ်းနှင့် ပေပေရေရေ နေရသည်ကို သူမက ပိုကြိုက်သည်။ သူမ အလုပ် လုပ်နေစဉ် မည်သည့်ပုံ ပေါက်ပေါက် သူမ ဂရုမစိုက်။ ဘာပဲ ဖြစ်နေနေ သတင်း ရဖို့ကသာ သူမ အတွက် အရေး ကြီးသည်။

အဓိကရဏ်းမှာ နံနက် ခုနစ် နာရီတွင် လုယက် ရမ်းကားသူများအား ဖမ်းဆီးကာ ထောင်သို့ ပို့လိုက်တော့မှ အဆုံးသတ်တော့သည်။

မီးတွေ ဆက်လက် လောင်ကျွမ်းနေကြပြီး ရက်ပေါင်း များစွာ မငြိမ်း သတ်ဘဲ ထားကြသည်။ စက်ရုံများ ပေါသော ထိုမြို့ငယ်လေးကို စစ်တပ်က ထိန်းချုပ်ထားဆဲ အချိန်တွင် ဘန်နှင့် အဲလစ္စတို့မှာ သူတို့ ငှားထားသည့် ကား ဖြင့် မိုင်ငါးဆယ် အကွာရှိ လေဆိပ်သို့ သွားကာ လေယာဉ်ဖြင့် နယူးယောက် သို့ ပြန်လာခဲ့ကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သူတို့ ထွက်ခွာလာခဲ့သည့် မြို့ကလေးမှာ စက်ရုံများ ပိတ်လိုက်သဖြင့် ပျက်လုမတတ် ဖြစ်နေသည်။ မြို့ခံများမှာ အလုပ်လက်မဲ့ ဖြစ်ကာ လူမှု အကူအညီများပင် ပေးနေရသည်။ အချို့ ဆိုလျှင် အိမ်ပင် မရှိကြတော့။ ယင်းမှာ စိတ်မကောင်းစရာပင်။ လူထုကို ထိရောက်စွာ အကူအညီ မပေးခြင်း၊ အဓိကရုဏ်း မဖြစ်ရန် ကြိုတင် စီစဉ်မထားခြင်းတို့ကြောင့် ဒေသ အာဏာပိုင်များအား အဲလစ္စက သူမ သတင်းထဲတွင် ထည့်သွင်း အပြစ်တင်သွားသည်။ မြို့တော်ဝန်မှာလည်း အကျင့်ပျက် လာဘ်စားသည်ဟု ဆိုနေကြသည်။ ထိုသည်ကို သူမက သတင်းထဲတွင် အရိပ်အမြွက်လောက်သာ ဖော်ပြခဲ့သည်။ မြို့မှာလည်း ချွတ်ချုံကျနေလေပြီ။ အဓိကရုဏ်းတွေ စဖြစ်သည့် နံနက်မှာပင် ထိုမြို့အား ဘေးအန္တရာယ် ကျရောက်ရာ ဒေသ အဖြစ် ကြေညာထားသည်။

သူမ နယူးယောက်ကို ပြန်ရောက်တော့ ထိုအကြောင်းကို တစိမ့်စိမ့် တွေးနေမိသည်။ အမေရိကန် ပြည်ထောင်စုတွင် ထိုမျှလောက် အလွန်အမင်း ဆင်းရဲနေသည်မျိုး ရှိမည်ပင် မထင်ခဲ့။ သို့သော် ယခင်ကလည်း တွေ့တော့ တွေ့ဖူးခဲ့သည်။ အတော် ငယ်သည့် ကလေးများ ဖိနပ် မပါ၊ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် တွေ့ရတော့ သူမ ရင်နာရသည်။ သူတို့တွင် နေစရာ အိမ်ပင် မရှိကြ။

'သူတို့ အခု ဘာလုပ်ကြမလဲ' အဲလစ္စ တီးတိုးကလေး ပြောကာ ဘန်ကို လှည့်ကြည့်သည်။

ထိုစဉ် လေယာဉ် အမှုထမ်းက အထက်တန်း အခန်း အတွက် နေ့လယ်စာ လာပို့သည်။ အလုပ်က ပင်ပန်းသဖြင့် သူတို့ ဘယ်သွားသွား အထက်တန်း အခန်းမှ သွားရန် ဌာနက ခွင့်ပြုထားသည်။ သူတို့ နှစ်ယောက် သည်အလုပ်ကို တွယ်တာနေရသည်မှာလည်း ထိုအချက် တစ်ချက် ပါသည်။

'အလုပ်လက်မဲ့ ဖြစ်ပေါ့၊ ဒါမှ မဟုတ်လည်း ဖြစ်နိုင်ရင် တခြား ပြောင်းပေါ့' ဘန်က ပြန်ပြောလိုက်သည်။

တစ်ကမ္ဘာလုံးတွင် သူတို့ သတင်း လိုက်ရင်း သည့်ထက် ဆိုးသည်များကို မြင်ခဲ့ဖူးသော်လည်း ယခု တွေ့ခဲ့ရသည့် ဆင်းရဲမွဲတေမှုကြောင့် သူလည်း စိတ်ဆင်းရဲခဲ့ရသည်။ နောက်ထပ် တာဝန်ကြီး တစ်ရပ် အိမ်တွင် အသင့် စောင့်မနေ ဟူသော အသိကြောင့် စိတ်ချမ်းသာရသော်လည်း မကြာမီ ရက်ပိုင်းအတွင်း လမ်းပေါ် ပြန်ထွက်ရလိမ့်မည်ဟု ဘန် သိနေသည်။ သူတို့ နှစ်ယောက် သည်အတိုင်းပဲလေ။ တစ်နေရာရာတွင် ဆိုးဆိုးရွားရွား တစ်ခုခု ဖြစ်ဦးမည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုနေရာသို့ သူတို့ကို လွှတ်ဦးမည်မှာ သေချာသည်။ သူ စစ်ထဲတွင် နေစဉ်က ထိုသို့ မဟုတ်။ ထိုစဉ်က ပြည်သူတွေကို အကာအကွယ် ပေးရသည်။ ထိုမှ တစ်ပါး ကိုယ့်မူနှင့်ကိုယ် နေရုံပင်။

အဲလစ္စကမူ ကိုယ်ပိုင် အရည်အသွေး၊ ရိုးဖြောင့် ပြတ်သားရဲခြင်းတို့ဖြင့် ယခု ကဲ့သို့ ဖြစ်လာခြင်း ဖြစ်သည်။ သူမ၏ ဖခင်မှာ ကျော်ကြားသော ဗြိတိသျှ သတင်းစာဆရာ တစ်ဦး ဖြစ်သည်။ သူမ ကလေး အရွယ်မှာပင် ဖခင်မှာ အိုင်ယာလန်၌ သတင်း လိုက်နေစဉ် ဗုံးပေါက်သဖြင့် သေဆုံးခဲ့ရသည်။ ဖခင်ကို သူမ ဝိုးတဝါးသာ မှတ်မိသည်။ သို့သော် သူမ သိထားသမျှ ဖခင်မှာ အလွန် တော်သူ တစ်ယောက် ဖြစ်သည်။ မိခင် အစ္စဘဲလ်မှာ ပြင်သစ် လူမျိုး ဖြစ်သည်။

အဲလစ္စမှာ လန်ဒန် မြို့တွင် ကြီးပြင်းခဲ့ပြီး တက္ကသိုလ်ကို အမေရိကန်တွင် တက်ခဲ့သည်။ သူမ အမေရိကန်တွင် အခြေချကာ ရုပ်သံ လုပ်ငန်းကြီး တစ်ခုတွင် အလုပ် လုပ်မည်ဟု ဆုံးဖြတ်လိုက်သော အခါ မိခင်သည် သူမ၏ ဇာတိ ဖြစ်သည့် ပြင်သစ် နိုင်ငံ ပရောဗင့်စ်မြို့သို့ ပြောင်းရွှေ့သွားတော့သည်။

မိခင်မှာ မိခင်ကောင်း တစ်ယောက် ဖြစ်သည်။ အဲလစ္စ လုပ်ချင်ရာလုပ် ဝင်ပြောလေ့ မရှိ။ အဲလစ္စမှာ မိခင်ကို အရမ်း ချစ်သည်။ အားတိုင်းလည်း မိခင်ထံ သွားရောက်ခဲ့သည်။ သို့သော် အားသည်ကလည်း ရှားရှားပါးပါး။

အဲလစ္စ ကောလိပ် တက်နေစဉ် ကာလမှာ ပရမ်းပတာနိုင်သည်။ ဒုတိယ နှစ်မှာပင် ရည်းစားထားကာ နောက်တစ်နှစ်တွင် သမီးကလေး မွေးတော့သည်။ ကလေး၏ ဖခင်မှာ သူမထက် တစ်နှစ် ငယ်သည်။ ချစ်စဖွယ် လူငယ် တစ်ယောက် ဖြစ်ပြီး အဲလစ္စကို တကယ်ပင် ချစ်ရှာသည်။ သူ့မိဘများ မလိုလား သည့် ကြားက အဲလစ္စက ကလေးကို မွေးမည် ဆိုသော အခါ သူ လိုက်လျော ခဲ့သည်။ သူတို့ မိသားစုမှာ ဘဏ်လုပ်ငန်းရှင် မျိုးရိုးမှ ဆင်းသက်ကာ လူအေး များ ဖြစ်သည်။

သူ့မိဘများက သူတို့သားကို ဉာဏ်ကောင်းသူ တစ်ယောက် ဖြစ်ဖို့ မမျှော်မှန်းခဲ့။ လန်ဒန် မြို့မှ သာမန် မိသားစုမှ ဆင်းသက်သည့် မထင်မရှား မိန်းကလေး တစ်ယောက်နှင့် လက်ထပ်မည်လည်း မထင်ကြ။ အဲလစ္စ သူမ ဖခင် ခြေရာကို နင်းရန် ကြိုးစားနေသည်ကိုလည်း သူတို့ အထင်မကြီး။ ထိုသည့်


mgyoe.com

mgyoe.com
SAMPLE BOOK

ကို သူမ၏ ချစ်သူ ဝပ်ကတော့ လေးစားသည်။ မည်သို့ပင် ဖြစ်စေ သမီးလေး ဖေးကို မမွေးမီ တစ်နှစ် အလိုတွင် သူတို့ လက်ထပ်လိုက်ကြသည်။

မွေးရသည်မှာ အခက်အခဲ မရှိ။ သို့သော် ကျန်သည်များကတော့ အခက်အခဲ ရှိသည်။ ဝပ်၏ မိဘများက ဝပ်ကို အမွေ ဖြတ်လိုက်သည်။ အဲလစ္စ၏ မိခင် အစ္စဘဲလ်ကတော့ လန်ဒန်မှ လာကာ ကလေးကို စောင့်ရှောက်ပေးသည်။ သူမကလည်း အဲလစ္စ ထိုသို့ လက်ထပ်လိုက်သည်ကို ဘဝင်မကျ။ သို့သော် လူငယ်တွေပဲလေဟုသာ သဘောထားလိုက်သည်။

နောက်သုံးလ အကြာတွင် မမျှော်လင့်သော အဖြစ်အပျက် တစ်ခု ဖြစ်သွားခဲ့သည်။ ဝပ်မှာ သူငယ်ချင်းတွေနှင့် အပျော် ခရီး ထွက်ရင်း သင်္ဘော မှောက်ကာ သေဆုံးခဲ့သည်။ သို့ဖြင့် အဲလစ္စမှာ အသက် နှစ်ဆယ် အရွယ်တွင် သုံးလ သမီးကလေးနှင့် မုဆိုးမ ဘဝ ရောက်ခဲ့ရတော့သည်။ အဲလစ္စနှင့် သူမ မိခင်တို့ ပူဆွေး သောက ဗျာပါဒနှင့် ဘော်စတွန် မြို့တွင် လုပ်သည့် အသုဘ အခမ်းအနားသို့ သွားတက်သော အခါ ဝပ်၏ မိဘများက သူတို့ သားတွင် အိမ်ထောင် ရှိကြောင်း၊ သမီးကလေးပင် ရနေပြီ ဖြစ်ကြောင်းတို့ကို မပြောဘဲ ဖုံးဖိထားသည်။ ထို့ကြောင့် အဲလစ္စတို့ သားအမိမှာ ထိုပွဲတွင် သူစိမ်းများပမာ ဆက်ဆံခံခဲ့ရသည်။

အသုဘ အခမ်းအနား အပြီး နောက်နေ့တွင် ဝပ်၏ ဖခင်နှင့် တွေ့ကြ တော့လည်း ဖခင်က အဲလစ္စကိုရော သူတို့ မြေးမကိုရော နောက်ထပ် မတွေ့လို ဟု ပြောလိုက်သည်။ အဲလစ္စကို သူတို့သား လူငယ် သဘာဝ မှားယွင်းကာ ယူမိသော မိန်းမ အဖြစ်သာ သဘောထားသည်။ ထို့ကြောင့် မိခင်ကိုရော ကလေးကိုပါ သူတို့ သံယောဇဉ် မရှိ။ မွေးခါစ သူတို့ မြေးကလေးကို သူတို့ ကြည့်ပင် မကြည့်ကြ။

အဲလစ္စ လန်ဒန်သို့ မိခင်နှင့် ပြန်လိုက်သွားသည်။ တစ်လခန့် မျက်ရည် စက်လက်နှင့် တိုင်ပင်ကြပြီးနောက် မိခင်က အဲလစ္စအား ကျောင်းပြီးအောင် ပြန်တက်ခိုင်းသည်။ ကလေးကို သူမနှင့် ထားခဲ့ဟုလည်း ဆိုသည်။ အဲလစ္စ ရင်နှင့်အောင် ခံစားရသည်မှာ လေယာဉ်ပေါ် တက်သည် အထိပင်။ ကျောင်း ကို ရောက်သွားတော့ ဆုံးဖြတ်ချက် မှန်ကန်ကြောင်း သိလာရသည်။ အမေ သည် အမြော်အမြင် ကြီးပါပေ၏။

နောက်နှစ်တွင် အမှတ် ထိပ်ဆုံး နီးပါးဖြင့် အဲလစ္စ အောင်ခဲ့သည်။ ဂုဏ်ထူးဖြင့် အောင်သူ အဖို့ နယူးယောက် မြို့၏ ရုပ်သံ သတင်း လောကတွင်

mgyoe.com

mgyoe.com
SAMPLE BOOK

အလုပ် မရှား။ သူမ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေရပေပြီ။ အချိန်ရတိုင်းလည်း မိခင်နှင့် သမီး ရှိရာသို့ ပြန်သွားခဲ့သည်။ သို့သော် သူမမှာ ဖုတ်ပူမီးတိုက် လုပ်ရသည့် အလုပ်တွင် နှစ်ပေါင်း များစွာ နစ်နေခဲ့ရသည်။

မိခင် အစ္စဘဲလ်မှာ ပြင်သစ် နိုင်ငံ ပရောဗင့်စ် မြို့သို့ ပြန်ပြောင်းသွားသည်။ မြေးမ ဖေးကိုလည်း သူမနှင့် အတူ ခေါ်သွားသည်။ အဲလစ္စမှာကတော့ နိုင်းသမ္ဘု တာဝန်ကို မငြင်းတမ်း လက်ခံ လုပ်ကိုင်နေသည်။ သမီး ဖေးမှာမူ အဘွားနှင့် ကောင်းစွာ ကြီးပြင်းနေသည်။

အဲလစ္စက သမီးအား နယူးယောက်တွင် ခေါ်ထားရန် ဆုံးဖြတ်သည့် အချိန်တွင် ဖေးမှာ ငါးနှစ် သမီး ဖြစ်နေပေပြီ။ ထိုသို့ ခေါ်ထားရန် ဆိုသည်မှာလည်း တကယ်တော့ မလွယ်လှ။ သို့သော် သမီးကို ခေါ်ထားလိုသည် ဖြစ်၍ ဖြစ်သမျှ ရင်ဆိုင်ရန် အဲလစ္စ ပြင်ထားသည်။

သို့ဖြင့် ခေါ်ထားဖြစ်ခဲ့သည်။ နွေရာသီတွင် ဖေးက ပြင်သစ်တွင် အဘွားနှင့် နေပြီး ကျန်အချိန်တွင် နယူးယောက်၌ ရှိစဉ် အဲလစ္စ ခရီး ထွက်လျှင် သူမကို ကလေးထိန်း ခေါ်ထားပေးသည်။

အဲလစ္စတို့ သားအမိမှာ ဖခင် မရှိဘဲ ကြီးပြင်းရသည်ချင်း တူသည်။ ဖေးမှာ ရုပ်မြင်သံကြား သတင်းများကို ကြည့်ကာ တာဝန်ဖြင့် သတင်း သွားယူသည့် မိခင်ကို စိတ်မချ ဖြစ်နေသည်။ အဲလစ္စ၏ မိခင်ကမူ အဲလစ္စ လုပ်သမျှ ဝင်မတား။ သို့သော် ဖေးကမူ မိခင်အား တာဝန်မဲ့သည်၊ မိမိကိုယ်ကို အသေခံချင်နေသည်ဟု အမြဲ စွပ်စွဲတတ်သည်။

'သမီးမှာ အဖေ ရှိတာ မဟုတ်ဘူး၊ အမေ တစ်ခုခု ဖြစ်သွားရင် သမီး ဘယ်လို လုပ်မလဲ' ကလေးက ဒေါသတကြီး ဆိုသည်။

'သမီး မာမီဆီ သွားနေပေါ့' သူမက ပြင်သစ်ရှိ သူမ မိခင်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

ဖေး၏ ဖခင်ဘက်မှ အဘိုး၊ အဘွားတွေကတော့ လုံးဝ မဆက်သွယ်ကြ။ အဲလစ္စက သူတို့ နောင်တစ်ချိန် ဆက်သွယ်လာကြလိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် မဆက်သွယ်ကြ။ သွားလေသူ သူတို့ သား၏ တစ်ဦးတည်းသော သမီးကလေးအား သူတို့ ပစ်ထားသည့် အတွက် အဲလစ္စ စိတ်မကောင်း။

'ဒါနှင့် ပြီးရောလား၊ သမီးမှာ မာမီ အပြင် အမေပါ ရှိဖို့ လိုတယ်' မိခင်၏ အန္တရာယ် များသော အလုပ်နှင့် ပတ်သက်၍ ပြောရင်း ဖေး ထိုသို့ ဒေါသတကြီး ပြောတတ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

တကယ်တော့ အဲလစ္စနှင့် ဖေးတို့မှာ တစ်ယောက် မရှိလျှင် တစ်ယောက် မဖြစ်ကြ။ သို့သော် အဲလစ္စက လက်ရှိ အလုပ်ကိုလည်း ခင်တွယ်နေသည်။ ဖေး ကောလိပ် တက်တော့ အဲလစ္စမှာ ပိုကြမ်း၊ ပိုကြာ၊ ပိုအန္တရာယ် များသည့် တာဝန်များကို လက်ခံ လုပ်ကိုင်တော့သည်။ ထိုအလုပ်များတွင် သူမ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားသည်။ သူမ အတွက် ဖေးမှာ ဂုဏ်ယူရသည်။ သို့သော် စိတ်လည်း ညစ်ရသည်။ ထို့အတွက် သားအမိ နှစ်ယောက်ကြား အမြဲ စစ်ဖြစ်နေရသည်။

ဂျူမြို့တွင် တက္ကသိုလ် ဒုတိယနှစ် ရောက်တော့ ဖေးမှာ ၁၉ နှစ် ရှိနေပေပြီ။ စစ်၊ ပုန်ကန်မှု၊ အကြမ်းဖက် တိုက်ခိုက်မှု စသည်တို့ ဖြစ်ပြီ ဆိုလျှင် မိခင် ထိုနေရာသို့ ရောက်နေပြီ ဖြစ်ကြောင်းလည်း သူမ သိနေသည်။ မီးကို တိုးသော ပိုးဖလံ ပမာတည်း။ မိခင် လုပ်သည့် ရုပ်သံ လုပ်ငန်းကလည်း ခိုင်းသည့် နေရာကို သွားကာ လိုလိုလားလား လုပ်သည့် အတွက် စိတ်ချနေရသည်။ အဲလစ္စ အကြောင်းကို သိသော လူများက အဲလစ္စကို ထိုသို့ မလုပ်ရန် မည်သို့မျှ တား၍ မရကြောင်း သိနေကြသည်။ ကမ္ဘာ့ တစ်နေရာရာတွင် ပြဿနာ တစ်ခု ဖြစ်ပြီ ဆိုလျှင် အဲလစ္စ ထိုနေရာသို့ ရောက်နေပေပြီ။ ယခုလည်း ထို အတိုင်းပင်။

ဖေးမှာလည်း သူမ ကြီးပြင်းလာရသည့် ပုံစံ အရ လွတ်လပ်မှုကို ကြိုက်သည်။ မိခင်လိုပင် ဆုံးဖြတ်ချက် ခိုင်မာသည်။ ကောလိပ်ကျောင်း ပြီးလျှင် သူမ ဥပဒေကျောင်း တက်လိုသည်။ အဲလစ္စကလည်း ထားပေးမည် ဖြစ်သည်။ ယခု သူမ ထားပေးနိုင်သည့် အခြေအနေလည်း ရှိနေပေပြီ။ ရုပ်သံ လုပ်ငန်းကြီး တစ်ခုတွင် ထိပ်တန်း သတင်းထောက် ဖြစ်သဖြင့် လစာလည်း ကောင်းသည်။ သို့သော် သူမ လုပ်နေသည်မှာ ငွေအတွက် လုပ်နေသည် မဟုတ်။ သည်အလုပ်ကို သူမ မြတ်နိုးနေခြင်း ဖြစ်သည်။ ခိုင်းသမျှ အလုပ်တွေမှာလည်း သူမ အတွက် အသစ်အဆန်းတွေ၊ ပျော်စရာတွေချည်း ဖြစ်နေသည်။ သူမ ဖခင်လိုပင် ဂျာနယ်လစ် အလုပ်မှာ သူမ၏ အသွေးအသား ဖြစ်နေသည်။ သူမ အဖြစ်ချင်ဆုံးမှာ စစ်သတင်းထောက် ဖြစ်၏။ သည်နေရာတွင် သူမက ဘန်နှင့် သွားတူသည်။ ထို့ကြောင့်လည်း ဌာန၏ အခက်ခဲဆုံး တာဝန်တွေကို သူတို့ နှစ်ယောက် တွဲလုပ်၍ ရနိုင်ခြင်း ဖြစ်သည်။

အဲလစ္စက သူမ၏ ကိုယ်ရေးကိုယ်တာ၊ သူမ၏ နောက်ကြောင်းများကို ပြောပြလေ့ မရှိ။ သူတို့ အလုပ် တွဲလုပ်၍ တစ်နှစ် ကြာတော့မှ သူမတွင်


mgyoe.com

mgyoe.com SAMPLE BOOK

ကလေး တစ်ယောက် ရှိကြောင်း သိရသဖြင့် ဘန် အံ့သြခဲ့ရသည်။ အလုပ်တွင် အသက်ကို ပဓာန မထားဘဲ လုပ်နေသည် ဖြစ်၍ သူမတွင် မိသားစု ရှိမည်ဟု ထင်စရာ မရှိ။ တကယ်တော့ သူမကလည်း မိသားစု သိပ်ရှိလှသည် မဟုတ်။ သူမ အတွက် ဖေးနှင့် ပြင်သစ်တွင် ရှိသော မိခင်တို့သာ ရှိသည်။ သည်နေရာတွင်လည်း သူမမှာ ဘန်နှင့် တူသွားပြန်သည်။

ဘန်မှာ ကလေး မရှိသော တစ်ခုလပ် ဖြစ်သည်။ သူ့တွင် မိဘလည်း ရှိပြီး ညီအစ်ကို သုံးယောက်လည်း ရှိကြောင်းတော့ အဲလစ္စ သိထားသည်။ ထိုလူများမှာ အနောက် အလယ်ပိုင်းတွင် နေကြပြီး ထိုလူတွေနှင့်လည်း ဘန် သိပ်မတွေ့ဖြစ်။ သူ့တွင် တူတွေ၊ တူမတွေလည်း ရှိသည်။ သူတို့ကိုလည်း ဘန် သိပ်မတွေ့ဖူးခဲ့။ ဘန်နှင့် သူ့ မိသားစုမှာ စိတ်သဘော မတိုက်ဆိုင်ဟုလည်း သူက ဆိုသည်။ သူ အိမ်မှ ထွက်သွားကာ ဆီးလ် တပ်ဖွဲ့ထဲ ဝင်သွားသည်မှာ အဓိပ္ပာယ် မရှိ လုပ်ခြင်းဟု အိမ်သားတွေက မြင်သည်။ စစ်တပ်သည် နှစ်ပေါင်း များစွာ သူ့မိသားစု ဖြစ်ခဲ့ရသည်ဟု ဘန်က ပြောပြသည်။ သူ့စိတ်ထားက မြင့်မြတ်သည်။ သူက သူ့ ပတ်ဝန်းကျင်မှ လူများကို အကာအကွယ် ပေးတတ်သည်။ သို့သော် သူ့တွင် နီးနီးကပ်ကပ် သံယောဇဉ် ရှိသူဟူ၍ အဲလစ္စ မသိမိ။ ဆီးလ် တပ်ဖွဲ့ထဲမှ အဘယ်ကြောင့် ထွက်ခဲ့သနည်းဟု မေးသော အခါတွင်မူ သူက 'ထွက်ချိန်တန်လို့ပါ' ဟုသာ ဖြေသည်။ ထိုအကြောင်းကို ပြောချင်ပုံလည်း မရ။

အဲလစ္စလိုပင် ဘန်သည်လည်း သီးခြားဆန်ဆန် နေတတ်သည်။ သည်လိုနှင့် နှစ်ယောက်သား အတူ တွဲကာ အလုပ် လုပ်ဖြစ်ခဲ့ရသည်။ ကမ္ဘာတွင် နိုင်ငံတော် ပုန်ကန်မှုတွေ၊ သစ္စာဖောက်မှုတွေ၊ ရာဇဝတ်မှုတွေကို ရုပ်သံ ပရိသတ်ထံ အရောက် အရှိ အတိုင်း တင်ပြနိုင်ခဲ့ကြသည်။

ထို့ပြင် အဲလစ္စသည် မတရားမှု၊ လူသားများ အပေါ် မမှန်မကန် လုပ်မှုများကို မည်သို့ပင် စွန့်စားရသည် ဖြစ်စေ ဖော်ထုတ်ချင်သော ဆန္ဒ ရှိသည်။ ဘန်လည်း ထိုအတိုင်းပင်။

'ဖေးကို ဖုန်းဆက်ဖို့ရော ခင်ဗျား အချိန် ရသေးရဲ့လား' နယူးယောက်သို့ လေယာဉ်ဖြင့် ပြန်လာကြစဉ် ဘန်က မေးလိုက်ခြင်း ဖြစ်သည်။

ဖေး အကြောင်းကို သူ ကြားချင်နေ၏။ ဖေးမှာ မိခင်ကဲ့သို့ ဉာဏ်ကောင်းပြီး စိတ်ဝင်စားစရာ ကောင်းမည့် မိန်းကလေး ဖြစ်မည်ဟုလည်း သူ ထင်သည်။ သူမ မိခင်လိုပင် မိမိ ယုံကြည်ချက် အတိုင်း ရပ်တည် လုပ်ကိုင်မည့် မိန်းမမျိုး။


mgyoe.com

mgyoe.com
SAMPLE BOOK

ဘန် အိမ်မှ ထွက်လာသည်မှာ နှစ်ပေါင်း နှစ်ဆယ်ခန့် ရှိပေပြီ။ သူက သူ့ဇနီးဟောင်း အကြောင်းကိုလည်း ပြောလေ့ မရှိ။ သူ မပြောချင်၍ဟု ထင်သဖြင့် အဲလစ္စကလည်း မမေး။ သူတို့ နှစ်ယောက်စလုံး ကိုယ့်လျှို့ဝှက်ချက်နှင့် ကိုယ် နေနေကြသည်။ နှစ်ယောက်သားမှာ လုပ်ဖော်ကိုင်ဖက်များသာ ဖြစ်သည်။ ချစ်သူများ မဟုတ်ကြ။ အလုပ် ကြိုးစားသော မိတ်ဆွေများလည်း ဖြစ်လာကြသည်။

'ဆက်ပါတယ်' အဲလစ္စက ဖေးထံ အလာဘားမားမှ နေ၍ ဖုန်းဆက်ကြောင်း ဆိုလိုခြင်း ဖြစ်၏။ မည်သည့် နေရာ ရောက်ရောက် သူမ ဖေးထံ ဖုန်းဆက်မြဲ။

'သူ အဆင်ပြေရဲ့လား' ဘန်က မေးသည်။

'ထုံးစံ အတိုင်း ဂဂျီဂဂျောင်ပေါ့' အဲလစ္စက ပြုံးစနဲ့နဲ့ဖြင့် ပြောသည်။

အဲလစ္စ အန္တရာယ် ရှိသော နေရာများတွင် သတင်း သွားယူသည်များကို ဖေးက မကျေမနပ် ဖြစ်နေဆဲ။ ယခု ခရီးတွင်လည်း ထိုအတိုင်းပင်။

'သူက ကျွန်မကို မုန့်ဖုတ် ပြိုင်ပွဲတို့၊ ခွေးပြပွဲတို့၊ တောရွာ ပွဲလမ်းသဘင်တို့လို သတင်းတွေကိုပဲ လိုက်စေချင်တာ'

ထိုစကားကြောင့် ဘန်က ရယ်သည်။ ဖေးက သူမနှင့် ပြင်သစ်ရှိ သူမ အဘွားတို့ နှစ်ယောက်သာ ရှိကြောင်း မိခင်အား အမြဲ သတိပေးသည်။ မိခင်မှာ တစ်ကိုယ်ကောင်း ဆန်သည်ဟုလည်း အမြဲ စွပ်စွဲသည်။

ထိုသို့ မကြာခဏ သတိပေးမှုကြောင့် အဲလစ္စက အသက် အာမခံကို အတော်များများ ထားလိုက်သည်။ သူမ ဖခင် ထိုသို့ ထားခဲ့သဖြင့်လည်း သူမ ကျောင်းကို ကောင်းစွာ တက်နိုင်ခဲ့သည့်ပြင် သူမ မိခင်လည်း မတောင့်မတ နေနိုင်ခဲ့သည်။ သို့သော် ထိုသည်မှာ လုံလောက်မှု ရှိပြီဟုတော့ သူမ မဆိုချင်။ ထိုသည်မှာ တစ်ဦးတည်းသော မိခင် အတွက် အလေးအနက် စဉ်းစားစေနိုင်သည့် အရေးအတွက်တော့ မဟုတ်သေး။ သူမ လက်ရှိ အလုပ်ကို စွန့်လွှတ်ကာ ဘဝကို ပြောင်းလဲနိုင်လောက်သည့် ငွေ အရေအတွက်လည်း မဟုတ်သေးပေ။ ထိုမျှလောက် အထိတော့ သူမ မလုပ်ချင်သေး။ သို့တစေ ဖေး ပြောလာတိုင်း မိမိတွင် အပြစ် ရှိသလိုတော့ ခံစားမိသည်။

အဲလစ္စနှင့် ဘန်တို့ စားရင်းသောက်ရင်း ရောက်တတ်ရာရာ ပြောခဲ့ကြသည်။ ထို့နောက် ဘန်က အိုင်ပက်တွင် နားကြပ် တပ်ကာ ရုပ်ရှင် ကြည့်သည်။ အဲလစ္စကမူ လေယာဉ် ထိုင်ခုံကို နောက်လှန်ကာ စောင်ခြုံ၍ အိပ်တော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျွန် အက်ဖ် ကနေဒီ (ဂျေအက်ဖ်ကေ) လေဆိပ်နှင့် နီးလာတော့ ဘန်က အဲလစ္စကို နှိုးလိုက်သည်။ သူမသည် ကတုတ်ကျင်းထဲမှာပင် ငုတ်တုတ် အိပ်နိုင်သည်ဟု ဘန် ပြောလေ့ ရှိသည်။ သူမ နိုးပြီး ထိုင်ခုံကို ပြန်မတ်လိုက်သည်တွင် လေယာဉ်မှာ ပြေးလမ်းပေါ်သို့ ဆင်းသက်မိလေပြီ။

အဲလစ္စ အတော်လေး လန်းဆန်းသွားသည်။

'ခင်ဗျား တိုက်ခန်းကို ခင်ဗျား ပြန်မှာလား' ပစ္စည်းတွေ သိမ်းကြရင်း ဘန်က မေးသည်။

အဲလစ္စမှာ စစ်တပ်သုံး တိုက်ခိုက်ရေး ဝတ်စုံနှင့် စစ်ဖိနပ်ကို ဝတ်ထားဆဲ ဖြစ်သည်။ ယူနီဖောင်း အပေါ်မှာလည်း ဟောင်းနွမ်းနေပြီ ဖြစ်သော စစ်သုံး ပြောက်ကျား ဂျာကင်ကို ဝတ်ထားသည်။ ဘန် မြင်ဖူးသမျှ မိန်းမများ အနက် အဲလစ္စသည် ရှေ့တန်းသုံး တိုက်ခိုက်ရေး ဝတ်စုံ အပြည့်စုံဆုံး ဖြစ်သည်။

'ဟင့်အင်း၊ ကျွန်မ ရုံးကို သွားပြီး စားပွဲပေါ်မှာ ဘာလုပ်စရာ ရှိသေးလဲ သွားကြည့်ဦးမယ်' သူမက ပြန်ပြောလိုက်သည်။

သူမမှာ အလုပ်တွင် အစွဲကြီးသူဟု ဘန် အမြဲ ပြောသည်။ ထိုသည်ကို သူမကလည်း မငြင်းနိုင်ခဲ့။ ဘန်၏ အဆိုကို ထောက်ခံသည့် အထောက်အထား ကလည်း များစွာ ရှိသည်။

သူတို့ လေယာဉ်ပေါ်မှ ဆင်းကာ ပစ္စည်း ရွေးသည့် နေရာသို့ သွားနေကြစဉ် အဲလစ္စမှာ အတော်ပင် လန်းဆန်း တက်ကြွနေသည်။ သူမမှာ ပင်ပန်းသည် ဟူ၍ မရှိ။ ထို့ကြောင့် ဘန် ပင်ပန်းနေသည့် အခါမျိုးတွင် သူ စိတ်ညစ်ရတော့သည်။ သူမကတော့ ဘယ်အခါမျှ မပင်ပန်း။ ပင်ပန်းဟန် မပေါ်။ လေဆိပ်မှာ သူတို့နှင့် အသားကျနေသည်။ တစ်ခါတစ်ရံ လေယာဉ် နောက်ကျနေသဖြင့် အကြာကြီး စောင့်စီးခဲ့ရသည်လည်း ရှိ၏။

အဲလစ္စ အလုပ် ဆက်လုပ်မည်ဟု ဘန် ထင်နေသည်။ သူမသည် အလုပ်စားပွဲတွင် အကြာကြီး ထိုင်ကာ ရုံးတွင်ပင် ရေချိုးကာ ရှိသည့် အဝတ်အစား ပြန်ဝတ်တတ်သည်ကိုလည်း ဘန် သိထားသည်။ သူမက တိုက်ခန်းကို ပြန်ရန် အတော် ဝန်လေးသူ ဖြစ်သည်။

ဘန်ကတော့ ဘရုတ်ကလင်းရှိ သူ့တိုက်ခန်းသို့ ပြန်ကာ အဝတ်သန့်သန့် ဝတ်ပြီး အိပ်ပစ်ချင်လှပြီ ဖြစ်သည်။ ထိုသည်ကို တွေးမိရုံဖြင့်ပင် စိတ်ချမ်းသာလှပြီ။ လေးရက်လုံးလုံး ခပ်ညံ့ညံ့ ဟိုတယ်နှင့် ကားနောက်ခန်းထဲတွင် ကတ်သီးကတ်သတ် အိပ်ခဲ့ရသည် မဟုတ်လား။



mgyoe.com

mgyoe.com SAMPLE BOOK

အဲလစ္စကတော့ ဘယ်မှာ အိပ်ရ အိပ်ရ။ အိပ်သည်လည်း သိပ်မရှိ။ ထို သည်မှာ ဘန်ထက် လည်းကောင်း၊ အခြားလူများထက် လည်းကောင်း သူမ သာသည့် အရည်အချင်း ဖြစ်သည်။

လေဆိပ်ထဲ ဖြတ်လျှောက်ကြစဉ် မိန်းမများက ဘန်ကို စောင်းငဲ့ ကြည့် ကြသည်။ ဘန်မှာ ကိုယ်လုံးကိုယ်ထည် တောင့်တင်း ကြံ့ခိုင်သူ ဖြစ်သည်။ အရပ် မြင့်ကာ လူချော တစ်ယောက်လည်း ဖြစ်၏။ ထိုသည်များကို အဲလစ္စ ကတော့ သတိမထားမိ။ သူနှင့် အလုပ် တွဲလုပ်ရသည်ကို သဘောကျသည်။ သို့သော် သူ့ကို ယောကျာ်း တစ်ယောက် အပေါ် စိတ်ဝင်စားမှုမျိုး မရှိ။

မိမိတို့ နှစ်ယောက် ငြိသွားမည် ဆိုလျှင် အရာရာ ပျက်ကုန်မည်ကို အဲလစ္စ အလိုလို သိနေသည်။ ဘန်ဘက်ကလည်း သူမကို စိတ်ဝင်စားသည့် အရိပ် အယောင် မပြ။ နှစ်ယောက်စလုံးက မိမိတို့၏ ဆက်ဆံရေးကို အလုပ်ကို အခြေ ခံသော မရှုပ်ထွေးသည့် ဆက်ဆံရေးမျိုးသာ ဖြစ်စေချင်ကြသည်။

နှစ်ယောက်သားမှာ အလုပ် အတူ တွဲလုပ်ရန် အရာရာ လိုက်ဖက်ညီသူ များ ဖြစ်ကြသည်။ ထုတ်လုပ်သူက တွဲပေးသော အခြား အတွဲများမှာ သူတို့ လောက် အတွဲ မညီလှ။ အချင်းချင်း တစ်ချိန်လုံး ရန်ဖြစ်နေကြပြီး မသင့် မမြတ် ဖြစ်နေတတ်ကြသည်။ ရုပ်သံ ဌာနတွင် အချို့ မသင့်မြတ်ကြသည် များမှာ အတော်ပင် ခါးခါးသီးသီး ရှိကြသည်။ အဲလစ္စတို့ နှစ်ယောက်ကတော့ ထိုသို့ မရှိ။ သူတို့ နှစ်ယောက်မှာ စအတူ တွဲလုပ်ကတည်းက ယခုတိုင် မိတ်ဆွေရင်းချာလို ဖြစ်နေကြသည်။

နှစ်ယောက်သား ရွှေ့လျား ခါးပတ်ပေါ်မှ ကိုယ့်ပစ္စည်း ကိုယ်ယူလိုက် ကြသည်။ အဲလစ္စမှာ သူမ ပစ္စည်းများကို ခပ်သာသာ သယ်သွားသည်။ ဘန်က သူမအား ကူညီရန် မကြိုးစား။ ကူညီလျှင်လည်း သူမက လက်ခံမည် မဟုတ်။ အဲလစ္စသည် မိမိကိုယ်ကိုသာ အားကိုးသည်။ ထိုသည်ကိုလည်း သူမ ဂုဏ်ယူ သည်။ သူတို့ တက္ကစီ တစ်ယောက် တစ်စီးစီ ငှားကာ မြို့ထဲသို့ လာခဲ့ကြ သည်။

အဲလစ္စကတော့ ရုံးသို့ သွားကာ မိမိ ဘာသိရဦးမည်ကို သိလိုနေသည်။ ရုံးကို ရောက်တော့ ထုံးစံအတိုင်း အလုပ်တွေက တောင်ပုံရာပုံ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သတိပေးစာ၊ အကြောင်းကြားစာ၊ အသိပေးစာ စသည်ဖြင့် သူမတို့ မရှိတုန်း ရောက်နေသည့် စာများ ဖြစ်သည်။ ထိုစာများကို ညဉ့်နက် သည် အထိ သူမ ဖောက်ဖတ်နေသည်။ အားလုံး နီးပါးလည်း ဖတ်ပြီးခဲ့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

သိပ်ပင်ပန်းနေသဖြင့် အိမ်မပြန်တော့ဘဲ သူမ ရုံးခန်းတွင်းရှိ ခုံရှည်ပေါ်တွင်ပင် အိပ်ပျော်သွားတော့သည်။

နောက်နေ့ မနက် အခြားလူများ ရုံးသို့ ရောက်မလာမီ သူမ နိုးလာသည်။ ထို့ကြောင့် ရေမိုးချိုး ခရီးဆောင်အိတ်ထဲမှ ဂျင်းဘောင်းဘီနှင့် ဆွယ်တာတို့ကို ထုတ်ဝတ်ကာ ကော်ဖီ တစ်ခွက် ဖျော်သောက်လိုက်သည်။

သူမ၏ အကြီးတန်း ထုတ်လုပ်သူ ဖဲလစ္စ ဝင်းတား ဝင်လာသည့် အချိန်တွင် သူမ စားပွဲတွင် ပြန်ထိုင်နေပြီ ဖြစ်သည်။

'ညက မင်း ဒီမှာ အိပ်တာလား' ဖဲလစ္စက လှောင်သလို မေးသည်။

သူမ ခေါင်းညိတ် မပြမီလည်း အဖြေကို သူ သိနေသည်။

'အင်းလေ'

ထိုအဖြေကို ဖဲလစ္စ မအံ့သြ။ အမိကရုဏ်း သတင်း ဆောင်းပါးကို သူ သဘောကျနေကြောင်း သူ့မျက်နှာ ကြည့်ကာ အဲလစ္စ သိလိုက်သည်။ သူက ကောင်းသည်ဟုတော့ ပြောခဲ့သည်။ သို့သော် သူမ လိုက်သမျှ သတင်းတွေကို ကြိုက်မြဲ။ သူက သိပ်ချီးမွမ်းလေ့တော့ မရှိ။ သို့သော် အဲလစ္စကို လှိုက်လှိုက်လှဲလှဲ လေးစားလှသည်။

'ငါ့ ရုံးခန်းထဲကို မင်း ကော်ဖီခွက် ယူပြီး လာခဲ့ဦး၊ တို့ နည်းနည်း ညှိလိုက်ကြရအောင်' သူ ပြောတော့ သူမက ခေါင်းညိတ်ကာ ခဏနေလျှင် လာမည် ဖြစ်ကြောင်း ပြောလိုက်သည်။

မနက်ပိုင်း သတင်းတွင် ဦးစွာ ကြေညာရမည့် သတင်းထူး တစ်ခု ရှိနေသည်။ ထိုသည်ကို ဖဲလစ္စက သူမအား ပြောလိုခြင်း ဖြစ်၏။ လူပေါင်း ထောင်ချီ သေရသည့် အာဂဖန် ငလျင် သတင်း ဖြစ်သည်။ အဲလစ္စက မိမိနှင့် ဘန်တို့အား မည်သည့် နေရာသို့ သတင်း ယူရန် လွှတ်ဦးမည်နည်းဟု တွေးရင်း ဖဲလစ္စ၏ ရုံးခန်းဘက်သို့ လာခဲ့သည်။

သူတို့ ဖဲလစ္စ၏ စားပွဲပေါ်မှ မော်နီတာ မှန်သားပြင်ကို ကြည့်ရင်း စကားပြောနေကြသည်။ အာဖဂန်မှ တိုက်ရိုက် ပေးပို့သော ဗီဒီယို သတင်းမှာ ကြောက်စရာပင်။ လမ်းများပေါ်တွင် အလောင်းများ ထပ်နေသည်။ လူတွေမှာလည်း ငိုကြွေးနေကြပြီး အဆောက်အအုံများမှာလည်း ပြိုကျ ပျက်စီးနေကြသည်။ ထိုအဆောက်အအုံများထဲတွင် လူများ ပိတ်မိနေကြ၏။

'အလာဘားမားမှာ အတော်ကို ဆိုးတာပဲ၊ ငါက မင်းအတွက် ပူနေတာ' ဖဲလစ္စက တကယ်ပင် စိတ်ပူဟန်ဖြင့် ပြောနေသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

'ကျွန်မတို့ အဆင်ပြေပါတယ်၊ ဒါပေမဲ့ ဆိုးတော့ တကယ် ဆိုးတာ၊ သူတို့ လုံခြုံရေး တပ်ဖွဲ့တွေ လွှတ်တာ အတော် နောက်ကျတယ်၊ သူတို့ ရောက်လာတဲ့ အချိန်မှာ ထိန်းမရ သိမ်းမရ ဖြစ်နေပြီ' သူမ ပြောနေစဉ် အကြီးတန်း ထုတ်လုပ်သူ ဖဲလစ္စမှာ တခြားသို့ အာရုံ ရောက်နေပြီး စိတ်မသက်မသာဟန် ပေါက်နေသဖြင့် သူမက 'ဘာဖြစ်လို့လဲ' ဟု မေးလိုက်သည်။ ထိုအမူအရာကို သူမ သိနေသည်။

ဖဲလစ္စမှာ ခဏ နေပြီးမှ ရှက်ကိုးရှက်ကန်းနှင့် 'ငါ့အာရုံထဲမှာ တစ်မျိုးပဲလေ၊ ဘာဖြစ်လို့လဲလို့တော့ မမေးနှင့်၊ မနေ့က ဒုသမ္မတ ဓာတ်ပုံကို မြင်ပြီးဖြစ်တာ၊ ငါ့စိတ်ထဲ ဘဝင်မကျသလိုဘဲ'

'ဆရာက သူ့ကို ဘယ်တုန်းက သဘောကျဖူးလို့လဲ' အဲလစ္စက ပြုံးစနဲ့နဲ့ဖြင့် ပြောလိုက်သည်။

'အေးကွ၊ ငါကတော့ သူ့ကို မရိုးသားဘူးလို့ မြင်နေတယ်၊ သူ့ကိုယ်သူ သူတော်စင်လို ဟန်လုပ်ပြီး သူ့ကိုယ်သူ လူသန့်လို့ ပြောနေပေမဲ့ သူ့ရဲ့ အဆက်အသွယ်တွေကို ငါ သဘော မကျဘူး၊ နောက်ပြီး အဲဒီလောက် ပိုက်ဆံတွေကို ဒီလောက် မြန်မြန် သူ ဘယ်က ရသလဲ'

'သူ လက်ထပ်လိုက်တယ်လေ၊ ဒါဟာ ငွေရဖို့ အလွယ်ဆုံးနည်း မဟုတ်လား' သူမက ငေါ့တော့တော့ ပြောသည်။

'အမြဲတမ်းတော့ လွယ်တာ မဟုတ်ပါဘူး၊ ဘယ်လိုလဲတော့ မသိဘူး၊ ငါ သူ့ကို အမြဲတမ်း မယုံသင်္ကာ ဖြစ်နေတယ်'

အဲလစ္စကတော့ ပြုံးနေ၏။

'ဓာတ်ပုံထဲမှာ သူ့ကို ဘယ်သူနှင့် တွဲပြီး တွေ့တာလဲ' သူမက စိတ်ဝင်တစား မေးလိုက်သည်။

ဖဲလစ္စ၏ ကြိုတင် ဟောကိန်းတွေမှာ မှန်တတ်သည်။ သို့သော် တစ်ယောက်ယောက်ကို အလိုလို စိတ်အချဉ်ပေါက်နေသည်လည်း ရှိတတ်သည်။ ဒုသမ္မတကို သူ ထိုကဲ့သို့ ဖြစ်နေခြင်း ဖြစ်သည်။ ဒုသမ္မတမှာ အဆက်အသွယ်တွေလည်း ကောင်းသည်။ ကွယ်လွန်သူ ဆီးနိတ် အမတ် ဘီလ် ဖော်စတာ၏ အရင်းနှီးဆုံး မိတ်ဆွေလည်း ဖြစ်ခဲ့သည်။ ဖော်စတာမှာ နိုင်ငံရေး လောကတွင် စံပြ တစ်ယောက် ဖြစ်ခဲ့သည်။ သူတို့ နှစ်ယောက် တွဲကာ သမ္မတ အရွေးခံရန် စီစဉ်နေစဉ် ဖော်စတာ ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။ သို့တစေ ဖဲလစ္စကတော့ ဒုသမ္မတ တိုနီ ကလပ်ကို သဘောမကျ။


mgyoe.com

mgyoe.com SAMPLE BOOK

'သူက နိုင်ငံတော် အားကစား ကော်မရှင်မှာ ပါတယ်၊ ငါ ဝါရှင်တန် ဒီစီမှာ ဂေါက်သီး သွားရိုက်တိုင်း သူ့ကို လော်ဘီသမားတွေ ဒါမှမဟုတ် တခြား လူတွေနှင့် တွေ့တွေ့နေရတယ်၊ လူအများ မလေးစားတဲ့ လူတွေချည်းပဲ'

'ဒါက ဥပဒေနှင့် ငြိစွန်းတာမှ မဟုတ်တာ' အဲလစ္စက ပြောလိုက်သည်။

'ငါ သိပါတယ်၊ ငါ့စိတ်ထဲမှာ ဖြစ်နေတာက အဲဒီ အချိန်မှာ သူ မဟုတ်တာ တစ်ခုခု လုပ်ပြီး မိသွားပါစေလို့၊ သူကလည်း အတော်ကို လည်တာ'

'သူ့ဘက်က မှန်နေတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့' အဲလစ္စက သတိထား၍ ပြောလိုက်သည်။ သူမ အနေနှင့်တော့ ဒုသမ္မတ အပေါ် မည်သို့မျှ မမြင်။ တိုနီ ကလပ်သည် တော်သည်။ ချမ်းသာသည်။ အောင်မြင်သည်။ နိုင်ငံရေး၊ လူမှုရေးပိုင်းတွင်လည်း အဆက်အသွယ် ကောင်းသည်။ သူက သူ ကစားသည့် ကစားကွက်ကို ကောင်းကောင်း နိုင်သည်။ ထိုသို့ နိုင်အောင်လည်း သူက အမှား မလုပ်ဟု သူမ မြင်သည်။ သို့သော် ဖဲလစ္စကတော့ ထိုသည်ကို လက်မခံ။ သူက တိုနီသည် ကိုယ့်ကိုယ်ကိုယ် ထင်လွန်းသည်၊ မာန်တက်လွန်းသည်ဟု မြင်သည်။

'ငါ့ကို တစ်ခုလောက် ကူညီစမ်းပါ၊ ဝါရှင်တန်က မင်း အဆက်အသွယ်တွေကို စုံစမ်းကြည့်ပေးပါ၊ မင်း မသိသေးတာ ဘာတွေ ရှိသေးလဲလို့'

'အတော်တော့ စုံစမ်းယူရမယ်' သူမက သူ့ကို ကြည့်ရယ်ကာ သူ့ အခန်းထဲမှ ထွက်လာရာမှ ပြန်လှည့်ကာ 'ကျွန်မတို့ကို အာဖဂန်နစ္စတန်ကို လွှတ်ဦးမှာလား'

'လွှတ်ရင် ပြောမယ်လေ' သူက မော်နီတာကို စိုက်ကြည့်နေရင်း ပြောသည်။

အဲလစ္စသည် ဒုသမ္မတ၏ အပြစ်ကို အန့်ခံ ရှာဖွေရေး လုပ်ငန်း အတွက် စဉ်းစားရင်း ထွက်လာခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဖဲလစ္စ၏ သဘောထားကို သူမ သိပ်လက်မခံ။ သို့သော် ထိုအတွက် သူ့ကို လှောင်ပြောင်နိုင်ရန် စုံစမ်းတော့ ကြည့်ပေးရပေဦးမည်။ သူက မိမိ အထက် အရာရှိ ဖြစ်သည်။ တစ်ခါတစ်ရံလည်း သူက မှန်တတ်သည်။ သည်တစ်ခါတော့ မှန်မည် မထင်။ ဖဲလစ္စမှာ ဒုသမ္မတ အပေါ် အကြိတ်အခဲ ဖြစ်နေခြင်း ဖြစ်သည်။ ထိုလူကို သူ အလိုလို မုန်းနေခြင်း ဖြစ်သည်။

အဲလစ္စသည် သူမ စားပွဲပေါ်ရှိ မော်နီတာမှ နံနက်ပိုင်း သတင်းများကို ကြည့်နေသည်။ နောက်တစ်နာရီခန့် ကြာတော့ ဘန် ဝင်လာသည်။ သူ အတော်

mgyoe.com

mgyoe.com
SAMPLE BOOK

သပ်ရပ် လန်းဆန်းနေသည်။ သူမလည်း သူမ ရုံးခန်းတွင်းရှိ ထိုင်ခုံရှည်ပေါ်တွင် နာရီ အနည်းငယ် အိပ်လိုက်ရသဖြင့် လန်းဆန်းနေသည်ပင်။ အလုပ်သည် သူမ အတွက် အားဆေးပင် ဖြစ်သည်။ သူမ အိမ်မပြန်ပဲဟု ဘန် အမှန်အတိုင်း ခန့်မှန်းမိသည်။

'ကျွန်တော်တို့ အာဖဂန်နစ္စတန်ကို သွားရမှာလား' ဘန်က သူမနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ရင်း မော်နီတာကို ကြည့်ကာ မေးလိုက်သည်။

'ဖဲလစ္စက မပြောသေးဘူး၊ သူ ဒုသမ္မတရဲ့ အပြစ်ကို လိုက်ရှာနေပြန်ပြီ၊ အဲဒါ ကျွန်မကို စုံစမ်းခိုင်းနေတယ်' သူမက ဘန်အား ပြောကာ ပြုံးနေသည်။

'ကလပ်က သိပ်အလုပ် များတဲ့လူ' ဘန်က ဒုသမ္မတကို ရည်ညွှန်းကာ ပြောခြင်း ဖြစ်သည်။ သိပ်သဘောကျပုံလည်း မရ။ 'သူ့ကို ကျုပ် ဘယ်တုန်းကမှ သဘောမကျခဲ့ဘူး၊ သူ လုပ်သမျှ ကျုပ် အကောင်းကို မမြင်ဘူး၊ ဒါပေမဲ့ အမှားတော့ ရှိဟန် မတူပါဘူး၊ လောဘ ရှိတာသာ မဟုတ်ရင် အတော် တော်မယ့် ပုဂ္ဂိုလ်'

ဒုသမ္မတ တိုနီ ကလပ်မှာ အသက် လေးဆယ်ကျော်မျှသာ ရှိသည်။ ယခင်က ချမ်းသာသော အသိုင်းအဝိုင်းမှ လာသည့် မိန်းမနှင့် ကွာရှင်းခဲ့သည်။ လွန်ခဲ့သည့် လေးနှစ်က သူ့ထက် အသက် များစွာ ငယ်သော ဒုတိယ မိန်းမနှင့် အိမ်ထောင်ပြုကာ ကလေး နှစ်ယောက် ထွန်းကားခဲ့သည်။ သူတို့တွင် လပ်ကီးဟု အမည် ပေးထားသည့် ခွေးကလေး တစ်ကောင်လည်း ရှိသည်။ ငယ်ရွယ်သော သူ့ဇနီးမှာ နိုင်ငံတွင် အမျှားဆုံးသော အမွေကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။ သူမ၏ ဖခင်မှာလည်း ပြီးခဲ့သည့် သမ္မတ ရွေးကောက်ပွဲ အတွက် မဲဆွယ်ရာတွင် ငွေအများဆုံး ထည့်ဝင် လှူဒါန်းခဲ့သူ ဖြစ်သည်။ ထိုသည်များကို တိုနီ ကလပ် သက်သာ လွယ်ကူစွာ ရခဲ့သည်။ သူ့အတွက် ခြေချော် လက်ချော် ဖြစ်လျှင်သော်မှ အကျ သက်သာသူ ဖြစ်သည်။

ကလပ်သည် ငယ်သူငယ်ချင်း ဆီးနိတ် အမတ် ဘီလ် ဖော်စတာနှင့် အတူ ပထမဆုံး အကြိမ် ဒုသမ္မတ ဝင်အရွေးခံရန် စီစဉ်ခဲ့သည်။ သူတို့ နှစ်ယောက်မှာ အစဉ်အလာ ခင်မင်လာသူများ ဖြစ်၍ အတွဲ ညီလှသည်။

ဖော်စတာမှာ လူကြိုက် များပြီး ဉာဏ်လည်း ပြေးကာ နိုင်ငံရေး ကျွမ်းကျင်သူ ဖြစ်သည့်ပြင် သြဇာ တိက္ကမ ရှိခြင်း၊ မဲဆွယ်ပွဲ အတွေ့အကြုံနှင့် ကျွမ်းကျင်မှု ရှိသူ ဖြစ်သည်။ သူက ကလပ်ကိုပါ တွဲခေါ်လာခဲ့သော်လည်း ဖော်စတာသည် ဆီးနိတ် ဒုတိယ သက်တမ်း အတွက် မဲဆွယ်နေစဉ် လူသတ်

mgyoe.com

mgyoe.com
SAMPLE BOOK

ခံခဲ့ရသည်။ ဖော်စတာမှာ လူမှန်ကို ရွေးတတ်ပြီး ကလပ်က ငွေရှိသူ ဖြစ်သည်။ သူက ကိုယ်ပိုင်ငွေနှင့် မဟုတ်စေကာမူ မဲဆွယ်ပွဲသို့ ငွေများစွာ လှူမည့်သူများကို ရှာဖွေနိုင်သည်။ ထို့ကြောင့် သူတို့ နှစ်ယောက်မှာ အတွဲ ညီလှသည်။

ဖော်စတာ သေသွားသော အခါ ကလပ်မှာ တစ်နှစ် အချိန် ယူကာ ပြင်ဆင်ခဲ့သည်။ သို့ဖြင့် သူသည် အိမ်ဖြူတော်သို့ လမ်းကြောင်း ပေါက်နေသူများ ထက်ပင် အလားအလာ ကောင်းသူ ဖြစ်လာခဲ့သည်။ တိုနီ ကလပ်သည် လက်ရှိ ဇနီးကို ဖော်စတာ လုပ်ကြံခံရပြီး နောက်နှစ်နှစ် ကြာမှ လက်ထပ်ခဲ့ခြင်း ဖြစ်သည်။

ကလပ်မှာ ဖော်စတာ၏ ဇနီး မုဆိုးမနှင့် ကလေး နှစ်ယောက်တို့၏ ဘဝတွင် အရေးပါသူ တစ်ယောက် ဖြစ်သည်။ သူနှင့် မုဆိုးမ ဖြစ်သူ အိုလံပီယာ ဖော်စတာတို့မှာ လူသိရှင်ကြား မကြာခဏ တွေ့ဆုံကြပြီး စိတ်ဓာတ် မကျအောင် အားပေးနေသည်မှာ လွန်ခဲ့သည့် ခြောက်လ ကတည်းက ဖြစ်သည်။ အိုလံပီယာမှာ သူမ ခင်ပွန်း ကွယ်လွန်ပြီး ကတည်းက လူကြားသူကြားတွင် သိပ်မတွေ့ရဘဲ ပျောက်နေခဲ့သည်။ သူမသည် ခင်ပွန်းသည်၏ ဇနီးကောင်း တစ်ယောက် ဖြစ်ခဲ့သည်သာမက ခင်ပွန်းကို အထောက်အကူ ပြုနိုင်သူ ဖြစ်ခဲ့သည်။ တစ်ယောက်နှင့် တစ်ယောက်လည်း အတော်ပင် ကြင်နာခဲ့ကြသည်။

ထိုသည်များကို စဉ်းစားမိတော့ အိုလံပီယာ မည်သို့ ဖြစ်နေမည်နည်းဟု အဲလစ္စ တွေးကြည့်မိသည်။ အိုလံပီယာ၏ နာမည် အတော်လေး ထွက်လာသည်။ ဖေးက သူမထံ စာဖတ် ပရိသတ် အနေဖြင့် စာတစ်စောင် ရေးခဲ့ဖူးသည်။ သူမကလည်း ယဉ်ကျေး ချိုသာစွာ စာပြန်ခဲ့သည်။ အိုလံပီယာ ဖော်စတာမှာ ချစ်ခင်စဖွယ် မိန်းမ တစ်ယောက် ဖြစ်သည်။ ဂုဏ်သိက္ခာ ရှိသည့် မိန်းမလည်း ဖြစ်သည်။ သူမ၏ ခင်ပွန်းသည် သူမ ရှေ့မှာတင် လူသတ်သမား၏ လုပ်ကြံမှုကို ခံလိုက်ရခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း လူအများက သူမကို သနား ပိုနေကြသည်။

'မင်းတို့ နှစ်ယောက် ဟင်း ဘယ်လို နေကြလဲဟေ' ဖဲလစ္စက တံခါးပေါက်ကို ခေါင်းပြူ၍ မေးသည်။ အဲလစ္စကတော့ စိတ်မဝင်စားသလို နေလိုက်သည်။ ဘန်က သူကတော့ ကြိုက်ကြောင်း ပြန်ပြောလိုက်၏။

'ဆရာ နေ့လယ်စာ မှာမလို့လား'

'ဟင့်အင်း၊ အိန္ဒိယမှာ အဆင့်မြင့် နည်းပညာ လောကနှင့် ပတ်သက်တဲ့ ပြဿနာ တက်နေတယ်၊ ငါ မင်းတို့ နှစ်ယောက်ကို ဒီည နယူးဒေလီကို

mgyoe.com

mgyoe.com
SAMPLE BOOK

လွတ်မလို့၊ ည ကိုးနာရီ လေယာဉ်နှင့် သွားရမယ်၊ ခုနစ်နာရီ လေဆိပ်ကို အရောက် သွားကြ' သူကတော့ ထမင်းစား ရေသောက်ပမာ ပြောသွားသည်။

'ကျွန်မကတော့ အိမ်ပြန်ပြီး အထုပ်အပိုး ပြင်ဦးမှ ဖြစ်မယ်' အဲလစ္စက ဆိုသည်။ သူတို့ ဒုသမ္မတ အကြောင်း ပြောနေသည်ကိုပင် မေ့သွားရသည်။ အလာဘားမားမှ ပြန်ယူလာသည့် အိတ်ထဲတွင် အဝတ်အစား သန့်သန့် မရှိတော့။ နောက်ပြီး နယူးဒေလီတွင် ရှေ့တန်း စစ်မျက်နှာသုံး ပစ္စည်းများ မလို။ နွေရာသီ အဝတ်အစားများနှင့် ခြေညှပ် ဖိနပ်တို့သာ လိုသည်။

'သူကတော့ အချိန် တစ်စက်မှ အလကား အဖြစ်မခံဘူး' ဘန်က ပြောနေသည်။ အိန္ဒိယသို့ သွားရန် သူ တွန့်ဆုတ်နေ၏။

'သတင်းက ကောင်းမယ့်ပုံပဲ' အဲလစ္စက အကောင်း အမြင်ဖြင့် ပြောလိုက်သည်။ သူမသည် သည်အလုပ်ကို တစ်ခါတစ်ရံ ဘန်ထက်ပင် ပိုမို ခင်တွယ်သည်။ ဘန်မှာ အလာဘားမားက ပြန်လာကတည်းက ပင်ပန်းနေသည်။ သူမကတော့ မပင်ပန်း။

'ခင်ဗျား လိုက်ရင်တော့ သတင်းက ကောင်းသွားတာချည်းပါပဲ' ဘန် ချက်ပ်မင်းက ရင်ထဲက အရှိအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

'ကဲ ကျွန်မ သွားမယ်' အဲလစ္စက ပြောရင်း ထရပ်သည်။ အချိန်တို အတွင်း ခရီး ထွက်ရမည် ဆိုတော့ သူမတွင် ပြင်ဆင်စရာတွေက အများကြီး။ သူတို့ သည်ည ထွက်မည် ဆိုလျှင် သည်ညနေတွင် အိန္ဒိယ နိုင်ငံ အကြောင်း ပို့ချမှုတွေကို အတော်ကြာအောင် နားထောင်ရဦးမည်။

ရုံးအပြင် ရောက်တော့ အဲလစ္စ တက္ကစီ တစ်စီး တားလိုက်သည်။ ကားစီးလာရင်း အိန္ဒိယသို့ သွားရမည့် တာဝန်နှင့် ပတ်သက်၍ သူမ စဉ်းစားလာသည်။ ထိုတာဝန်နှင့် ပတ်သက်သည့် ကြိုတင် လေ့လာထားရမည်များကိုလည်း စဉ်းစားနေသည်။ ထိုခဏ၌ သူမ သမီးကို သတိရသဖြင့် ခရီး မထွက်မီ သမီးထံ ဖုန်းဆက်ရန်လည်း တွေးထားသည်။

အိစ်ဖဲလေ့ရှိ သူမ နေထိုင်ရာ ခပ်စုတ်စုတ် အဆောက်အအုံ ရှေ့ကို ရောက်တော့ အဲလစ္စ ကားထဲမှ ထွက်လိုက်သည်။ ပြီးတော့ အိမ်ထဲဝင် လျှော်ဖွပ်မီးပူတိုက် လုပ်ကာ ခရီးဆောင်အိတ်ဖြင့် ထုပ်ပိုးသည်။ ဘန်မှာ အနည်းငယ် ပင်ပန်းပြီး စိတ်မပါသလို ဖြစ်နေသော်လည်း သူမကတော့ ထိုည အိန္ဒိယသို့ သွားရမည်ကို ပျော်နေသည်။ အသွေးအသားထဲတွင် စွဲနေသော သူမ ဝါသနာက ယခု နှစ်များတွင် အလွန်ပင် တက်ကြွနေတော့သည်။ ထိုသည်မှာ ဘယ်သော့


mgyoe.com

mgyoe.com SAMPLE BOOK

အခါမျှ ပြောင်းလဲမည် မဟုတ်ကြောင်း သူမ အကြောင်း သိနေသူများက သိနေကြသည်။

အဲလစ္စ အထုပ်အပိုးတွေနှင့် သုံးနာရီ နောက်ကျပြီးမှ ရုံးကို ပြန်ရောက်သည်။ အိန္ဒိယ ရာသီဥတုနှင့် လိုက်မည့် နွေရာသီ အဝတ်အစားများလည်း ယူခဲ့သည်။ သတင်းနှင့် ပတ်သက်မည့် အချက်အလက်များကို မေးမြန်းရန် အရေးကြီး ပုဂ္ဂိုလ်များ၊ အစိုးရ အာဏာပိုင်များနှင့် တွေ့ရလျှင် ဝတ်ရန် သားနားသည့် အဝတ်အစားများလည်း ပါသည်။ အိန္ဒိယ နိုင်ငံ၏ ဩဇာတိက္ကမ အကြီးဆုံးနှင့် အချမ်းသာဆုံး လူတစ်ယောက် ထောင်ကျတော့မည်။ သတင်းမှာ အတော်ပင် ထူးသည်။

ဖဲလစ္စက သူမနှင့် ဘန်တို့အား ရထားသည့် အချက်အလက်များကို ပြောပြသည်။ အဲလစ္စအား ပြောစရာ ရှိသဖြင့် ခဏ နေခဲ့ရန် ပြောသည်။

ဖဲလစ္စသည် ယခင်က သတင်းထောက် တစ်ယောက် ဖြစ်ခဲ့သည်။ သတင်း ဌာနတွင် လုပ်ရင်း ရာထူး တက်လာခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း အဲလစ္စ လုပ်နေသည့် အလုပ်များကို သူက ကျွမ်းကျင်ပြီးသား။ အလုပ်၏ ဖိစီးမှုကြောင့် သူလည်း အတန်ငယ် အိုစာလာသည်။ အဲလစ္စနှင့် သူ့ လက်အောက်မှ အခြား လူအနည်းငယ်ကို အားကိုးကာ လုပ်ငန်း အောင်မြင်အောင် လုပ်နေရသည်။ သူ့လူများကို အထစ်အငေါ့ မရှိအောင်လည်း သူက တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားသည်။ သူက အခြားသော သတင်း ဌာနများထက် ဦးအောင် သတင်းများကို သတင်း ထောက်လှမ်းရေး နည်းဖြင့် သတင်းလိုက် ရယူစေသည်။ နောက်ပြီး သူက သတင်း အနံ့ခံလည်း ကောင်းသည်။ ထိုသို့ သတင်း လိုက်ရန် အတွက် သူ့လူများထဲတွင် အဲလစ္စက အတော်ဆုံး။ အဲလစ္စကြောင့် သူ နာမည် ပျက်ရသည်မျိုး မရှိ။

သူက အဲလစ္စအား စားပွဲပေါ် ဖြတ်၍ မနီလာ စာအိတ်ထူကြီး တစ်လုံး လှမ်းပေးသည်။

'ဒါတွေကို လေယာဉ်ပေါ်မှာ ဖတ်သွားပါ၊ ဒါတွေနှင့် ပတ်သက်ပြီး ဒေလီ ရောက်ရင်လည်း နည်းနည်း စုံစမ်းကြည့်ပေါ့၊ မင်းကတော့ ငါ့ကို နည်းနည်း ကြောင်နေတယ်လို့ ထင်ချင် ထင်မယ်၊ ဒါတွေဟာ ဒုသမ္မတနှင့် ပတ်သက် တာတွေ၊ သူဟာ အပြစ်ကင်းကောင်း ကင်းမယ်၊ ဒါပေမဲ့ ငါကတော့ အနံ့


mgyoe.com

mgyoe.com
SAMPLE BOOK

ရနေတယ်၊ ငွေ လက် အလွှဲအပြောင်း လုပ်တာမျိုးပေါ့၊ စုံစမ်း ကြည့်ကြတာပေါ့'

အဲလစ္စ စိတ်ဝင်စားကာ မျက်ခုံး မြင့်တက်သွားသည်။ ဖဲလစ္စ အတွက် စူးစမ်း လေ့လာပေးရသည်ကို သူမ သဘောကျသည်။ သူမ လက်မခံသော အကြောင်းအရာကိုပင် သူမ စူးစမ်း လေ့လာပေးချင်သည်။ အခါ များစွာတွင် သူ မှန်နေသည်ကို တွေ့ရသည်။ သတင်းနှင့် ပတ်သက်လာလျှင် သူများတွေထက် မြင်တတ်သော ဆဋ္ဌမ အာရုံ ရှိသူ ဖြစ်သည်။ စာအိတ်ကို ဟ၍ အတွင်းသို့ သူမ ကြည့်လိုက်သော အခါ တိုနီ ကလပ်၏ ဓာတ်ပုံများကို တွေ့လိုက်ရသည်။

'နည်းနည်း ကြည့်လိုက်ပြီး ဘာတွေ့သလဲ ဆိုတာ ရှာပါ၊ ငါ့ဘက်က ရမ်းသမ်း ထင်နေတာလည်း ဖြစ်ချင် ဖြစ်မယ်၊ ဒါပေမဲ့ ဒီလူဟာ လော်ဘီသမားတွေဆီက ဖြစ်စေ၊ တခြား တစ်ယောက်ယောက်ဆီက ဖြစ်စေ လာဘ်ငွေ ယူတယ်လို့ ထင်နေတယ်၊ ငါ မှားတာလည်း ဖြစ်ချင် ဖြစ်မယ်၊ မှားတာ ဆိုရင်တော့ ငါဟာ လျောင်ပြောင်စရာ ဖြစ်ပြီပေါ့၊ သူဟာ ဝါရှင်တန်မှာ မယုံရတဲ့ လော်ဘီသမားတွေနှင့် ပုံမှန်လို တွေ့နေတယ်၊ တရားဝင် သဘော တွေ့တာ မဟုတ်ဘူး၊ အလွတ် သဘော မိတ်ဖြစ်ဆွေဖြစ် တွေ့တာ၊ သူ့ အဖွဲ့သားတွေကို ဒါနှင့် ပတ်သက်လို့ မေးကြည့်တော့ ဒါတွေဟာ တိုက်ဆိုင်မှုပါလို့ပဲ ပြောတယ်၊ ဒါကို ငါ လက်မခံနိုင်ဘူး၊ သူဟာ ငွေရှိတဲ့ နေရာမှာ အမြဲ ရှိနေတယ်၊ ဘာမှ အလကား လုပ်မပေးဘူး'

ကလပ်သည် မသင်္ကာခံရမှု ကင်းပြီး သူ၏ နေထိုင်မှု ပုံစံကလည်း လေးစားလောက်သည်။ သို့သော် တစ်ခါတစ်ရံ အဲလစ္စပင် မသင်္ကာချင်သည် မျိုး ရှိတတ်သည်။ ထိုမသင်္ကာမှုမှာ နောက်တော့ မဟုတ်မှန်း သိရသည်။ ကလပ်မှာ ကံကောင်းသူ တစ်ယောက် ဖြစ်သည်ဟု သူမ မြင်သည်။ ငွေကြေး ချမ်းသာသည်။ အိမ်ထောင် နှစ်ဆက် ကျခဲ့သည်။ စတော့ ဈေးကွက်တွင် သူ့ ဇနီး၏ ငွေများနှင့် ရင်းနှီး မြှုပ်နှံနိုင်နေသည်မှာလည်း သူ့ကံပင်ဟု အဲလစ္စ မြင်သည်။ သူက အလိုလို ချမ်းသာလာသည်။ သို့သော် သူ ထိုရာထူး မရခင်က မချမ်းသာသေး။ ထိုငွေတွေ ဘယ်က ရလာသနည်း။ ထိုအချက်ကြောင့် ဖဲလစ္စ သူ့အပေါ် မသင်္ကာလာခြင်း ဖြစ်သည်။ ဒုသမ္မတကို မမှန်မကန် လုပ်သည်ဟု မည်သူကမျှ မစွပ်စွဲခဲ့။ သို့သော် ဖဲလစ္စကတော့ ထိုလူတွင် ရှိသည့် ငွေများ ဘယ်လို ရသနည်းဟု အမြဲ စဉ်းစားနေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ချိန်က သတင်းထောက် ဖြစ်လာခဲ့သည့် အတွေ့အကြုံ အရ ထိုကိစ္စတွင် တစ်ခုခု ရှိရမည်ဟု ဖဲလစ္စ ထင်နေသည်။ ဘာရယ်ဟုတော့ သူ မပြောနိုင်။ လက်နှင့် ထိသမျှ ငွေဖြစ်လာသည်မျိုး၊ ငွေအိုး ကောက်ရသည်မျိုးတော့ မဖြစ်နိုင်။ ထိုသည်မျိုးကို ဖဲလစ္စက လက်လွတ် မခံနိုင်။ ထို့ကြောင့် မကြာသေးမီက နေရာ အမျိုးမျိုးတွင် လူအမျိုးမျိုးနှင့် တွဲရိုက်ထားသည့် ဒုသမ္မတ၏ ဓာတ်ပုံများကို အဲလစ္စအား လေ့လာရန် ပေးခဲ့ခြင်း ဖြစ်သည်။

'ကျွန်မ ကြည့်လိုက်ပါ့မယ်' အဲလစ္စက ကတိ ပေးလိုက်သည်။ သူမက ကလပ်၏ ငွေကြေး ချမ်းသာမှုထက် သူ၏ နိုင်ငံရေး အနေအထားကို ပို၍ စိတ်ဝင်စားနေသည်။ သူသည် အဆက်အသွယ် ကောင်းပြီး အတော်လည်း လေးစားမှု ခံရသူ ဖြစ်သည်။ ကလပ်နှင့် ဘီလ် ဖော်စတာတို့၏ ဆက်ဆံရေးမှာ ပေါ့ပေါ့တန်တန်တော့ မဟုတ်ဟု သူမ ယူဆသည်။ ဖော်စတာသည် ကလပ်ကို အိမ်ဖြူတော် အတွင်းသို့ ဒုသမ္မတ အဖြစ်နှင့် ခေါ်သွားနိုင်သူ ဖြစ်သည်။ ထိုမျှလောက်နှင့်လည်း ကလပ်က ကျေနပ်နိုင်သည်။ ဖော်စတာ သေပြီးမှာ လက်ရှိ သမ္မတနှင့် ရင်းနှီး ခင်မင်လာခြင်း ဖြစ်သည်။ သူ့အတွက်ကတော့ အရာရာ အဆင်သင့်ချည်း။

'ကျွန်မ ကိုယ်တိုင်လည်း သူ့ကို သိပ်ကြိုက်တာတော့ မဟုတ်ဘူး' အဲလစ္စက ဝန်ခံသည်။ 'ဒါပေမဲ့ လော်ဘီတွေဆီက ငွေယူတာမျိုး၊ မရိုးမသား မိုက်မိုက်မဲမဲ လုပ်တာမျိုးတော့ သူ လုပ်မယ်လို့ ကျွန်မ မထင်ဘူး၊ သူဟာ သူ့အနာဂတ်ကို အမြဲ ကြည့်နေတတ်တဲ့လူ၊ သူ့မှာ ရေရှည် ရည်မှန်းချက် ရှိမယ်လို့ ထင်တယ်၊ လက်ရှိ သမ္မတ ဒုတိယ သက်တမ်း ကုန်ရင် သူကိုယ်တိုင် သမ္မတ ဝင်အရွေးခံတာမျိုးလိုပေါ့'

ယခုလည်း ဒုသမ္မတ အဖြစ် အရွေးခံရပြီး ဖြစ်သည်။ သူ့ကို သမ္မတ အဖြစ် ဝင်ရောက် ယှဉ်ပြိုင်မည်ဟု လူတိုင်းက ထင်နေကြသည်။

သူက မဝင်သေး။ စောနေသေးသည်။ နောက်ထပ် နှစ်နှစ်လောက် စောင့်နေဦးမည်။

ဖဲလစ္စကလည်း သူ ဘယ်လောက် ခြေလှမ်းမည်ကို စောင့်ကြည့်နေခဲ့၏။

'မင်း ထင်တာလည်း ဟုတ်ချင် ဟုတ်မှာပါ၊ ဒါပေမဲ့ သူဟာ ဒီစီ (ဝါရှင်တန် ဒီစီ) မှာ မယုံရတဲ့ လော်ဘီသမားတွေနှင့် တကယ့် ငယ်သူငယ်ချင်းတွေ အတိုင်း စားသောက်ဝိုင်း ထိုင်တာတို့၊ ဂေါက်သီး ကစားတာတို့ လုပ်နေတယ်၊ အဲဒါကို မသိမသာ စုံစမ်းပေးစမ်းပါ၊ မင်းရဲ့ အဆက်အသွယ်တွေကို

mgyoe.com

mgyoe.com
SAMPLE BOOK

မေးကြည့်၊ လိုအပ်တဲ့ လူတွေကိုလည်း တွေ့ပေါ့၊ မင်း ခရီး သွားနေတုန်းတော့ ဒီဓာတ်ပုံတွေကိုပဲ လေ့လာကြည့်နေပေါ့'

'ကျွန်မ ဘယ်သူ့ကို တွေ့ရင် ကောင်းမယ်လို့ ဆရာ ထင်သလဲ၊ သူနှင့် ရင်းနှီးတဲ့ လူတွေထဲမှာတော့ ကျွန်မ အသိ မရှိဘူး'

သူမ ပြောနေရင်း အိုလံပီယာ ဖော်စတာ ဆိုသည့် အမည် ခေါင်းထဲ ပေါ်လာသည်။ သို့သော် မဖြစ်နိုင်သေးပါဟုလည်း တွေးလိုက်သည်။ အိုလံပီယာ မြင်ကွင်းမှ ပျောက်နေသည်မှာ ခြောက်နှစ်ခန့် ရှိနေပေပြီ။ သို့သော် သူမသည် ကလပ်နှင့် ရင်းနှီးနေဆဲ။ အိုလံပီယာနှင့်သာ တွေ့ခွင့်ရလျှင် မိမိ တစ်ခုခု သိရမည်ဟု အဲလစ္စ ထင်နေသည်။

ဖော်စတာ သေပြီး နောက်တစ်နှစ်လုံး ကလပ်သည် အိုလံပီယာနှင့် သူမ၏ ကလေးများကို အမြဲလိုလို လာတွေ့သည်။ အသုဘ ချစဉ် ကတည်းက အိုလံပီယာကို သူ အားပေးလာခဲ့သည်။ ဓာတ်ပုံ တစ်ပုံထဲတွင် သူမ၏ မောင် ကွန်နယ်တီကတ် ပြည်နယ် ဆီးနိတ် အမတ်နှင့် ကလပ်တို့ သူမကို ဘေး တစ်ဖက်တစ်ချက်မှ ရံကာ ရိုက်ထားသည်ကို တွေ့ရသည်။ အိုလံပီယာသည် ကလပ်၏ အကြောင်းကို သူများတွေထက် ပိုသိမည်ဟု အဲလစ္စ ထင်သည်။ လျှို့ဝှက်ချက်တွေ ရှိလျှင်ပင် သူမ ထုတ်ပြောမည် မပြောမည်တော့ မသိသေး။ သို့သော် အဲလစ္စ မေးလျှင် လူတွေက အလွယ်တကူ ထုတ်ပြောတတ်ကြသည်။ ထိုအပိုင်းတွင်တော့ အဲလစ္စ ပါရမီ ရှိသည်။ သူမက ယဉ်ကျေး သိမ်မွေ့စွာနှင့် သိပ် အရေးမကြီးဟန်နှင့် ချဉ်းကပ်သည့် အခါ လူတွေက ဖွင့်ဟလာတတ် ကြသည်။ ထိုသည်ကြောင့်လည်း ဖဲလစ္စက သူမကို တမင် ရွေး၍ ခိုင်းခြင်း ဖြစ်သည်။ သတင်း တစ်ခု ရှိနေသည် မှန်လျှင် အဲလစ္စကို လွှတ်လိုက်ပါက သူမ ပြန်လာလျှင် ထိုသတင်း ပါလာမည် ဖြစ်ကြောင်း ဖဲလစ္စ သိနေသည်။

'ဒီအချက်အလက်တွေကို ကျွန်မ ကြည့်လိုက်ဦးမယ်၊ အချိန်ရရင် နယူး ဒေလီကနေ ကျွန်မ ဖုန်းဆက်ကြည့်မယ်၊ ဒီစီမှာ ကျွန်မကို ကူညီမယ့် အဆက် အသွယ်တွေ ရှိပါတယ်၊ မြို့က ကျဉ်းကျဉ်းလေးပါ၊ ပြောချင်ကြတဲ့ လူတွေက လည်း အများကြီး'

အဲလစ္စက စဉ်းစားဟန်နှင့် ပြောလိုက်သည်။ ဖော်စတာ၏ ဇနီး အိုလံ ပီယာကို သူမ ကိုယ်တိုင် တွေ့ခွင့် တောင်းရန် ဖုန်းဆက်လိုသည်။ ထိုသို့ တွေ့၍လည်း အကြောင်း ထူးကောင်းမှ ထူးမည်။ သို့သော် တွေ့ကြည့်ဖို့တော့ ကောင်းမည်။


mgyoe.com

mgyoe.com SAMPLE BOOK

အိုလံပီယာ၏ သိက္ခာနှင့် သတ္တိကို အဲလစ္စ လေးစားသည်။ တွေ့ခွင့်ရမည် ဆိုလျှင် တွေ့ရမည်မှာ စိတ်ဝင်စားစရာလည်း ကောင်းသည်။ အိုလံပီယာသည် အင်တာဗျူး အလုပ်မခံ။ သို့သော် သူမ၏ ခင်ပွန်း စွမ်းဆောင်ပုံများကို မေးချင်သည် ဆိုလျှင်တော့ တစ်နာရီခန့် တွေ့ခွင့် ပေးနိုင်ကောင်းသည်။

အဲလစ္စသည် ဖဲလစ္စထံမှ မနီလာ စာအိတ်ကို ယူကာ မတ်တတ် ထရပ်လိုက်သည်။ နယူးဒေလီတွင် သတင်း သွားယူမည့် ကိစ္စ အောင်မြင်ပါစေဟု ဖဲလစ္စက ဆုတောင်းပေးလိုက်သည်။ နယူးဒေလီတွင် သိပ်ကြာစရာ မလိုဘဲ ပရိသတ် အကြိုက် ထိပ်တန်း သတင်းကောင်း တစ်ခု ရလာမည်ဟု ဖဲလစ္စ ယုံကြည်နေသည်။ သည်လိုနှင့် သူ အောင်မြင်လာသည်လေ။

အဲလစ္စ သူမ ရုံးခန်း ပြန်လာရင်း အိုလံပီယာ အကြောင်းကို စဉ်းစားလာခဲ့သည်။ သူမ ရုံးခန်းထဲတွင် ဘန်မှာ ခရီးဆောင်အိတ်နှင့် သူမကို စောင့်နေသည်။ သူတို့ နောက်နာရီဝက် အတွင်း လေဆိပ်ကို သွားရမည် ဖြစ်၏။

'ခင်ဗျား အလုပ် ပြတ်သွားပြီလား' ဘန်က နောက်ပြောင်သည်။ သူမက ရယ်နေ၏။

'မပြတ်သေးဘူး၊ ကျွန်မကလည်း ပြတ်အောင် လုပ်နေတာ'

'ပြောရဦးမယ်၊ ကျွန်တော်က ဒီအလုပ်ကို သိပ်သဘောကျတာ၊ နောက်ထပ် လူသစ်နှင့်လည်း မတွဲချင်ဘူး' ဘန်က ပြောရင်း ခရီး ထွက်မည့် အထုပ်အပိုးများပေါ်သို့ သူမ ပစ်တင်လိုက်သော စာအိတ်ကို ကြည့်ကာ 'ကြိုတင်လေ့လာစရာတွေလား'

သူမက ခေါင်းညိတ်လိုက်သည်။

'တိုနီ ကလပ်နှင့် ပတ်သက်ပြီး ဖဲလစ္စက သူ အပုပ်နံ့ ရနေတယ်လို့ ထင်နေတယ်၊ အခုတော့ အပုပ်နံ့က သိပ်မပြင်းသေးဘူး၊ သူက ပြင်းပြင်း ရချင်နေတာ'

'ဒီတော့ ခင်ဗျားကို အပုပ်နံ့ ပြင်းပြင်း ရှာခိုင်းတယ်ပေါ့လေ' ဘန်က စိတ်ဝင်တစား မေးလိုက်သည်။

'အပုပ်နံ့ ပြင်းပြင်း ရှိတယ် ဆိုရင်တောင် အနံ့တော့ မထွက်သေးဘူး' အဲလစ္စ ခပ်ပြုံးပြုံး ပြောလိုက်သည်။ သူမလည်း ဘန်နှင့် တွဲအလုပ် လုပ်ရသည်ကို သဘောကျသည်။

'ဒါဆို ခင်ဗျား အလုပ် များတော့မှာပေါ့'



mgyoe.com

mgyoe.com
SAMPLE BOOK

ဘန်က ပြောကာ သူမကို စောင့်ရင်း မဂ္ဂဇင်း တစ်စောင်ကို လှန်ဖတ်နေသည်။ သူ့ အနေနှင့် သူမနောက် လိုက်သွားပြီး သတင်း ဓာတ်ပုံများကို ရိုက်ရုံပင်။ ကြီးလေးသော တာဝန်တွေက သူမ တာဝန်။

သူတို့ ရုံးမှ မထွက်မီ နှစ်ယောက်စလုံး အတွက် ကော်ဖီ မှာနေစဉ် အဲလစ္စက သမီး ဖြစ်သူ ဖေးထံ ဖုန်းဆက်လိုက်သည်။

သမီးကို တိုက်ရိုက်မှ ပြောခွင့် ရပါမည်လား၊ အသံ မေးလ်ပဲ ထားခဲ့ရမည်လား စိတ်မချ ဖြစ်နေသည်။ သို့သော် ဖေးက ဖုန်းကိုင်သဖြင့် အဲလစ္စ ဝမ်းသာရသည်။

နယူးဒေလီ ရောက်လျှင် ဖုန်းဆက်ဖို့ အချိန် ရမည် မဟုတ်။

'အလာဘားမား သတင်းကို သမီး အကုန် ကြည့်လိုက်တယ်' ဖေး၏ အသံတွင် ဒေါသသံ ပါနေသည်။ 'အမေဟာ ကိုယ့်ကိုယ်ကိုယ် သေအောင် လုပ်နေတာ၊ အမေ့ကို သေနတ်နှင့် ပစ်မယ့်လူ မရှိတာ တော်သေးတယ်၊ သိပ် မကြာဘူး၊ အမေ အပစ်ခံရမယ်' ဖေးက မကျေမနပ်နှင့် ပြောနေသည်။ ဤသည်မှာ စိုးရိမ်စိတ်ကြောင့် ဖြစ်ကြောင်း အဲလစ္စ သိနေသည်။ မိခင် ဆုံးရှုံးရမည်ကို ဖေး စိုးရိမ်နေခြင်း ဖြစ်သည်။

'ဒီလောက်လည်း မဆိုးပါဘူး သမီးရဲ့' အဲလစ္စက ဖေးကို ဖြေသိမ့်သည်။ သို့သော် ဖေးက မိခင် အကြောင်းကို သိပြီးသား။

'ဒါ့ထက်တောင် ဆိုးရင် ဆိုးဦးမှာ၊ ဒီနေ့ အထိ ဖြစ်နေတုန်းပဲ ဆိုတာ ယုံနိုင်စရာတောင် မရှိဘူး၊ စက်ရုံ ပိုင်ရှင်တွေနှင့် အလုပ်သမားတွေ အကြား ဖြစ်တာကို ဗန်းပြထားပေမဲ့ ဒါဟာ လူမျိုးရေး ခွဲခြားမှုပဲ'

ဖေး၏ ထောက်ပြချက်မှာ ခါတိုင်းလိုပင် မှန်ကန်နေသည်။

သူမမှာ အဲလစ္စ လိုက်သည့် သတင်းတွေ ကြည့်ကာ ကြီးပြင်းလာခဲ့ခြင်း ဖြစ်သည်။ သမီးကို အဲလစ္စ အမြဲ ရှင်းပြချင်ခဲ့သည်။ သည်လိုနှင့် ဖေးမှာ အသက် ငယ်ငယ်တွင် သံသယ အမြင်ဖြင့် ကြည့်တတ်လာသည်။ ထိုအတွက် အဲလစ္စ စိတ်မကောင်း ဖြစ်ရသည်။

ဖေးမှာ ထက်မြက်သည့် မိန်းကလေးပေ။

'အခုရော ဘယ်သွားဦးမလို့လဲ'

'အမေ ဒီည အိန္ဒိယ နိုင်ငံကို သွားရမယ်၊ ဒါက စီးပွားရေးနှင့် ဆိုင်တဲ့ သတင်းပါ၊ အန္တရာယ် မရှိပါဘူး၊ အဆင့်မြင့် နည်းပညာ ပြဿနာနှင့် ထောင် ကျတော့မယ့် သူဌေးကြီး တစ်ယောက်ရဲ့ သတင်းကို သွားယူမလို့ပါ'

mgyoe.com

mgyoe.com SAMPLE BOOK

'အမေ အာဖဂန်နစ္စတန်က မြေလျှောင် သတင်းကို သွားယူမယ် ထင်နေတာ၊ အမေ့ကို မကြာခင် စစ်မက်ဇုန်ကို လွှတ်ကြဦးမယ် ဆိုတာ သေချာတယ်' ဖေးက မကျေနပ်သံဖြင့် ပြောနေသည်။

'အဲဒါတွေ အကုန်လုံးလည်း အမေ မလုပ်ပါဘူး'

'အခုတောင် ဘယ်လောက် လုပ်ပြီးပြီလဲ၊ အမေ သမီးကို ညာတယ်၊ မနှစ်က အဲဒါမျိုး သတင်းတွေ အမေ မလိုက်တော့ဘူးလို့ ပြောခဲ့တယ်၊ အဲဒီကတည်းက စစ်မက်ဇုန် ငါးခုကို အမေ ရောက်ခဲ့တယ်' ဖေးမှာ မိခင်၏ ဟာကွက်ကို အမြဲ သိနေသည်။ သူမ ပြောသည်လည်း မှန်နေသည်။

'အမေက သူတို့ လွှတ်တဲ့ နေရာကို သွားရတာ ဖေး၊ အဲဒါ အလုပ်ပဲလေ'

'ရိုးရိုး အလုပ်ကို အမေ ဘာလို့ မလုပ်သလဲ၊ ကျောင်းဆရာမတို့၊ သူနာပြုဆရာမတို့၊ ရုပ်မြင်သံကြားမှာ မိုးလေဝသ သတင်း ကြေညာသူတို့လိုမျိုးလေ'

'မိုးလေဝသ သတင်းထောက် လုပ်ဖို့ အမေ့မှာ ခြေထောက်က မကောင်းဘူး၊ နောက်ပြီး မိနီ စကတ်လည်း မဝတ်ချင်ဘူး'

'အရှက် သိပ်ကြီးမနေပါနှင့် အမေ'

'အတ္တလန္တာမြို့က အပူချိန်တို့၊ ဗားမောင့် ပြည်နယ်မှာ ဆီးနှင်း ကျတာတို့၊ ကရေဘီယံ ပင်လယ်မှာ အပူပိုင်း မုန်တိုင်း ကျတာတို့တွေကို သတင်းပြောတာမျိုးတွေ အမေ မလုပ်ချင်ဘူး၊ ပျင်းလို့ သေလိမ့်မယ်'

'ဒီတော့ အမေက ကွန်မန်ဒို လုပ်တယ်ပေါ့၊ အခု ရက်ပိုင်း အတွင်းမှာ အမေ သေလိမ့်မယ်' ခဏ ကြာအောင် စကား မပြောမိကြ။ အဲလစ္စ ဘာပြောရမည် မသိ။ ဖေး ပြောသည်လည်း မှန်နေသည်။ သူမ၏ ဖခင်လည်း ထိုအတိုင်း သေခဲ့ရသည်လေ။

'ကျောင်းအသစ်မှာ ဘယ်လို နေလဲ' အဲလစ္စက ဖေး စိတ်ပြောင်းသွားစေရန် အကြောင်းအရာ ပြောင်းပြောလိုက်သည်။ သည်လို ပြောင်းသည်မှာလည်း အမြဲတမ်းတော့ မအောင်မြင်။

'ထူးထူးထွေထွေတော့ မရှိပါဘူး၊ သမီး ဓာတုဗေဒမှာ စီ အဆင့် ရတယ်' အခြား ဘာသာများတွင် ဖေး အေနှင့် ဘီတို့သာ ရသည်။ အဲလစ္စသည်လည်း ကျောင်းတုန်းက တော်ခဲ့သည်။ 'မနေ့က မာမီနှင့် ဖုန်းပြောဖြစ်တယ်၊ သူ့ဆီကို အမေ ဖုန်းဆက်ပါဦးတဲ့'

'ဆက်ဖို့ အမေ စိတ်က ရှိတယ်၊ ဒါပေမဲ့ အချိန် မရလို့' အဲလစ္စ ပြောရင်း စိတ်ထဲ အပြစ် ရှိသလို ခံစားရသည်။ မိခင်ကို သူမ မကြာခဏ ဖုန်း



mgyoe.com

mgyoe.com
SAMPLE BOOK

မဆက်ဖြစ်ခဲ့။ ထိုအတွက် အမေကတော့ အပြစ်မတင်။ ဖေးကတော့ သူမ ဘွားအေထံ မကြာခဏ ဖုန်းဆက်သည်။ ထို့ကြောင့် တော်သေးသည်။ 'သူ ဖလော်ရင့် မြို့နှင့် ရောမ မြို့ကို ပန်းချီ လေ့လာရေး ခရီး သွားမလို့၊ အမေ့ ကိုပါ လိုက်စေချင်နေတယ်၊ အမေက ဘယ်လိုက်နိုင်မလဲ'

ဘန် ကော်ဖီခွက်နှင့် ပြန်ရောက်လာသည် အထိ သူတို့ သားအမိ နှစ် ယောက် စကား ပြောဖြစ်ခဲ့ကြသည်။ ဘန်က သူ့ လက်ပတ်နာရီကို လက်ညှိုး ထိုးပြသည်။ သူတို့ ခဏ အကြာတွင် ထွက်ရမည် ဆိုသည့် သဘော။ အဲလစ္စ က ခေါင်းညိတ်ပြလိုက်သည်။

'နယူးဒေလီကနေ အမေ ဖုန်းဆက်လိုက်မယ်' အဲလစ္စက ကတိ ပေးလိုက် သည်။ တကယ်လည်း ဆက်မည်ဟု ရည်ရွယ်သည်။ သို့သော် ဟိုရောက်၍ အလုပ် များနေမည် ဆိုလျှင် ဆက်ဖြစ်မည် မဟုတ်ကြောင်း နှစ်ဦးစလုံးက လည်း သိနေသည်။ 'အမေ တစ်ရက် နှစ်ရက် ဆိုရင် ပြန်လာမှာ'

'ပြန်လာပြီး နောက်တစ်နေ့ရာ ထွက်ဦးမှာ မဟုတ်လား၊ အန္တရာယ်တော့ ကြည့်ရှောင်ပါ အမေ၊ အမေ့ကို ချစ်တယ်'

ဖေးက ရင်ထဲမှ ပြောလိုက်ခြင်း ဖြစ်သည်။ အဲလစ္စလည်း မျက်ရည် တွေ ဝဲနေတော့သည်။ မိမိတို့ နှစ်ယောက်၏ ဘဝ ခရီးလမ်းက မလွယ်လှ။ သို့သော် ထိုလမ်းကို လျှောက်ရင်း တစ်ယောက်ကို တစ်ယောက်လည်း ချစ်နေ ကြသည်။

မိမိနှင့် ပတ်သက်၍ ဖေး ဂုဏ်ယူနေမှန်းလည်း အဲလစ္စ သိနေသည်။

'အမေလည်း သမီးကို ချစ်ပါတယ် မေမေ့ အသည်းလေးရယ်၊ သမီး နေတာထိုင်တာ ဂရုစိုက်နော်'

ဖုန်းချလိုက်ကြပြီးနောက် ကော်ဖီကို တကျိုက်ကျိုက် သောက်ရင်း အဲလစ္စ ဘန့်ကို ပြုံးပြလိုက်သည်။

'ကလေးမ အခြေအနေ ဘယ်လိုလဲ'

ဘန်က စိတ်ဝင်တစား မေးသည်။ အဲလစ္စ သူမ သမီးအား သိပ်ချစ်သည် ကိုလည်း ဘန် သိနေသည်။

'ဓာတုဗေဒမှာ စီ အဆင့် ရတယ်တဲ့၊ အဲဒါက လွဲရင် ကျန်တာ အားလုံး အဆင်ပြေပါတယ်'

ထိုစကားကို ဘန်က အပြုံးဖြင့် တုံ့ပြန်လိုက်သည်။ ရုပ်သံ လုပ်ငန်း အတွက် တစ်ကမ္ဘာလုံးသို့ ခရီး ထွက်နေရသဖြင့် သူ့တွင် မိသားစု ဟူ၍


mgyoe.com

mgyoe.com SAMPLE BOOK

မထားနိုင်။ သူ့တွင် ရေရှည် သံယောဇဉ်မျိုး မပြောနှင့် ရေတို သံယောဇဉ်မျိုး ပင် ထားရန် မဖြစ်နိုင်။ သူ့တွင် အချစ်ရေးရာ ဆိုသည်မှာ ထိလွဲချည်းသာ ဖြစ်သည်။ မိန်းမချောတွေနှင့် တွေ့သော်လည်း ချိန်းတွေ့သည်မျိုး၊ တစ်ည တာ တွဲသည်မျိုးပင် မလုပ်နိုင်ခဲ့။ ထိုသည်မျိုးများကို အချိန် မပေးနိုင်။ ထိုသို့ လုပ်ရန် အချိန်လည်း မရ။ အခြေအနေလည်း မပေး။ နောက်ထပ် အိမ်ထောင် ပြုရန်လည်း သူ ဆန္ဒ မရှိ။ အဲလစ္စမှာလည်း ထိုအတိုင်းပင်။

အိမ်ထောင်ပြုရန် ဆိုသည်မှာ သူမ၏ ရည်မှန်းချက် စာရင်းထဲတွင် မပါ ဟု အဲလစ္စ အမြဲ ပြောသည်။ သူမ၏ အလုပ်နှင့် ပတ်သက်ပြီး တဗျစ်တောက် တောက် ပြောကာ သူမကို အလုပ် ပြောင်းခိုင်းမည့် ယောကျ်ားမျိုးကိုလည်း သူမ မလိုချင်။ လင်တစ်ယောက်ကိုသာ ကွာရှင်းလိုက်နိုင်မည်၊ သည်အလုပ် ကိုတော့ မစွန့်လွှတ်နိုင်။ အီရတ် နိုင်ငံတွင် မြေမြှုပ်မိုင်းတွေ အကြား လျှောက် သွားနေသည့် မိန်းမ၊ အာဖဂန်နစ္စတန် နိုင်ငံတွင် အကြမ်းဖက်သမားများကို ရှာရန် တင့်ကားပေါ် ထိုင်လိုက်နေသော မိန်းမမျိုးကို ဘယ်ယောကျ်ားမျှ ရည်း စား ထားလိုခြင်း၊ လက်ထပ်လိုခြင်း မရှိသည်ကို အတွေ့အကြုံ အရ အဲလစ္စ သိနေသည်။ ယခု ရက်ပိုင်း အတွင်း သူမ သေသွားနိုင်သည်ဟု ဖေး ပြော လိုက်သည်မှာလည်း မှားဖွယ် မရှိ။ သူမ အတွက်တော့ သူမ၏ သမီးနှင့် သူမ ၏ အလုပ်ကို တစ်လှည့်စီ တွေ့နေရလျှင်ပင် သူမ စိတ်ချမ်းသာသည်။

သူမ ငယ်စဉ်မှာပင် သူမ ဖခင် ဗုံးပေါက်သည့် အထဲ၌ သေဆုံးသွားခဲ့ ရသည်က သူမကို များစွာ ရိုက်ခတ်ခဲ့သည်။ မိမိနှင့် ငြိစွန်းသော ယောကျ်ား ဆုံးရှုံးရသည်မျိုး၊ ထိုလူ မိမိအား ဆုံးရှုံးရသည်မျိုးများ ဖြစ်မည်ကို ကြောက် သဖြင့် အဲလစ္စ ဘယ်ယောကျ်ားကိုမှ အနား မကပ်ရဲခဲ့။ လက်ရှိ သူမ၏ အလုပ်ကြောင့် သူမမှာ သမားရိုးကျ ဘဝမျိုး မဟုတ်တော့။ ငယ်စဉ်က ရခဲ့ သည့် စိတ်အမာရွတ်ကိုလည်း ပယ်ဖျက်ခြင်း မရှိခဲ့ပေ။

သူမကို မွေးပြီး မကြာမီမှာပင် ဖခင် သေဆုံးသွားရသည့် အတွက်လည်း မိမိ ချစ်ရသူ တစ်ယောက် ဆုံးရှုံးရမည်ကို ကြောက်သော စိတ်မှာ ပိုမို ခိုင်မြဲ လာသည်။ အဲလစ္စသည် သူမ ချစ်ပြီး သံယောဇဉ် ထားရသူ နှစ်ယောက်သာ ထားသည်။ မိခင်နှင့် သမီး ဖေးတို့သာ ဖြစ်သည်။ ထိုအထဲသို့ မည်သည့် ယောကျ်ားမျှ ဝင်ရန် နေရာ မရှိ။

ဘန်မှာလည်း ထိုအတိုင်းပင်။ အခြေခံသည့် အကြောင်းရင်းချင်း မတူ သော်လည်း အခြေအနေချင်းက အတူတူပင်။


mgyoe.com

mgyoe.com SAMPLE BOOK

နေဗီဆီးလ် တပ်မှာ သူနှင့် လိုက်ဖက်သည်။ ယခု အလုပ်ကလည်း လိုက်ဖက်လုနီးပါး ရှိလှသည်။ နေ့စဉ် တစ်နည်း မဟုတ် တစ်နည်း စွန့်စား နေရသည်။ ဆီးလ် တပ်ဖွဲ့တွင် လုပ်လာခဲ့သည် ဖြစ်၍ ထိုသည်ကိုတော့ အသား ကျနေပေပြီ။

အဲလစ္စ၏ ကင်မရာသမား အနေဖြင့် အန္တရာယ်ကို အမြဲ ထည့်တွက် နေရသည်။ သူတို့ လုပ်နေရသည်မှာ မိမိတို့ သေရမည့် အလှည့်ကို စောင့်နေ ရသကဲ့သို့ ရှိသည်ဟု သူ ပြောလေ့ ရှိသည်။

'အသင့် ဖြစ်ပြီလား' ဘန်က မေးလိုက်သည်။

အဲလစ္စ အိတ်ကို ကောက်ယူကာ ခရီးဆောင် သေတ္တာကို ရုံး အပြင် ဘက် ရောက်အောင် ဘီးဖြင့် ဆွဲလာခဲ့သည်။ ဘန်ကလည်း သူ့ပစ္စည်းတွေကို ယူလိုက်သည်။ ကင်မရာ ပစ္စည်းများနှင့်၊ ပခုံးပေါ်တွင်လည်း အိတ် အလေး ကြီးနှင့်။ သူတို့သည် ခရီး သွားသည့် အခါ အတတ်နိုင်ဆုံး မလိုအပ်သော အပို ပစ္စည်းတွေ မယူခဲ့ကြ။

သူတို့ အောက်ထပ်သို့ ဆင်းလာသော အခါ သူတို့ကို လေဆိပ် ပို့မည့် ကားက အသင့် ရောက်နေသည်။ မူလက ဘန်မှာ မသွားချင် သွားချင် ဖြစ် နေသော်လည်း ယခုမူ သူတို့ နှစ်ယောက် လမ်းပေါ်တွင် ပျော်နေကြပြန်သည်။ ဘန်မှာ သူမနှင့် ထွက်လာရသည်ကို ကျေနပ်နေပုံ ရသည်။ သည်အလုပ်ကို သူတို့ ကျွမ်းကျင်ကြသည်။ ဘန်၏ အမြင်တွင် သည်အလုပ်၌ အဲလစ္စသည် အတော်ဆုံး။

'ကျွန်မ တခြား နေထိုင်မှု ပုံစံနှင့် နေလို့ ရမယ် မထင်တော့ဘူး' နယူး ယောက် ယာဉ်ကြောထဲသို့ ကားထွက်လာစဉ် အဲလစ္စက ပြောလိုက်သည်။ သူမ က ဆက်၍ 'လူတွေ တစ်ချိန်လုံး အိမ်မှာ နေပြီး နိစ္စဓူဝ အလုပ်တွေကို လုပ် နေရတာ ဘယ်လို နေကြလဲ မသိဘူး'

'အဲဒါပေါ့ နိစ္စဓူဝ ဘဝ ဆိုတာ' ဘန်က တွေးတွေးဆဆဖြင့် အသံ တိုး တိုး ပြောလိုက်သည်။ ထိုဘဝမျိုး သူ့တွင် ဘယ်တော့မှ ရှိမည် မဟုတ်။ လို လည်း မလိုချင်။

'အဲဒီလိုမျိုး နေရရင် ကျွန်မ အံဝင်ခွင်ကျ ဖြစ်မယ် မထင်ဘူး'

'ဘယ်ဖြစ်လိမ့်မလဲ' ဘန်က ထောက်ခံသည်။

သူတို့ နှစ်များစွာ နေလာခဲ့ပုံက သူတို့ နေလည်း နေတတ်သည်၊ နေ လည်း နေချင်သည့် ပုံစံမျိုး ဖြစ်သည်။ သူတို့နှင့်လည်း အံအဝင်ဆုံး။ တိုက်ပွဲ

mgyoe.com

mgyoe.com SAMPLE BOOK

အတွင်း သေမည် ဆိုရင်လည်း သူတို့ သေချင်သည်။ ထိုသည်များကို ကောင်းစွာ သိလျက်နှင့်ပင် ထိုအလုပ်ကို သူတို့ လက်ခံခဲ့ခြင်း ဖြစ်သည်။

ကားသမားက ကားကို လူစည်သော လမ်းများပေါ်တွင် ကွေ့ကာ ဝိုက်ကာဖြင့် လေဆိပ်ဆီသို့ ဦးတည် မောင်းနေစဉ် အဲလစ္စက ဘန်ကို ပြုံးကြည့်လိုက်သည်။ သူတို့ နှစ်ယောက်မှာ လှောင်အိမ်ထဲမှ လွတ်ကာ ဟင်းလင်းပြင် ကောင်းကင်ထဲသို့ ပျံသန်းနေသည့် ငှက်ကလေးများပမာ ပီတိတွေ ဖြာနေကြလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

နယူးဒေလီသို့ အသွား ခရီးတွင် လန်ဒန်မြို့ ဟီသရိုး လေဆိပ်သို့ ပထမ ဝင်ရသည်။ အဲလစ္စက ဝယ်စရာ ရှိသည်များ ဝယ်ခြမ်းနေစဉ် ဘန်က ဆံပင်ညှပ်၊ ဇက်အနှိပ်ခံသည်များ လုပ်နေသည်။ သူတို့ နှစ်ယောက်စလုံး လေယာဉ်ပေါ်တွင်ပင် အိပ်ကြသည်။ သူတို့၏ ကိုယ်ရေးကိုယ်တာ လုပ်စရာ ရှိသည်များကိုလည်း လေဆိပ်များတွင် လုပ်ကြသည်။ ထိုနေရာများတွင် အခြား နေရာများတွင်ထက် သူတို့ အနေ များသည်။ နောက်ဆုံးထွက် ရုပ်ရှင်များကိုလည်း လေယာဉ်ပေါ်တွင်သာ ကြည့်ကြရသည်။ သူတို့ နယူးဒေလီသို့ မွန်းတည့်ချိန် လေယာဉ်ဖြင့် သွားခဲ့ကြသည်။

ပထမ လေယာဉ် တစ်ဆင့်တွင် ကတည်းက အဲလစ္စက တိုနီ ကလပ်၏ ဓာတ်ပုံများနှင့် အိမ်ထောင်ရေး အခြေအနေများကို ကြည့်လာခဲ့သည်။ စိတ်လည်း ဝင်စားမိ၏။ ကလပ် အပေါ် ဖဲလစ္စ အဘယ်ကြောင့် သဲသဲမဲမဲ မသကာ်ဖြစ်ရသည်ကို အဲလစ္စ သဘော ပေါက်သွားသည်။ သို့သော် လော်ဘီသမားတွေထံမှ ကလပ် ငွေယူသည် ဆိုသော အထောက်အထားတော့ မတွေ့ရ။ အကဲမရချင်စရာ လော်ဘီသမားတွေနှင့် အတော်လေး ရောရောနှောနှော လုပ်နေသည်တော့ ရှိသည်။ သို့သော် ထိုလူများ အတွက် ဘာလုပ်ပေးသည်၊ သူတို့ လိုအပ်ချက်ကို ငွေယူကာ ဖြည့်ဆည်းပေးသည်ဟု လက်ညှိုး ထိုးပြစရာ မရှိ။

လော်ဘီသမားတွေမှာ အကြံနှင့် ဖြစ်ကြသည်။ သူတို့ ကိုယ်စားပြုသည့် စက်မှုလက်မှု လုပ်ငန်းများ၏ လှုပ်ရှားမှုများ၊ လိုအပ်ချက်များကို ပြောပြကြသည်။ ရွေးကောက်ခံ အာဏာပိုင်က သူတို့ လိုအပ်ချက်များ အဆင်ပြေစေရန် ထောက်ခံမှု ပေးခြင်း၊ ဥပဒေပြုပေးခြင်းများ လုပ်ပေးခြင်း ဖြစ်သည်။

ဖဲလစ္စ ပေးလိုက်သည့် အချက်အလက်များကို ကြည့်ကာ အဲလစ္စ၏ သုံးသပ်ချက် အရ တိုနီ ကလပ်၏ ပေါင်းသင်း ဆက်ဆံရေးများတွင် မရိုးသား

mgyoe.com

mgyoe.com SAMPLE BOOK

သည့် သဘောမျိုး တွေ့ရသည်။ သို့သော် လောလောဆယ်အားဖြင့် ထို့ထက် ပိုသည်ကို မတွေ့ရသေး။ သူမ အိမ်ပြန်ရောက်လျှင်တော့ ဖုန်းများ ဆက်ကာ လှမ်းထောက်ကြည့်မည်ဟု ကြံထားသည်။ ကွန်ဂရက် အသိုင်းအဝိုင်းတွင် သူမ အဆက်အသွယ်တွေ ရှိသည်။ သူတို့ ပြောသည်ကို နားထောင်ပြီးမှ ဖဲလစ္စအား သူမ တင်ပြမည်။ သူမ၏ အထက် အရာရှိ ဖဲလစ္စမှာ ဆန္ဒ စောနေသည်ဟု သူမ ထင်နေသည်။ ဒုသမ္မတသည် သူ၏ အနာဂတ် အတွက် တစ်ခုခု ပြင်ဆင်ထားသည်မျိုး ရှိချင်လည်း ရှိမည်။ သို့သော် မတော်မတရား လုပ်ခြင်းမျိုး၊ ဥပဒေ ချိုးဖောက်ခြင်းမျိုးတော့ မရှိသေး။ ထိုသို့ လုပ်ကြောင်း အထောက် အထားလည်း မပြနိုင်သေး။

ကလပ်မှာလည်း အရူး မဟုတ်။ သူ၏ လက်ရှိ အလုပ်ကို အထိခိုက် မခံ။ သူ တည်ဆောက်လာခဲ့သည့် ရည်မှန်းချက်ကိုလည်း အပျက်ခံမည် မဟုတ်။ အဲလစ္စ တစ်ခု ပြောနိုင်သည်မှာ ကလပ်သည် မည်မျှပင် အပြစ် ကင်းဟန် ရှိသော်လည်း တွက်တတ်သူ တစ်ယောက် ဖြစ်ရာ မိမိကို ထိခိုက်မည့် အလုပ်မျိုးတော့ သူ လုပ်မည် မဟုတ်။ ထို့ကြောင့် သူ စောင့်ကြည့်ခံရမည်တော့ အမှန်ပင်။ သူ့ကို လိုက်ချောင်းနေရုံဖြင့်လည်း အန္တရာယ်တော့ မရှိတန်ရာ။ သို့သော် မည်သူမျှ သူ့ကို လက်ပူးလက်ကြပ် ဖမ်းမိမည်ဟုလည်း သူမ မထင်။ သူမ ထင်ကြေးများမှာ မှန်တတ်သည်။

သူမ ဓာတ်ပုံများကို သေသေချာချာ ထပ်ကြည့်လိုက်သည်။ သူမ အတွက် တစ်ပုံသာလျှင် ထူးခြားသည်။ ကလပ်သည် နိုင်ငံရေးသမားများအား လာဘ် ထိုးသည်ဟု စွပ်စွဲခံခဲ့ရသည့် လော်ဘီသမားနှင့် အချီအချ စကား ပြောနေသည့်ပုံ ဖြစ်သည်။ ထိုလော်ဘီသမား လာဘ်ထိုးခဲ့သည်များကိုလည်း သက်သေ မပြနိုင်သဖြင့် စွပ်စွဲနိုင်ခြင်း မရှိခဲ့။ ထိုလော်ဘီသမားသည် အစိုးရပိုင် လောင်း ကစား ကော်မရှင် တစ်ခု အတွက် လုပ်ပေးနေခြင်း ဖြစ်သည်။

သူမနှင့် ဘန်တို့သည် လေဆိပ်တွင် နံနက်စာ စားရင်း ထိုအကြောင်းကို ပြောဖြစ်ကြသည်။ ဘန်လည်း ဇက် အနှိပ်ခံ ပြီးခဲ့ပြီ။ သူမလည်း ဘွတ်ဖိနပ် တစ်ရန် ဝယ်လာဖြစ်ခဲ့သည်။ လပေါင်း များစွာ အတွင်း သူမ သည်တစ်ခါ ပထမဆုံး ဈေးဝယ်ဖြစ်ခြင်း ဖြစ်သည်။

'ခင်ဗျား ပြောတာ ကျွန်တော် လက်ခံတယ်' ဘန်က ကော်ဖီ သောက် ရင်း ပြောနေသည်။ 'ဘာပဲ ဖြစ်ဖြစ် ကလပ်ဟာ သူ တည်ဆောက်လာခဲ့တာ တွေကို လော်ဘီသမားတွေဆီက ငွေယူရုံလောက်နှင့် အထိခိုက်ခံမှာ မဟုတ်ဘူး၊

mgyoe.com

mgyoe.com
SAMPLE BOOK

ဒါမျိုးကတော့ မဖြစ်နိုင်ဘူး၊ ကျွန်တော် ထင်တယ်၊ ဖဲလစ္စဟာ ရေလိုက်လွဲနေတာပဲ၊ တိုနီ ကလပ်ဟာ အဲဒီ လမ်းကြောင်းကို ဝင်ခလုတ်တိုက်မှာ မဟုတ်ဘူး၊ နောက်ပြီး သူဟာ ဘီလ် ဖော်စတာနှင့် ရင်းနှီးတယ်၊ အဲဒါလောက်နှင့်တင် သူဟာ အပြစ်ကင်းသလောက် ဖြစ်နေပြီ၊ သူဟာ မဟုတ်တဲ့ လူနှင့် ပေါင်းမှာ မဟုတ်ဘူး၊ ဖော်စတာသာ အသတ် မခံရရင် သူတို့ အခုလောက် ဆိုရင် အိမ်ဖြူတော်ထဲ ရောက်နေကြပြီ'

ဖော်စတာကို လုပ်ကြံသော သေနတ်သမား၏ ရည်ရွယ်ချက်ကို မသိခဲ့ရ။ လူသတ်သမားသည် ဆီးရီးယား လူမျိုး ဖြစ်ပြီး ခိုးလာသည့် ပတ်စပို့နှင့် ဝင်လာခြင်း ဖြစ်သည်။ သို့သော် သူ့ကို မစစ်ဆေးနိုင်မီ လုံခြုံရေး တပ်ဖွဲ့များက ပစ်သတ်လိုက်ခြင်း ဖြစ်သည်။ တမင် အကြမ်းဖက်လိုသည်မှအပ ဖော်စတာကို လုပ်ကြံရန် အကြောင်း မရှိချေ။ ဆီးရီးယား အစိုးရကလည်း ထိုသေနတ်သမားနှင့် အဆက်အသွယ် မရှိကြောင်း ငြင်းဆိုကာ ထိုလုပ်ရပ် အတွက်လည်း တာဝန်မယူကြောင်း ပြောခဲ့သည်။ ယင်းမှာ အခိပ္ပာယ်မဲ့ ဖြစ်သွားသည့် အမှု ဖြစ်သည်။ ထိုအတွက် ကလပ်လည်း ဘာလုပ်ရ ဘာကိုင်ရမှန်း မသိ ဖြစ်သွားခဲ့ရသည်။

'ကလပ် အကြောင်း လျှောက်မေးလို့ ပြဿနာတော့ မရှိလောက်ဘူးလို့ ကျွန်မ ထင်တယ်၊ ကျွန်မတို့ ပြန်လာရင် ဝါရှင်တန်က ကျွန်မ အသိတွေကို ဖုန်းဆက် မေးကြည့်ဦးမယ်၊ ဘယ်သိနိုင်မလဲ၊ သူက ငွေကို လူမသိနိုင်တဲ့ နည်းနှင့် ယူတာမျိုး ဆိုရင် ဘယ့်နှယ် လုပ်မလဲ၊ နောက် လေးနှစ်မှာ သူ သမ္မတ ဝင်အရွေးခံမယ် ဆိုရင် မဲဆွယ်ပွဲ အတွက် ငွေရှာချင် ရှာနေမှာပေါ့၊ သူက အဲဒီလို လုပ်ဖို့ များတယ်၊ အဆက်အသွယ်နှင့် ငွေရှာထားတာလေ၊ မဲဆွယ်ပွဲ အတွက် ငွေက အများကြီး လိုတာ၊ ကျွန်မ အမြင်တော့ ကလပ်ကို ရိုးသားတယ်လို့ မထင်ဘူး၊ သူက သူ့ကိုယ်သူ သမ္မတ တစ်ယောက်ပုံ ဖမ်းနေတာ၊ ဒါပေမဲ့ သူ့ကို ဥပဒေ အရလည်း အရေးယူလို့ မရဘူး ဖြစ်နေတယ်၊ သူက နိုင်ငံရေးထဲမှာ ထဲထဲဝင်ဝင် ရှိနေတယ်၊ ဖော်စတာက စိတ်ကူး ကောင်းတယ်၊ အမြင် ရှိတယ်၊ သူတို့ နှစ်ယောက်သာ ဆိုရင် သိပ်အတွဲ ညီမှာ၊ စိတ်ကူး ကောင်းတဲ့ လူနှင့် လက်တွေ့ အကောင်အထည် ဖော်သူ'

'စိတ်ကူးသမားနှင့် စီစဉ်သူလို့လည်း ပြောလို့ ရတယ်' ဘန်က ပြုံးစစနှင့် ပြောလိုက်သည်။

နယူးဒေလီသို့ ထွက်မည့် လေယာဉ်ပေါ်သို့ သူတို့ တက်လိုက်ကြသည်။ ပထမ လေယာဉ် တစ်ကြောင်းတွင် ဘန်က စာအုပ် တစ်အုပ်ကို ဖတ်လာခဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ အဲလစ္စကတော့ ရုပ်ရှင် ကြည့်လာခဲ့၏။ ဖဲလစ္စ လေ့လာခိုင်းလိုက်သည့် စာအိတ်ပါ အချက်အလက်များကိုလည်း သူမ လေ့လာထားခဲ့ပြီးပြီ။ နယူးဒေလီတွင် အင်တာဗျူး လုပ်ရန် ရှိသည်များ အတွက်လည်း ပြင်ဆင်ထားပြီးပြီ။ ချောက်ကျနေသည့် သူဌေးကြီးကို တွေ့ရန်လည်း သူမ စိတ်ဝင်စားနေသည်။ ထိုပြဿနာမှာ ခေတ်သစ် ရုပ်သံ ဇာတ်လမ်းတွဲပမာ ဖတ်၍ ကောင်းမည့် ဇာတ်ကွက် တစ်ကွက် ဖြစ်သည်။

အဆိုပါ သူဌေးကြီးသည် အိန္ဒိယ နိုင်ငံတွင် အချမ်းသာဆုံးထဲတွင် တစ်ယောက် အပါအဝင် ဖြစ်သည်။ တရားမဝင် အလုပ်များဖြင့်လည်း နောက်ထပ် ငွေ ဘီလီယံနှင့် ချီကာ ရနေသည်။ သူ့ကို အသေးအမွှား အမှုကလေး တစ်ခုမှ စ၍ မိရာမှ အကုန် ပေါ်ကုန်ခြင်း ဖြစ်သည်။ ထိုသို့ သူ့ အပြစ်တွေ ပေါ်တော့ သူနှင့် စီးပွားရေး ဆက်သွယ် လုပ်ကိုင်သူများက နေရာတကာတွင် သူ့ကို ရှုတ်ချ ပြစ်တင်နေကြသည်။ သူ နှစ်ရှည် ထောင်ဒဏ် ကျခံရဖွယ် ရှိနေသည်။ မတရား အချိုကြီး လုပ်သူ အမှုများမှာ အဲလစ္စနှင့် မစိမ်းလှ။ ထိုလူများကို အင်တာဗျူး လုပ်ရသည်မှာ စိတ်ဝင်စားဖို့ ကောင်းသည်။

နောက်ဆုံး ခရီးစဉ်တွင် သူတို့ အိပ်လိုက်ကြသည်။ ဟိုတယ်ကို နံနက် နှစ်နာရီတွင် ရောက်သွားကြ၏။ နောက်နေ့ မနက်တွင် သူတို့ အင်တာဗျူး လုပ်မည့်သူနှင့် တွေ့ရန် စောစော ထကြသည်။ ထိုလူမှာ လောလောဆယ် အကျယ်ချုပ်ဖြင့် နေနေရသည်။ ခမ်းနားသော အိမ်ကြီး အတွင်းသို့ သူတို့ကို ခေါ်သွားသော အခါ သူဌေးကြီးက သူတို့ကို ဟန်မပျက် အေးအေးဆေးဆေး ကြိုဆိုသည်။ သူ့ကို ကြည့်ရသည်မှာ စိတ်ပူပင်ပုံ မပေါ်။ ကနဦး စကား ပြောစဉ်မှာပင် ထိုလူသည် အတ္တ ကြီးပြီး နောင်တ မရတတ်သူ ဖြစ်ကြောင်း အဲလစ္စ အကဲခတ်လိုက်မိသည်။ သူသည် စံပြလောက်သည့် စည်းအပြင်က လူ တစ်ယောက် ဖြစ်သည်။ ထိုကဲ့သို့သော လူများကို အဲလစ္စ များစွာ တွေ့ခဲ့ဖူးသည်။ အများအားဖြင့် အာဏာရှင်များ၊ နိုင်ငံရေးသမားများ၊ ကော်ပိုရေးရှင်းများ၏ အောင်မြင်သော ခေါင်းဆောင်များ၊ ဒုစရိုက်သမားများ ဖြစ်ကြသည်။ ထိုသို့သော လူများသည် တစ်ဖက်သား ကျလောက်အောင် ပြောတတ်သူများ ဖြစ်ကာ တစ်ဖက်လူအား မိမိတို့ လုပ်စေချင်သည်ကို ရအောင် လုပ်ခိုင်းနိုင်သူများ ဖြစ်သည်။

ဖွယ်ရာသော နေ့လယ်စာကြောင့် အင်တာဗျူးကို ခဏ ရပ်လိုက်ရသည်။ နေ့လယ်စာကို သူ၏ ကြွေသား ထမင်းစားခန်း အတွင်းတွင် အိမ်စေတွေ အများ

mgyoe.com

mgyoe.com
SAMPLE BOOK

ကြီးဖြင့် တည်ခင်းပေးသည်။ သူသည် စကားလည်း သိပ်ပြောချင်သူ ဖြစ်သည်။ နားထောင်မည် ဆိုလျှင် တစ်နေ့လုံးပင် ပြောမည်လား မသိပေ။

သို့သော် နေ့လယ်စာ စားပြီးလောက်ချိန်တွင် မိမိ လိုချင်သလောက် ရပြီဖြစ်ကြောင်း အဲလစ္စ သိလိုက်သည်။ ထို့ထက် ပိုက များနေမည် ဖြစ်သည်။ ဘန်ကလည်း သတင်း အတွက် လိုအပ်သော ပုံများ ရနေပြီ ဖြစ်သည်။

သူတို့ နောက်ထပ် နှစ်ရက် နေကာ ထိုသူဌေးကြီးနှင့် လုပ်ငန်း ဆက်စပ်သူများ၊ သူ လှည့်ပတ်သည်ကို ခံခဲ့ရသူများ၊ အစိုးရ အာဏာပိုင်များနှင့် ထိုလူ၏ လုပ်ရပ်တွင် နောက်ပိုင်း ဖြစ်လာနိုင်သည်များကို ပြောပြနိုင်သည့် ကျွမ်းကျင်သူများနှင့် လိုက်တွေ့သည်။ သူ ထောင်ကျမည်နှင့် ပတ်သက်၍ သံသယရှိသူ အိန္ဒိယတွင် တစ်ယောက်မျှ မရှိ။ သို့သော် အပြစ် ကျူးလွန်ထားသော ထိုလူကမူ သူ့ကိုယ်သူ အပြစ်မှ လွတ်မည်ဟုသာ ယုံကြည်နေသည်။ သူ့ကိုယ်သူ လူတကာထက် တော်သည်ဟု ယုံကြည်နေသည်။ ဟုတ်ချင်လည်း ဟုတ်မည်။ သို့သော် အဖမ်းတော့ ခံနေရလေပြီတည်း။

သုံးရက် ပြည့်သော အခါ လုပ်ရမည့် အင်တာဗျူးများ လုပ်ပြီးပြီ ဖြစ်၍ အလုပ်ကို လက်စသတ်ကြသည်။ နောက်နေ့ မနက်တွင် သူတို့ ပြန်ကြမည် ဖြစ်၏။

ထိုညတွင် ဘန်က စားသောက်ဆိုင် ကောင်းကောင်း တစ်ဆိုင်တွင် ညစာ စားရန် ကြိုတင် စာရင်း ပေးထားလိုက်သည်။ 'ကျုပ်တို့ကိုယ် ကျုပ်တို့ ပြုစုရမယ်' ဘန်က ပြောရင်း နှစ်ယောက်သား ဒမ်ဖွတ် စားသောက်ဆိုင်၏ ဖန်မီးပန်းဆွဲများ၊ အပြာနှင့် ငွေရောင်တို့ဖြင့် ဆင်ယင်ထားသော ထမင်းစားခန်းထဲသို့ လျှောက်လာသည်။ အစားအသောက်တွေကလည်း အလွန် ကောင်းသည်။ ထိုစားသောက်ဆိုင်ကို သူတို့ တည်းသည့် လီလာ ပဲလေ့စ် ဟိုတယ် ဝန်ထမ်း တစ်ဦးက လမ်းညွှန်လိုက်ခြင်း ဖြစ်သည်။ နိုင်ငံခြားတွင် ယခုလို ညနေမျိုးမှာ သူတို့ နှစ်ယောက်စလုံး အတွက် အကြိုက် ဖြစ်သည်။

နေ့ခင်းက အပြာနုရောင် ဆာရီ သူမ အတွက် တစ်ထည်နှင့် ဖေးအတွက် တစ်ထည် အဲလစ္စ ဝယ်ခဲ့သည်။ ဖေး ကြိုက်မည့် အရောင် တောက်တောက် ရင်ထိုးကလေး တစ်ခုလည်း ဝယ်ခဲ့သေးသည်။ တစ်နေရာ ရောက်လျှင် ဝယ်ချင်စရာတွေက အများကြီး။ မိမိတို့ လာယူရသည့် သတင်းက အရေးကြီးသဖြင့် ထိုသည်များက အရေးမကြီးတော့။ သူမနှင့် ဘန် ညစာ စားရင်း သတင်း အကြောင်းကို ဆွေးနွေးကြသည်။ သတင်းမှာ မတည်းဖြတ်ရသေးသော်လည်း


mgyoe.com

mgyoe.com
SAMPLE BOOK

အကြိမ်း ဖြတ်တောက်ကာ ဖဲလစ္စထံသို့ ဒစ်ဂျစ်တယ် နည်းဖြင့် ပေးပို့လိုက်ရာ ဖဲလစ္စက သတင်းကိုရော အင်တာဗျူးများကိုရော သူတို့ စွမ်းဆောင်မှုမှာ ကောင်းသဖြင့် ချီးကျူးသည်။ သူတို့ကို စိတ်ချစွာ အားကိုးရမှန်းလည်း ဖဲလစ္စ သိနေသည်။

'အိန္ဒိယ နိုင်ငံဟာ မေတ္တာစေတ် သိပ်ကြီးတဲ့ နိုင်ငံလို့ ပြောကြတယ်' သူတို့ စားပြီး၍ ကော့ဖီ မှာသောက်ကြရင်း ဘန်က သူမကို ပြောလိုက်ခြင်း ဖြစ်သည်။

'ကျွန်မလည်း ကြားဖူးတယ်၊ ကျွန်မ ဒီကို နောက်ဆုံး တစ်ကြိမ် လာတုန်းက ဒီမှာ ရေတွေ ကြီးပြီး လူရှစ်ထောင်လောက် သေသွားတယ်၊ အဲဒီ သတင်းကြောင့် လူတွေ မကြုံစဖူး စိတ်ထိခိုက်သွားရတယ်တဲ့' သူမှာ လန်းဆွင်နေသည်။ 'ရှင် ကျွန်မ အပေါ် အိန္ဒိယရဲ့ မေတ္တာစေတ်ကို အသုံးမချနိုင်တဲ့ အတွက် စိတ်မကောင်းစရာကြီး' သူမက စလိုက်သည်ကို သူက ရယ်ကျဲကျဲ လုပ်နေသည်။

သူ လမ်းပေါ်တွင်ရော ဤ စားသောက်ဆိုင်ထဲတွင်ပါ ခပ်ချောချော ကုလားမလေးတွေအား လိုက်ကြည့်နေသည်ကို အဲလစ္စ မြင်ခဲ့သည်။

'ကျွန်တော်လည်း အဲဒါ စဉ်းစားနေတာ၊ ဒါပေမဲ့ အရင်က လုပ်ဖော်ကိုင်ဖက်ကောင်တွေနှင့် စားမယ့်အစား ခင်ဗျားနှင့်ပဲ အတူ စားမှာပေါ့၊ နေဗီဆီးလ်က ကောင်တွေနှင့် စားရတာ မင်္ဂလာ မရှိဘူး၊ နောက်ပြီး ကျွန်တော်တို့ စားတဲ့ ကင်တင်း ဆိုင်ကလည်း ဒီဆိုင်လို ကျက်သရေ မရှိဘူး'

သူမက ရယ်သည်။ 'ဒါကိုချည်း စွဲမနေနှင့်ဦး၊ အခုလိုမျိုး တော်တော်နှင့် နေရမှာ မဟုတ်ဘူး' အများအားဖြင့် သူတို့ နှစ်ယောက်မှာ စစ်ဖြစ်နေသည့် နေရာတွင် အဝတ်အစား ညစ်ညစ်ပတ်ပတ်နှင့် စစ်ထရပ်ကား သို့မဟုတ် ဂျစ်ကား နောက်ခန်းတွင် ဖြစ်သလို အိပ်ခဲ့ရသည်ချည်း။ 'ကျွန်မ စဉ်းစားနေတာက ကျွန်မတို့ရဲ့ အမှုသည်ဟာ လူတကာက သူ ထောင်ကျမယ်လို့ ပြောနေတာကို သူက ဘာကြောင့် သူ ထောင်မကျဘူးလို့ ထင်နေတာလဲ ဆိုတာပဲ၊ သူက ကျွန်မတို့ကို ဒါမှမဟုတ် သူ့ကိုယ်သူ အရူး လုပ်နေတယ်လို့ ရှင် ထင်လား' အဲလစ္စက မေးလိုက်သည်။ သို့သော် သည်လို လူစားများသည် ဥပဒေ၏ အထက်တွင် သူတို့ ရှိနေသည်ဟု ထင်နေတတ်ကြောင်း သူမ သိနေသည်။

'သူ အဲဒီလို ထင်တာကတော့ အတော် အံ့သြစရာ ကောင်းတယ်' ဘန်က ဆိုသည်။


mgyoe.com

mgyoe.com SAMPLE.BOOK

သူတို့ ကော့ညက်လည်း သောက်ပြီးကြပြီ။ အစားအသောက်ကလည်း အတော် ကောင်းသည်။ နယူးယောက်ထက်စာလျှင်လည်း ဈေးက အတော် ချို သည်။ ထို့ကြောင့် ထိုမျှ အသုံးစရိတ်လောက်ကို သူတို့ သုံးရဲသည်။ နောက်ပြီး ဒါ့ထက်မကလည်း သူတို့ သုံးထိုက်သည် မဟုတ်လား။

'ကျွန်တော့် အထင်တော့ သူဟာ ထောင်မကျဘူးလို့ သူ တကယ် ယုံနေပုံ ရတယ်၊ သူက သူ့ကိုယ်သူ လူတကာထက် လည်တယ်လို့လည်း ထင်နေတယ်၊ သူ ပြောတာ ကြားလိုက်တယ် မဟုတ်လား' ဘန်က ဓာတ်ပုံများ ရိုက်နေရင်း အင်တာဗျူးတွင် ပြောသမျှကိုလည်း အသေးစိတ် နားထောင်နေတတ်သူ ဖြစ် သည်။

'ကျွန်မကတော့ သူဟာ မီဒီယာကိုရော ကျွန်မကိုပါ သူ့ကို အထင်ကြီး အောင် လုပ်လိုက်တာပဲလို့ ထင်တယ်'

'ကျွန်တော်ကတော့ ဒီလို မထင်ဘူး၊ သူ့ စိတ်ထဲက ရှိလို့ ပြောတယ်လို့ ထင်တယ်၊ သူဟာ တစ်ခုခု အံ့ဩသွားအောင် လုပ်ပြနိုင်လိမ့်မယ်၊ ဒါမှမဟုတ် ငွေထိုးပြီး လွတ်အောင် လုပ်သွားတာမျိုးလည်း ဖြစ်ချင် ဖြစ်မယ်၊ ဘယ်သိနိုင် မလဲ၊ ဒါပေမဲ့ ကျွန်တော်ကတော့ အဲဒါမျိုး မထင်ဘူး၊ သူ လုပ်လိုက်လို့ အတော် ထိခိုက်ခဲ့တာကို သူက မြင်မှာ မဟုတ်ဘူး၊ ဒီတော့ ကျွန်တော်တို့ ဘာဆက် လုပ်မလဲ'

အင်တာဗျူးကို အကြမ်း ဖတ်ပြီးလောက်ချိန်တွင် သူမလည်း ဖဲလစ္စအား ထိုသို့ မေးခဲ့သည်။ ဖဲလစ္စက ပြန်လာပြီး တစ်ပတ် နှစ်ပတ် နေလိုက်ဦးဟု သူက ပြောသည်။ လောလောဆယ် အရေးတကြီး သတင်း မရှိသည့် အချိန် တွင် တိုနီ ကလပ် အကြောင်း ဆက်စုံစမ်းပေးပါဟုလည်း ဆိုသည်။

ထိုအကြောင်းသည် သတင်း ဖြစ်နိုင်သည်ဟု သူက ထင်နေသည်။ အဲလစ္စ နှင့် ဘန်တို့ကတော့ မထင်။ သို့သော် သူက အထက် လူကြီးလေ။ သူ ခိုင်းလျှင် လုပ်ရမည်ပေါ့။

'ကျွန်တော်ကတော့ နယူးယောက်မှာ နှစ်ပတ်လောက် နေချင်သေးတယ်၊ အဲဒီ နေရာကို ကျွန်တော်တို့ မရောက်ဖူးသလိုတောင် ဖြစ်နေတယ်' စားသောက် ဆိုင်မှ ဟိုတယ်သို့ အပြန်တွင် ဘန်က ပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ပါ့၊ ပြီးတော့ ဖေး အားရင် စနေ တနင်္ဂနွေမှာ သူနှင့်လည်း တွေ့ ချင်သေးတယ်၊ ဂျူမြို့ကို ကျွန်မ အဲဒီကနေ လေယာဉ်နှင့် သွားလို့ ရတယ်' အဲလစ္စ သမီးကို မမြင်ရသည်မှာ နှစ်လ ရှိပေပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

'ခင်ဗျားမှာ ဒီသမီးလေး ရှိတာ ကံကောင်းတယ်' ဘန်က တည်ငြိမ်သော အသံနှင့် ပြောနေသည်။ သူ ထိုလေသံမျိုးနှင့် ပြောသည်ကို အဲလစ္စ တစ်ခါမျှ မကြားဖူးခဲ့။ သူတို့ အလုပ် လုပ်နေသည့် အခါ မိမိတို့ ကိုယ်ရေးကိုယ်တာများ ကို မပြောခဲ့ကြ။ သို့သော် ယခု ညက လကလည်း သာ၊ နေရာကလည်း ကောင်း ဖြစ်နေသည်။

အဲလစ္စမှာ ညစာ စားရန် အတွက် အကျနဆုံး ဝတ်စားလာခဲ့သည်။ သူ လည်း ထိုအတိုင်းပင်။ ထို့ကြောင့် သူတို့ နှစ်ယောက်မှာ လုပ်ဖော်ကိုင်ဖက် ကဲ့သို့ မဟုတ်ဘဲ သာမန် လူတွေလို ဖြစ်သွားတော့သည်။ အလုပ် အတူ လုပ် သည့် မိတ်ဆွေတွေ ဖြစ်လင့်ကစား ယောကျ်ား တစ်ယောက်နှင့် မိန်းမ တစ် ယောက် ညစာ အတူ လာစားကြခြင်း ဖြစ်သည်။

'ရှင် ကလေး မလိုချင်ခဲ့ဘူးလား၊ လိုချင်ရင်တော့ အချိန် မနှောင်းသေး ဘူးနော်' သူမက သူ ဘာပြန်ပြောမည်လဲဟု တောက်လိုက်သည်။

ဘန်က အတန်ငယ် ငြိမ်နေပြီးမှ 'ဟုတ်ပါတယ်' သူသာ အင်တာဗျူး လုပ်ခံရသူ ဖြစ်ပါမူ သူမ ဖိ၍ မေးတော့မည်။ သို့သော် သူမက မမေး။ သူ့ အသံတွင် တစ်ခုခု ထူးခြားနေသဖြင့် ဘာများလဲဟု သူမ တွေးနေမိသည်။

'ကျွန်မ ဖေးကို ရတော့ အသက် နှစ်ဆယ်ပဲ ရှိသေးတယ်၊ ကောလိပ် တက်တုန်း၊ ဒီအတွက် ကျွန်မ ဘာမှလည်း ပြင်ဆင်မထားခဲ့ရသေးဘူး၊ သူ့ကို မမွေးခင် တစ်လ အလိုကျမှ ကျွန်မတို့ လက်ထပ်ကြတာ၊ နောက်သုံးလ ကြာ တော့ ကလေးရဲ့ အဖေ မတော်တဆ ဖြစ်ပြီး ဆုံးသွားတယ်၊ သူ့ မိဘတွေက ကျွန်မနှင့် ဖေးကို မပတ်သက်ချင်ကြဘူး၊ နောက်ဆုံးတော့ သမီးကို ကျွန်မ အမေနှင့် ဥရောပမှာ ထားခဲ့ပြီး ကျောင်းပြန်တက်တာ၊ ပြီးတော့ နယူးယောက် မှာ အလုပ် ဝင်လုပ်တယ်၊ သမီးကို ကျွန်မ အမေနှင့် ထားတာ ငါးနှစ် ကြာ တယ်၊ အဲဒါဟာ အခုနေ ကြည့်ရင်တော့ ဘာမှ မဟုတ်သလိုဘဲ၊ အဲဒီတုန်းက တော့ အတော် ခံစားရတယ်'

သူမ၏ အိမ်ထောင်ရေးနှင့် ဖေးကို မွေးသည့် အကြောင်းများကို သူ့ကို ယခင်က ပြောမပြဖူးခဲ့။ သူမ ပြောပြသည်ကို သူက လေးစားစွာ နားထောင် နေသည်။

သူမက ဆက်၍ 'ကျွန်မ အမေသာ မရှိရင် ကျွန်မ မလွယ်ဘူး၊ အဲဒီ တုန်းက အဆင်တော့ ပြေတာပေါ့၊ ဒါပေမဲ့ စိတ်ဒဏ်ရာတော့ ကျန်ခဲ့ရတယ်၊ ခြုံကြည့်ရင် ဖေးဟာ အတော်ကို ရင့်ကျက်သွားတော့ ဒါကို ခွင့်လွှတ်နိုင်ခဲ့



mgyoe.com

mgyoe.com SAMPLE BOOK

တယ်၊ အမေကလည်း သူ့ကို သိပ်ဂရုစိုက်တယ်၊ အဖေက မရှိ၊ အမေနှင့်လည်း အတူ မနေရတော့ သူဟာ ကျွန်မ အပေါ် အခုထက် ပိုပြီး စိတ်ဆိုးသင့်တယ်၊ သူက ကျွန်မ အလုပ်နှင့် ပတ်သက်လို့သာ ပြောတာ၊ သူက ကျွန်မကို သူလို ကိုယ်လို မိန်းမမျိုးလို နေစေချင်တာ၊ ကျွန်မကလည်း အဲဒီလို မနေနိုင်ဘူး၊ ကောင်းတဲ့ဘက်က တွေးရင်တော့ ဒါဟာ ဖေး လုပ်ချင်တာ လုပ်ရဲ့ ကိုယ်လို ချင်တာကို တိုက်ယူရဲတဲ့ စိတ်နမူနာ ဖြစ်သွားတာပေါ့၊ ကျွန်မ သူ့အနားမှာ အမြဲ မနေနိုင်တာဟာ အားလုံး မကောင်းတာချည်းတော့ မဟုတ်ဘူး၊ သူ့အသက် ငါးနှစ် အရွယ်မှာ ကျွန်မ သူ့ကို ပြင်သစ်ကနေ ပြန်ခေါ်လာတယ်၊ အဲဒီလို ခေါ်လာတော့လည်း မလွယ်လှဘူး၊ ဒါပေမဲ့ ဖြစ်အောင် နေတယ်၊ ကလေးက တော်ရှာပါတယ်'

'သူ့ အမေလည်း တော်ရှာပါတယ်၊ အခုလို အလုပ်မျိုး လုပ်နေတဲ့ လူတွေမှာ ကလေးတွေ ရှိနေပြီး လုံးဝ ရှုးမသွားတာ ကျွန်တော် အံ့သြတယ်၊ ခင်ဗျား မိဘတွေကရော ဘယ်လိုမျိုးလဲ'

'ကျွန်မ အဖေက ဆာ အလက်စ် ဖီလစ်လေ၊ ဗြိတိသျှ သတင်းစာဆရာ ပေါ့၊ ကျွန်မ ကလေး အရွယ်မှာ အိုင်အာရ်အေတွေ ဗုံးခွဲလို့ သေသွားတာ၊ အမေက ပြင်သစ် လူမျိုး၊ အင်မတန် တော်တယ်၊ အမေ့ကြောင့် ကျွန်မ မိခင် ကောင်း တစ်ဝက်လောက် ဖြစ်နေတာ၊ ကျွန်မ လုပ်ချင်တာ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ဖို့ အမေက အမြဲ အားပေးတယ်၊ ကျွန်မ အဖေ့ ခြေရာ နင်းလို့ အမေက ကျေနပ်နေတာ၊ ဒါဟာ ဘာမှ ဖြစ်မလာဘူး ဆိုတာလည်း ကျွန်မတို့ သိတယ်၊ ဒါပေမဲ့ အမေကတော့ ဘာမှ မပြောဘူး၊ ကျွန်မ တစ်ခုခု ဖြစ်ရင် လည်း ဖေးကို အမေ ဂရုစိုက်မှာပါ၊ အမေက အခု အသက် ခြောက်ဆယ် ကျော်ပြီ၊ ဒါပေမဲ့ အလုပ်တွေ လုပ်တုန်း၊ ပျော်တုန်း ရွှင်တုန်း၊ ခရီးတွေ ထွက် တုန်း၊ မိတ်ဆွေတွေနှင့် တွေ့တုန်း၊ ကျွန်မ သူ့ဘဝကို ဖြည့်ဆည်းပေးဖို့လည်း သူ မမျှော်မှန်းဘူး၊ အမေဟာ အာဂ မိန်းမပဲ၊ ဖေးကလည်း အမေ့ကို အရမ်း ချစ်တာ၊ ဖေးက ကျွန်မနှင့်ထက် အမေနှင့် အနေ များတယ်လေ၊ သူတို့ သံ ယောဇဉ် သိပ်ကြီးကြတယ်'

'ကျွန်တော်လည်း ကျွန်တော့် အဘွားကို သိပ်ချစ်တယ်၊ အဘွားက ထွား ထွားကျိုင်းကျိုင်းကြီး၊ အေးတယ်၊ ကျွန်တော် မဟုတ်တာ မလုပ်ဘူး ဆိုတာ လည်း သူ သိနေတယ်၊ ထက်လည်း ထက်မြက်တယ်၊ ဟင်းချက်လည်း ကောင်း တယ်၊ ကျွန်တော် ဆီးလ်တပ်ဖွဲ့ထဲ ဝင်တော့ သူက ဂုဏ်ယူနေတယ်၊ ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK

မိသားစုတွေကတော့ ကျွန်တော် စစ်ထဲ ဝင်ပြီး အချိန် ဖြုန်းတာလို့ ထင်ကြတယ်၊ သူတို့က မိသားစု ပုံနှိပ် လုပ်ငန်းကို လုပ်စေချင်ကြတယ်၊ အဲဒါကို ကျွန်တော်ကလည်း မလုပ်ချင်ဘူး၊ ကျွန်တော်တို့ ဘဝတွေမှာ အဘိုး အဘွား တွေဟာ အံ့သြလောက်အောင် အရေးပါပြီး အထောက်အကူလည်း ပြုကြတယ်' သူက သူ့ နောက်ကြောင်းကို ဆွေးဆွေးမြည့်မြည့် ပြောပြနေသည်။

'ကျွန်မမှာတော့ အဘိုး အဘွား မရှိဘူး၊ ကျွန်မ မမွေးခင်က သေကုန်ကြတာ၊ ကျွန်မ မိဘတွေကလည်း မွေးချင်း မရှိကြဘူး၊ ဒါကြောင့် ကျွန်မလည်း အမေ့လိုပဲ၊ ဖေးလည်း အဲဒီလို ဖြစ်နေတာပေါ့၊ ဖေးမှာ မိသားစု ဆိုလို့ ကျွန်မနှင့် အမေပဲ ရှိတာ'

'ဒါဆိုတော့ သူ အဆင်ပြေတာပေါ့၊ ကျွန်တော့် မိဘတွေက မိသားစုဝင် များတဲ့ မိသားစုတွေက ဆင်းသက်ခဲ့ကြတာ၊ သူတို့နှင့် မတွေ့တာ ဆိုရင် နှစ်နှင့် ချီပြီး ကြာခဲ့ပြီ၊ ကျွန်တော့် ညီအစ်ကိုတွေကိုလည်း သိပ်မတွေ့ဖြစ်ဘူး၊ ကျွန်တော်တို့က သဘောထားချင်း မတူကြဘူးလေ၊ သူတို့က မစ်ချီဂန်မှာ ပုံမှန်ပဲ နေကြတယ်၊ ဆီးလ် တပ်ဖွဲ့ထဲမှာတုန်းကရော အခုရော သူတို့ ကျွန်တော်နှင့် သိပ်မဆက်ဆံချင်ကြဘူး၊ ကျွန်တော်ကလည်း သူတို့ကို ပိုမဆက်ဆံချင်သေးတယ်၊ ကျွန်တော် အိမ်ပြန်ရင် ကျွန်တော့်ကို တခြား ဂြိုဟ်က ကျလာတဲ့ လူလို သဘောထားကြတယ်၊ အဲဒီ အတိုင်းလည်း ဆက်ဆံကြတယ်၊ သူတို့ အားလုံး အိမ်ထောင်တွေ သားသမီးတွေနှင့်၊ ကျွန်တော့် ဇနီးဟောင်းနှင့် ကျွန်တော်က ငယ်ရည်းစားတွေ၊ ကွာရှင်းပြီးတဲ့နောက် သူလည်း မစ်ချီဂန်ကို ပြန်သွားတယ်၊ သူ နောက်ထပ် အိမ်ထောင်ပြုပြီး ခုဆို ကလေးတွေတောင် ရနေပြီ၊ ကျွန်တော် တစ်ယောက်ပဲ ဝရမ်းပြေး ဖြစ်နေတာ' မပြောဘဲ ချန်ထားသည် များ ရှိဦးမည်ဟု အဲလစ္စ အကဲခတ်မိသည်။ သို့သော် သူမက ဆက်မမေးတော့။

'တစ်ခါတလေတော့လည်း အဲဒီလို ဖြစ်နေတာက ဆိုးတယ်လို့ ပြောလို့ မရဘူး' သူမက စာနာစွာ ဆိုသည်။

'သူတို့ကတော့ အဲဒီလို သဘောထားမယ် မထင်ဘူး' သူတို့ ဟိုတယ်သို့ လျှောက်လာရင်း သူက ပြောသည်။ သာယာသော ညနေတွင် သူတို့ နှစ်ယောက်စလုံး စိတ်ချမ်းသာနေကြသည်။

'ကျွန်မကတော့ ဒီလို ဖြစ်နေတာတွေကို မစွန့်လွှတ်နိုင်ဘူး၊ ရှင်ရော'

သူက ခေါင်းကို ယမ်းကာ ရယ်လျက် 'ခင်ဗျား တစ်သက်လုံး မြေမြုပ်မိုင်းတွေ၊ ကျည်ဆန်တွေကို ရှောင်နေရတာကို ကျွန်တော် မမြင်ချင်ဘူး၊ ကျွန်


mgyoe.com

mgyoe.com
SAMPLE BOOK

တော်တို့ တစ်ချိန်ကျရင် ဒါ့ထက် အန္တရာယ် ကင်းတဲ့ အခြေအနေမျိုးမှာ နေသင့်တယ်'

နယူးဒေလီတွင် လိုက်ရသည့် သတင်းက ကောင်းသော်လည်း သူတို့ လိုက်နေကျ သတင်းလောက် သူတို့ အားမရ။

'ကျွန်မကတော့ စားပွဲမှာ ထိုင်နေရတဲ့ အလုပ်ကို မလုပ်ချင်သေးဘူး၊ အဲဒီ အလုပ်ကို တစ်သက်လုံးလည်း လုပ်ချင်မယ် မထင်ဘူး၊ အဲဒီလို လုပ်မယ့်အစား သေပဲ သေလိုက်ချင်တယ်'

'လုပ်တော့ မလုပ်ချင်ဘူးပေါ့၊ ကျွန်တော်လည်း ဒီလိုပါပဲ' သူမမှာ ဘာမျှ မဟုတ်သော်လည်း အန္တရာယ်ကတော့ ရှိနေသည်ပင်။ တစ်ချိန်လုံး သူမနောက်ကို လိုက်ကာ သူမ အန္တရာယ် ကင်းအောင် စောင့်ရှောက်နေချင်သည်။ 'ခင်ဗျား အန္တရာယ် မရှိအောင် နောက်ထပ် နေဗီဆီးလ် တပ်ဖွဲ့ဝင် တစ်ယောက်လိုလိမ့်မယ်'

သူမက စိတ်ချမ်းသာစရာ ညနေခင်း အတွက် ကျေးဇူးတင်ကြောင်း ဘန်အား ပြောကာ မိမိတို့၏ ဟိုတယ်ခန်း အသီးသီးသို့ ဝင်သွားကြသည်။ သူမက နောက်နေ့ ပြန်ဖို့ အထုပ်အပိုးပင် ပြင်ဆင်ပြီးနေလေပြီ။

နောက်နေ့ မနက် စောစော သူတို့ လေယာဉ်ဖြင့် နယူးယောက်သို့ ပြန်ခဲ့ကြသည်။ သူတို့ ရောက်သွားတော့ မိုးချုပ်နေလေပြီ။

သည်တစ်ကြိမ်တွင်တော့ သူမ အိမ်သို့ ပြန်သည်။ နောက်နေ့ မနက်တွင် တယ်လီဖုန်းများ ဆက်ရန် အိမ်တွင် ရှိမည် ဖြစ်ကြောင်းလည်း ဘန်အား ပြောခဲ့၏။

'တိုနီ ကလပ် ကိစ္စလား' သူမက ခေါင်းညိတ်ကာ သူမ တိုက်ခန်း ရှိရာ အဆောက်အအုံထဲသို့ ဝင်သွားသည်။ ဘန်ကတော့ ဘရုတ်ကလင်း ရပ်ကွက်ဘက်သို့ ဆက်သွားသည်။ သူမ ပြန်ရောက်ပြီ ဖြစ်ကြောင်း ဖေးအား သူမ မက်ဆေ့ချ် ပို့လိုက်သည်။ ဖေးကတော့ ဘာမျှ ပြန်မရေး။ ဖေး စာကျက်နေသည်လား၊ သူငယ်ချင်းတွေနှင့်လား ဖြစ်မည်။ အဲလစ္စကတော့ သမီး အတွက် စိတ်မပူ။

မနက်ကျတော့ ဝါရှင်တန်မှ သူမ ဖုန်းဆက်ရမည့် လူများ၏ စာရင်းကို ကြည့်လိုက်သည်။ ပထမဆုံး တစ်ယောက်ကိုသာ ဆက်ရန် လို၏။ သူမ အင်တာနက်တွင် ရှာကြည့်တော့ ဆက်ရမည့်သူ၏ ဖုန်းနံပါတ်ကို အလွယ်တကူပင် တွေ့ရသည်။ ထိုဖုန်းမှာ ရုံးဖုန်းလား၊ အိမ်ဖုန်းလားလည်း မသိ။


mgyoe.com

mgyoe.com SAMPLE BOOK

သူမ ဆက် ကြည့်လိုက်တော့ မိန်းမ တစ်ယောက် အသံ ပေါ်လာသည်။

'ဂျိနီဖာ မက်ဖာဆင်ပါ'

အဲလစ္စက အိုလံပီယာ ဖော်စတာ၏ ရုံးပါလားဟု မေးလိုက်တော့ တစ်ဖက်မှ မိန်းမက ဟုတ်ကြောင်း ပြန်ပြောသည်။ အဲလစ္စက အိုလံပီယာနှင့် တွေ့ခွင့် တောင်းချင်ကြောင်း ပြောလိုက်သည်။ မိမိ မည်သည့် သတင်း ဌာနကပါဟူ၍တော့ မပြောလိုက်။ သို့သော် တစ်ဖက်မှ မိန်းမက သူမ အမည်ကို မှတ်မိနေပြီး ဘာကိစ္စနည်းဟု မေးသည်။

'ကွယ်လွန်သွားတဲ့ သူ့ခင်ပွန်း အကြောင်းကို မေးချင်လို့ပါ၊ ကျွန်မက အိုလံပီယာ ရေးတဲ့ စာအုပ်ကို ကြိုက်တဲ့ ပရိသတ် တစ်ယောက်ပါ'

တိုနီ ကလပ်သည် လူရှုပ်လား ဆိုသည်ကို မေးချင်၍ဟုတော့ မပြောလိုက်။ စာအုပ်ကို အကြောင်းပြုလျှင် အဆင်ပြေနိုင်သည်ဟုလည်း တွက်သည်။ အိုလံပီယာ၏ လက်ထောက် အမျိုးသမီးက အဲလစ္စကို ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကို မှတ်ထားလိုက်ကာ မစ္စက် ဖော်စတာ အားလျှင် အကြောင်းကြားမည် ဖြစ်ကြောင်း ပြန်ပြောသည်။ ယင်းမှာ အိုလံပီယာ တွေ့ချင်သည် ဆိုက အကြောင်းကြားမည် ဆိုသည့် သဘော ဖြစ်သည်။ လောလောဆယ် အဲလစ္စ ထိုမျှသာ လုပ်နိုင်သေးသည်။ တွေ့ချင်သည်ဟု အတင်း နားပူနားဆာ လုပ်၍ မရ။ အခြားနည်းဖြင့် ကြိုးစားရန်လည်း မရှိ။

အဲလစ္စ ဖုန်းချလိုက်ပြီး အိုလံပီယာ အကြောင်းကို စဉ်းစားကြည့်နေမိသည်။ မိမိကို အတွေ့ခံပါမည်လားဟုလည်း တွေးကြည့်မိ၏။

ထို့နောက် သူမ ဝါရှင်တန်ရှိ အခြား အသိများထံ ဖုန်းဆက်ပြန်သည်။ သူမ တိုနီ ကလပ် အကြောင်း စိတ်ဝင်စားရခြင်း၊ လော်ဘီသမားများနှင့် ကလပ်ဆက်ဆံနေခြင်း အပေါ် စိတ်ဝင်စားသည်ကို သူတို့က မအံ့သြကြ။ သူမ၏ မေးခွန်းများကို သူတို့က မအံ့သြ။ သို့သော် သူတို့ ဘာသတင်းမှ မရဟု ဆိုကြသည်။ နှစ်ယောက်လောက်ကသာ သူတို့လည်း ထိုအတိုင်း ထင်နေသည်ဟု ဆိုကြသည်။ အားလုံးကတော့ သူတို့ သိရလျှင် အကြောင်း ကြားပေးမည်ဟု ကတိ ပေးကြသည်။ သူမနှင့် သိသည့် နိုင်ငံရေး အသိုင်းအဝိုင်းမှ လူများက ကလပ်နှင့် ပတ်သက်၍ သံသယ ရှိနေကြသဖြင့် အဲလစ္စ အံ့သြရပြန်သည်။ ဖဲလစ္စဘက်က မှန်နေသည်လား။

လောလောဆယ် မိမိ အနေဖြင့် ထိုလူများ အကြောင်း ပြန်လာသည်ကို စောင့်ရုံပင်။ သူတို့ဘက်က ကြာနေသည် ဆိုလျှင်လည်း မီးထိုးပေးရုံပင်။ သည်

mgyoe.com

mgyoe.com
SAMPLE BOOK

ကြားထဲ တိုနီ ကလပ်၏ လှုပ်ရှားမှုများကို လိုက်မေးမည်။ နောက်ပြီး သူနှင့် အရင်းနှီးဆုံး အိုလံပီယာကို တွေ့ခွင့်တောင်းမည်။ သူ နာမည်ကိုတော့ ထည့်ပြောမည် မဟုတ်။ စမ်းတော့ ကြည့်နေလေပြီ။ ရလာသည့် အခြေအနေ အပေါ် မီးစင်ကြည့် ကရမည်။ မေးမြန်း စုံစမ်းရုံလောက်နှင့် စလုပ်၍ ရသည် မဟုတ်။ အဖြေမှာ ကိုယ်ထင်သလို ဖြစ်မလာတတ်။ ဤသည်မှာ သူမ အလုပ်၏ ချစ်စရာ အပိုင်း ဖြစ်သည်။ အံ့သြစရာတွေက နေ့စဉ် ပေါ်လာနေတတ်သည်။ သည်လိုမျိုးတွေကို သာမန် ဘဝ၊ သာမန် အလုပ်များတွင် မည်သို့လျှင် တွေ့နိုင်မည်နည်း။


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၃

အိုလံပီယာ ဖော်စတာ၏ လက်ထောက်အား အဲလစ္စ သူမ၏ အဆင်အပြေဆုံး ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်ကို ပေးလိုက်သည်။ နောက်သုံးရက် ကြာသည့်တိုင် ဖုန်းမဆက်။ အဲလစ္စက ရိုင်းမည် စိုး၍ အတင်းအကျပ် မတောင်းဆိုတော့။ အိုလံပီယာကို ညင်ညင်သာသာ ချဉ်းကပ်မှ ရမည် ဖြစ်ကြောင်း အဲလစ္စ သိနေသည်။ အိုလံပီယာသည် မီဒီယာကို အမေးမခံ။ အမေးခံသည်မျိုး ရှိသည့်တိုင် အတော်ပင် ရှားသည်ဟုလည်း လူတွေ ပြောနေကြသည်။

အဲလစ္စ မသိသော်လည်း အိုလံပီယာ၏ လက်ထောက်က အဲလစ္စကို အတွေ့မခံရန် အိုလံပီယာအား အတင်းအကျပ် အကြံပြုနေသည်။ အဲလစ္စမှာ သတင်းအဖွဲ့သား တစ်ယောက်။ နောက်ပြီး သတင်း ဌာနကြီး တစ်ခု၏ ထောက်လှမ်းရေး သတင်းထောက်။ ထို့ပြင် သူမသည် သတင်း အနှိုက်ကောင်း၊ အလိုက်ကောင်းသည်ဟုလည်း နာမည်ကြီးနေသူ။ ဂျနီဖာကတော့ အဲလစ္စကို လုံး၀ မယုံ။

'ဒါနှင့် မင်း ပြောတော့ သူက စာအုပ်နှင့် ပတ်သက်ပြီး မေးချင်တာဆို' အိုလံပီယာက ခပ်ဆိုင်းဆိုင်း မေးလိုက်သည်။ အဲလစ္စကို သူမ သိနေသည်။ အဲလစ္စ၏ ရုပ်သံ သတင်းများကိုလည်း သူမ သဘောကျခဲ့သည်။ အဲလစ္စသည် ထက်မြက်၍ အတွေးအခေါ် ရှိကာ သူမ လုပ်ငန်းကိုလည်း သူမ လေးစားမှု ရှိသည်။ အိုလံပီယာ အနေနှင့် ထုတ်ပြောစရာ ရှိလျှင် ထုတ်ပြောလိုက်ရုံပင်။ မိမိတွင် ကွယ်ဝှက်ထားစရာ ဘာမျှ မရှိ။

'သူ ပြောတာကတော့ သူဟာ အစ်မ စာအုပ်တွေရဲ့ ပရိသတ်တဲ့၊ ဒါပေမဲ့ အစ်မ စာအုပ်တွေ အကြောင်း မေးချင်တယ်လို့တော့ သူ မပြောဘူး၊ သူက လာပြီး အစ်မရဲ့ ပူဆွေး သောကတွေကို ဖြေသိမ့်ပေးချင်လို့တဲ့၊ ဒါတော့ ဟုတ်မယ် မထင်ဘူး' ဂျနီဖာက တိတိကျကျ ပြောနေသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

'ဒါဆို သူ ဘာသိချင်မယ် ထင်သလဲ' အိုလံပီယာက စဉ်းစားမရသလို မေးသည်။

'သတင်းသမားတွေ ဆိုတာ ပြောရခက်သားလား၊ အများ မသိသေးတဲ့ အရုပ်တော်ပုံ တစ်ခုခုနှင့် ပတ်သက်တာလည်း ဖြစ်ချင် ဖြစ်မယ်'

'ငါက ဘာအရုပ်တော်ပုံနှင့်မှ ပတ်သက်တာ မရှိဘူး၊ ဘီလ်လည်း မပတ်သက်ခဲ့ဘူး' အိုလံပီယာက ရိုးသားစွာ ပြောနေသည်။ သူမ ရိုးအသည်ကိုလည်း လူတိုင်း အသိ။ သူမကို သူမ၏ ခင်ပွန်း ဆီးနိတ် အမတ်မင်း ရှိစဉ် ကတည်းက ဂျနီဖာ ကာဆီး ဖာထေးလာခဲ့ရသည်။ သူမ၏ ခင်ပွန်း မရှိသော အခါ ဂျနီဖာ နှစ်ဆ တိုးကာ ကာဆီးပေးနေခဲ့ရသည်။

ဂျနီဖာ ပြောနေသည့် ကြားမှပင် အိုလံပီယာက အဲလစ္စနှင့် တွေ့မည် ဆို၏။ သူမက ခင်ပွန်းသည် ဘီလ် အကြောင်း ရေးထားသော သူမ၏ စာအုပ် အကြောင်း ပြောပြချင်နေသည်။ သည်စာအုပ်တွင် ပို၍ အသေးစိတ်ကျပြီး ဘီလ် ၏ လုပ်ဆောင်ချက်များထက် ပြောင်းလဲလာသော ကမ္ဘာကြီးတွင် ရှိလာမည့် အခန်းကဏ္ဍ ဆိုင်ရာ ဘီလ်၏ အတွေးအခေါ် အယူအဆများ ပါဝင်သည်။ သူမ၏ ထိုစာအုပ် အပေါ် ထောက်ခံ ဝေဖန်သူ မရှိသေး။ ထုတ်ဝေသူလည်း မရှိသေး။ ထုတ်ဝေသူတွေက ပထမ စာအုပ်တွင် ပါပြီးသားများ ထပ်ပါနေမည်လား၊ သိပ်ဒဿန ဆန်နေမည်လားဟု စာအုပ် ပြီးမှ ဖတ်ကြည့်လိုကြသည်။

ပထမ စာအုပ်တုန်းက သူမသည် အိမ်ထဲတွင် သုံးနှစ်ခန့် တံခါး ပိတ်ကာ ပြင်ဆင်ခြင်း၊ တည်းဖြတ်ခြင်း၊ အချောသတ်ခြင်းများ လုပ်ခြင်းဖြင့် အိမ်တွင်း အောင်းခဲ့သည်။ ယခု စာအုပ်တွင်လည်း အလားတူ အိမ်တွင်း အောင်းနေခဲ့သည်။ သားသမီးများက သူမ ထိုသို့ အဆက် ပြတ်နေသည်ကို စိတ်မကောင်းကြ။ လောကကြီးထဲသို့ ပြန်ဝင်လာစေချင်ကြသည်။ ကလေးများက သူမ အတွက် စိတ်ပူနေကြသည်။ သို့သော် အိုလံပီယာက ဘီလ် ပြောချင်သော စကားများ အား ကမ္ဘာသို့ ပြန့်အောင် လုပ်ရန် ဆုံးဖြတ်ထားသည်။ ဤသည်မှာ သူမ၏ အန္တိမ တာဝန်။

သူမ၏ ကလေးများ ဖြစ်သော ဂျို့ရှ်နှင့် ဒါဆီတို့က မိခင် ပုံမှန် နေထိုင်မှု အတိုင်း ပြန်နေရန် တိုက်တွန်းချက်များကို သူမ အကြောင်း အမျိုးမျိုး ပြကာ ရှောင်လွှဲနေသည်ဟု ဆိုသည်။ ထိုစာအုပ် ရေးခြင်းမှာ အတော် အချိန် ဆွဲမည့် အကြောင်းပြချက် ဖြစ်သည်။ သူတို့က သူမအား ပုံမှန် ဘဝထဲသို့ ပြန်ဝင်စေချင်ကြသည်။ မတွေ့ရသည်မှာ ကြာပြီ ဖြစ်သည့် အသိ မိတ်ဆွေ

mgyoe.com

mgyoe.com SAMPLE BOOK
များကို ပြန်တွေ့ စေချင်သည်။ လှုပ်ရှားမှု တစ်ခုခု လုပ်စေချင်သည်။ အလုပ် တစ်ခု ရှာလုပ်သည်မျိုး၊ ကျောင်းပြန်တက်သည်မျိုးတို့ ဖြစ်၏။

ကလေးများက သူတို့ အဖေ သေသွားသည်မှာလည်း ခြောက်နှစ် ရှိပြီမို့ မိခင် အနေဖြင့် အဖေ့ကို အလွမ်းပြေ စာအုပ်သစ် ရေးသည်ကိုလည်း နားလည် ပေးနိုင်သည်။ သို့သော် အခြားသော စိတ်ပြေလက်ပျောက် လုပ်စရာများလည်း လုပ်စေချင်ကြသည်။ အိုလံပီယာကမူ စာအုပ် ရေးခြင်းက ပိုပြီး စိတ်ပြေလက် ပျောက် ရှိသည်ဟု ဆိုသည်။ ဂျနီဖာက ကလေးများ ပြောသည်မှာ မှန်သည်ဟု ယူဆသည်။ ထို့ကြောင့် အဲလစ္စနှင့် တွေ့ကာ ခင်ပွန်းသည် အကြောင်း ရေးသည့် ဒုတိယ စာအုပ်နှင့် ပတ်သက်ပြီး ဆွေးနွေးမည် ဆိုခြင်းမှာ မသင့်ဟု ဂျနီဖာ ထင်သည်။ အဲလစ္စ ဘာလိုချင်သည်၊ ဘာပြောမည်ကို မည်သူ သိနိုင်မည်နည်း။

အိုလံပီယာက ဂျနီဖာ ကန့်ကွက်သည်ကို အေးအေးဆေးဆေး နားထောင် နေသည်။ ပြီးတော့မှ အဲလစ္စထံ ကိုယ်တိုင် ဖုန်းဆက်လိုက်သည်။ အဲလစ္စမှာ ရုံးတွင် အလုပ် များနေသည်။ ဖုန်းကို အစည်းအဝေးခန်းထဲမှ ထွက်လာပြီး ကိုင်ရသည်။ သူမက တစ်ဖက်မှ ချိုသာ နူးညံ့သော အသံကို ချက်ချင်း မှတ် မိလိုက်သဖြင့် အံ့အားသင့်သွားရသည်။

'မစ္စ ဖိလစ်ပါလား' အိုလံပီယာက စကားလုံးကို ရွေးချယ်ကာ မေးလိုက် သည်။ 'ကျွန်မ အိုလံပီယာ ဖော်စတာပါ၊ ကျွန်မ စာအုပ်နှင့် ပတ်သက်ပြီး ကျွန်မဆီ ဖုန်းဆက်တယ်ဆို၊ ကျွန်မ နောက်ထပ် တစ်အုပ်တောင် ရေးနေပြီ၊ ရေးလို့တော့ မပြီးသေးဘူး၊ နောက်နှစ်လောက် ဆိုရင်တော့ ထွက်မယ် ထင် ပါတယ်၊ ထုတ်ဝေသူ တွေ့မယ် ဆိုရင်ပေါ့၊ ဒီစာအုပ်ကတော့ ပိုပြီး အသေးစိတ် ကျမယ်၊ ဘီလ်က တိုင်းပြည်ရဲ့ အနာဂတ် အတွက် အတွေးအခေါ်ကောင်းတွေ ရှိတယ်၊ အဲဒါတွေကို ပထမ စာအုပ်မှာ အကုန် မရေးဖြစ်ခဲ့ဘူး၊ ရေးစရာတွေ ကလည်း များတယ်လေ' ထိုအကြောင်းနှင့် ပတ်သက်၍ သူမ အတော် ပြော ချင်ပုံ ရသည်။

'ဟုတ်ကဲ့၊ ကျွန်မ သဘောပေါက်ပါတယ်' အဲလစ္စ တွေ့သည့် စကားလုံး ဖြင့် ကောက်ပြောချလိုက်သည်။ ဤသို့လျှင် သူမ ပြောလေ့ မရှိ။ ယခု သူမ အိုလံပီယာ ဖော်စတာနှင့် ပြောနေရသဖြင့် သူမ အတွက် ထူးသလိုတော့ ဖြစ် နေသည်။ သည်လိုတော့လည်း တွေ့ခွင့် ရဖို့ အလွယ်သား။ ယခုပင် ပြောနေရ လေပြီ။ 'အဲဒီ အကြောင်းတွေ ကျွန်မနှင့် တွေ့ပြီး ပြောချင်ပါသလား' အဲလစ္စ က လေးလေးစားစား မေးလိုက်သည်။ တကယ်တော့ အဲလစ္စ ပြောချင်နေသည်


mgyoe.com

mgyoe.com SAMPLE BOOK
က အိုလံပီယာ၏ ကွယ်လွန်သူ ခင်ပွန်း အကြောင်း မဟုတ်၊ တိုနီ ကလပ် အကြောင်းသာ ဖြစ်သည်။ လူချင်း တွေ့ကာ ပြောရလျှင် ပိုအဆင်ပြေမည်ဟု အဲလစ္စ ထင်သည်။ အိုလံပီယာ၏ အိမ်သို့ သွားရဖို့သာ လိုသည်။ ကျန်သည်ကို မီးစဉ်ကြည့် ကသွားမည်။

အိုလံပီယာနှင့် တွေ့ရမည် ဆိုသဖြင့် အဲလစ္စ ရင်တွေပင် ခုန်နေသည်။ ဤသည်မှာ သူမ အတွက် အထူးအဆန်း ဖြစ်နေသည်။ သို့သော် အိုလံပီယာ သည် စံထားလောက်သည့် အမျိုးသမီး တစ်ယောက် ဖြစ်လာသည်။ အာဇာနည် သေခြင်းမျိုးဖြင့် ကွယ်လွန်သွားရှာသော ခင်ပွန်းသည် အပေါ် အသက်ထက်ဆုံး သစ္စာ ရှိစွာ ချစ်သွားသည့် စံပြ ဇနီးကောင်း တစ်ယောက်။ သူမ နာမည်မှာ လူတွေ၏ ပါးစပ်ဖျားတွင် တလေးတစား ရှိနေရသည်။ သူမမှာ သာမန် မုဆိုးမ သက်သက် မကတော့။

'ကျွန်မ ရှင်နှင့် တွေ့ချင်ပါတယ်၊ ရှင့် အလုပ်နှင့် ပတ်သက်ပြီး ကျွန်မ ရှင့်ကို အမြဲ လေးစားနေတာပါ၊ ရှင် ထုတ်လွှင့်တဲ့ သတင်းတွေ အထူးသဖြင့် စစ်ဖြစ်နေတဲ့ နေရာက ပို့တဲ့ သတင်းတွေဟာ မှတ်မှတ်ထင်ထင် ရှိတယ်၊ ရှင် ဟာ အင်မတန် သတ္တိ ကောင်းတဲ့ အမျိုးသမီးပဲ' အိုလံပီယာက တည်ငြိမ်စွာ ပြောနေသည်။

'ကျေးဇူးတင်ပါတယ်' အဲလစ္စ ပြောလိုက်သည်။ မျက်နှာကလေးများပင် နီမြန်းနေ၏။ သူမမှာ ကလေး တစ်ယောက်ပမာ အိုလံပီယာအား 'ရှိန်' နေ သည်။ အိုလံပီယာမှာ အဲလစ္စထက် ရှစ်နှစ် ကြီးသော သိမ်မွေ့သည့် မိန်းမ တစ်ယောက်။ နောက်ပြီး သူမတွင် စိတ်ဝင်စားစရာ လျှို့ဝှက်ချက်တွေ ရှိနေ သည်။ သူမမှာ ဒဏ္ဍာရီဆန်သူ တစ်ယောက်ပင်တည်း။

နောက်နှစ်ရက် ကြာသော အခါ အဲလစ္စအား ဂျနီဖာ အိမ်တံခါးကို ဖွင့် ပေးရတော့သည်။ မျက်နှာကတော့ သုန်မှုန်နေသည်။ အဲလစ္စမှာ မီးခိုးရောင် ရှပ်အင်္ကျီ၊ ဆွယ်တာ၊ ဒေါက်မြင့် ဖိနပ်တို့ကို ဝတ်ဆင်လာသည်။ ရှည်လျား သော သူမ၏ ရွှေရောင် ဆံပင်များကိုလည်း နောက်ဘက်တွင် စုစည်းထားသည်။ သူမ ရုပ်သွင်က ရှင်းသန့်နေသည်။ သူမက အိမ်ထဲ လှမ်းဝင်ရင်း ဂျနီဖာအား ပြုံးပြလိုက်သည်။ ဂျနီဖာကမူ ရှုသိုးသိုးနှင့်ပင်။ မိမိ လာသည်ကို ဂျနီဖာ မကြိုက် ကြောင်း အဲလစ္စ အကဲခတ်လိုက်မိသည်။ သို့သော် အိုလံပီယာ၏ ဆုံးဖြတ်ချက် ဖြစ်သဖြင့် ဂျနီဖာ အနေဖြင့် ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ ငြိမ် နေရမည်သာ ဖြစ်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

သူမက အဲလစ္စအား အင်္ဂလိပ် ရှေးဟောင်း ပရိဘောဂများဖြင့် လှပစွာ ခင်းကျင်းထားသည့် အခန်းငယ်ကလေး တစ်ခုသို့ ခေါ်သွားပြီး စောင့်နေရန် ပြောသည်။ ခဏနေတော့ သူမ ပြန်လာသဖြင့် အဲလစ္စ သူမနှင့် အတူ အပေါ် ထပ်သို့ လိုက်သွားသည်။ ထိုသို့ ခေါ်သွားရသော်လည်း ဂျနီဖာ စိတ်မသက် မသာနှင့်။ ဟောင်းလောင်း ခန်းမကြီးထဲ ရောက်သွားသကဲ့သို့ အဲလစ္စ ခံစား လိုက်ရသည်။ အိမ်ကြီးမှာလည်း တိတ်ဆိတ်နေ၏။ စိတ်မချမ်းမြေ့စရာ ဖြစ်ရ သည်။ ဖော်စတာသည် ရှီကာဂိုတွင် နေထိုင်ရာမှ ဆီးနိတ် အမတ် ဖြစ်တော့ ဝါရှင်တန်တွင် လာရောက် နေထိုင်သည်။ သူက အီလီနွိုက် ပြည်နယ်မှ ဖြစ်ရာ သူ သေတော့ အိုလံပီယာနှင့် ကလေးများ နယူးယောက်သို့ ပြောင်းလာကြ သည်။

ထိုအိမ်တွင် သူမ ခြောက်နှစ်သာ နေထိုင်ခဲ့သော်လည်း အိမ်ကြီးမှာ သူမ ကြာမြင့်စွာ နေလာသကဲ့သို့ ရှိသည်။ ဂျနီဖာက အဲလစ္စအား ဘီလ် ဖော်စတာ အမြတ်တနိုး ရှိခဲ့ဟန် တူသော အခန်း တစ်ခန်းသို့ ခေါ်ဆောင်သွားသည်။ စာ အုပ်တွေလည်း အစီအရီနှင့်။ အင်္ဂလိပ် ရှေးဟောင်း လက်ရာ စားပွဲ တစ်လုံး လည်း ရှိသည်။ ထိုစားပွဲမှာ ဘီလ်၏ စားပွဲ ဖြစ်မည်။ သူ ရခဲ့သည့် ဆုဖလား များ၊ အမှတ်တရ ပစ္စည်းများ၊ သူ့ ဓာတ်ပုံများမှာ တစ်ခန်းလုံး အနှံ့ ဖြစ်သည်။ မီးလင်းဖို အပေါ်တွင် သူ့ ပုံတူ ပန်းချီကား တစ်ချပ်လည်း ချိတ်ဆွဲထားသည်။ သူ၏ အငွေ့အသက်များ အခန်းထဲတွင် ရှိနေဆဲ။

အိုလံပီယာက သူမ အလုပ် လုပ်သည့် စားပွဲမှ ထလာကာ ပြုံး၍ နှုတ် ဆက်သည်။ ထိုအပြုံးကို အဲလစ္စ မှတ်မိနေ၏။ ရက်ရွဲ့မှုနှင့် ပျင်းရှာမှု တစ်ပြိုင် တည်းပါသော အပြုံးမျိုး ဖြစ်သည်။ သူမက အဲလစ္စအား ဘီလ်၏ ပုံတူ ပန်းချီ ကားကြီးကို မျက်နှာပြုသည့် အိညက်သည့် ထိုင်ခုံတွင် ထိုင်ခိုင်းသည်။ ဘီလ် ၏ အငွေ့အသက်များ ရှိရာ ထိုအခန်းမှာ စိတ်ညစ်စရာလည်း မရှိ၊ ကြည်နူး စရာလည်း မရှိလှ။ ထိုအခန်းတွင် အိုလံပီယာ အနေ များသည်။ သူမ ထိုအခန်း တွင် နေသားလည်း ကျပုံ ရ၏။

အခန်း ပတ်လည်တွင် သူ့ကို အမှတ်ရစရာ သူ့ ပစ္စည်းများ၊ သူမနှင့် တွဲ ရိုက်ထားသည့် ဓာတ်ပုံများ၊ ဆီးနိတ် အမတ် ရွေးပွဲ မဲဆွယ်ရာတွင် ကလေး များနှင့် တွဲရိုက်ထားသည့် ဓာတ်ပုံများ။ သူ့ကို ဂုဏ်ပြုသည့် အနေဖြင့် အိုလံ ပီယာ ရေးခဲ့သည့် စာအုပ်မှာလည်း သူ့ ဓာတ်ပုံ မျက်နှာဖုံးနှင့် ဖြစ်ကာ စားပွဲ ပေါ်တွင် ရှိနေသည်။ အိုလံပီယာ ကိုယ်တိုင်က သိမ်မွေ့ နူးညံ့ ပျော့ပျောင်းသူ


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်ဟု အဲလစ္စ ထင်သည်။ ထို့ကြောင့် သူမမှာ ထိလွယ် ခိုက်လွယ်ပေ လိမ့်မည်။

အိုလံပီယာက ကော်ဖီ သောက်မလား၊ လက်ဖက်ရည် သောက်မလားဟု မေးသည်။ အဲလစ္စက ငြင်းလိုက်၏။ ခဏ ကြာတော့ ဂျနီဖာ သူတို့ကို ထားကာ မသွားချင် သွားချင်ဖြင့် ထွက်သွားတော့သည်။ အိုလံပီယာကလည်း ဂျနီဖာကို အခန်းထဲတွင် ခေါ်ထားရန် မလို။ ရုပ်မြင်သံကြားတွင် အမြဲတမ်း တွေ့နေရသဖြင့် အဲလစ္စကို အရမ်း ရင်းနှီးသလို စိတ်ထဲတွင် ထင်မှတ်ကာ အိုလံပီယာ တရင်းတနှီးဖြင့် အဲလစ္စနှင့် မျက်နှာချင်းဆိုင် ခုံတွင် ဝင်ထိုင်လိုက်သည်။ နှစ်ယောက်သား ခဏမျှ ထွေရာလေးပါး ပြောနေကြသည်။ အဲလစ္စက ဘီလ်၏ ပုံတူ ပန်းချီကားမှာ ဘီလ်နှင့် အတော် တူကြောင်း ပြောသည်။ ပန်းချီဆရာ၏ လက်မှတ် အောက်မှ နေ့စွဲကို ကြည့်လိုက်တော့ ပန်းချီကားမှာ ဘီလ် ဆုံးပြီးမှ ဆွဲကြောင်း သိရသည်။ အိုလံပီယာကပင် ဆွဲခိုင်းခြင်း ဖြစ်သည်။

အိုလံပီယာ လူမြင်ကွင်းမှ ရှောင်နေရသည့် အကြောင်းကို ယခုမှ အဲလစ္စ သဘောပေါက်တော့သည်။ အိုလံပီယာသည် သူမ ခင်ပွန်း ယမန်နေ့ကမှ ကွယ်လွန်သွားသကဲ့သို့ လှိုက်လှိုက်လှဲလှဲ ပူဆွေးနေခြင်းကြောင့် ဖြစ်သည်။ သူမ၏ မျက်လုံးများတွင် ပူဆွေးရိပ်တွေနှင့် သူမ မည်မျှ ခံစားနေရကြောင်း သိသာနေသည်။ လွန်ခဲ့သည့် ခြောက်နှစ် အတွင်း သူမ အနည်းငယ် ရုပ်ကျသွားသည်။ သို့သော် အကြီးအကျယ် အိုမင်းသွားသည်တော့ မဟုတ်။ အသက် ၄၇ နှစ်တွင် သူမသည် လှပနေဆဲ ဖြစ်ပြီး အရွယ်လည်း တင်သည်။ သူမတွင် ပရိဒေဝများသာ မရှိပါက ယခုထက်ပင် လှဦးမည်ဟု အဲလစ္စ ထင်သည်။

သူမ အနက်ရောင် ဆွယ်တာ၊ အနက်ရောင် စကတ်နှင့် ခြေအိတ်ရှည် အနက်တို့ကို ရိုးရိုးလေး ဝတ်ဆင်ထားသည်။ နောက်ဆုံးတွင်တော့ အဲလစ္စက သူမ၏ လာရင်း ရည်မှန်းချက်ဆီသို့ ပါးနပ်စွာ ချဉ်းကပ်လာသည်။ သူမက အိုလံပီယာ နောက်ရေးသည့် သူမ ခင်ပွန်း အကြောင်း စာအုပ်ကို စိတ်ဝင်စားကြောင်း ပြောလိုက်သည်။ စိတ်ထဲကတော့ မလုံမလဲ။ နောက်ဆုံးတွင် သူမက တိုနီ ကလပ် အကြောင်းကို ဆွဲခေါ်လိုက်သည်။ 'ဒုတိယ သမ္မတကြီးနှင့် အစ်မကြီး ခင်ပွန်းနှင့် အတော် ရင်းနှီးခဲ့တယ်နော်' ပြောပြီး အိုလံပီယာ ဘာပြန်ပြောမည်လဲဟု စောင့်နေသည်။

'ဟုတ်ပါတယ်' အိုလံပီယာက လေသံမျှနှင့် ဆိုသည်။ အဲလစ္စက သူမ၏ နက်ဝန်းသော မျက်လုံးများကို ကြည့်နေ၏။ နက်မှောင်သော အိုလံပီယာ၏

mgyoe.com

mgyoe.com SAMPLE BOOK

ဆံပင်များမှာ သူမ ပခုံး အထိ ရှည်သည်။ အသားကမူ ကြွေသားပမာ ဖြူလှသည်။ အသားမှာ ချောမွတ် ကြည်လင်နေ၏။ သူမကို ကြည့်ရသည်မှာ တစ်နှစ်ပတ်လုံး အိမ်ထဲမှ မထွက်ဘဲ နေသည်ဟု အဲလစ္စ အထင်မှာ မမှန်ပေ။ သူမနှင့် ပတ်သက်သမျှ နူးညံ့ သိမ်မွေ့မှုနှင့် ဝမ်းနည်းစရာချည်း ဖြစ်သည်။

'တိုနီနှင့် ဘီလ်တို့ဟာ ရှီကာဂိုမြို့ ဆင်ခြေဖုံး ရပ်ကွက် လိပ်ဖော်ရက်မှာ အတူ ကြီးပြင်းခဲ့ကြတာလေ၊ ကျောင်းတက်တော့လည်း အတူတူ၊ ဟားဗတ်တက္ကသိုလ် တက်တော့လည်း အတူတူ၊ အမြဲတမ်းလည်း တပူးတွဲတွဲ နေတယ်၊ ဘီလ်က ဖအေ့သွေး ပါလို့ နိုင်ငံရေး ပိုလုပ်ဖြစ်တယ်၊ တိုနီကတော့ ကလေး ဘဝ ကတည်းက နိုင်ငံရေး လုပ်ချင်ခဲ့တာ၊ ဟားဗတ်ကျောင်း ပြီးတော့ တိုနီဟာ နယူးယောက်ကို ပြောင်းသွားပြီး သူ့ရဲ့ နိုင်ငံရေး ရည်မှန်းချက်ကို အစပျိုးတယ်' ထို့ကြောင့် ကလပ်မှာ ဒုသမ္မတ မဖြစ်မီကပင် နယူးယောက် ဆီးနိတ်အမတ် ဖြစ်ခဲ့ခြင်း ဖြစ်သည်။ 'သူဟာ ကျွန်မနှင့် ကလေးတွေ အပေါ် အတော်ကြင်နာခဲ့တယ်၊ ဘီလ် ဆုံးသွားကတည်းက…' ပြောရင်း သူမ အသံ တိမ်ဝင်သွားသည်။ ရင်နှင့်စရာ အဆုံးသတ် စကား မပြောနိုင်သည်ကို အဲလစ္စ နားလည်နိုင်ပါသည်။ 'သူဟာ ကျွန်မသားရဲ့ မွေးစား အဖေပါ၊ ကျွန်မ ကလေးတွေ အပေါ်လည်း သူဟာ တကယ့် ဦးလေး အရင်းလိုပါပဲ၊ အထူးသဖြင့် အခု နောက်ပိုင်းမှာပေါ့'

'ဪ ဒါထက် ကလေးတွေရော နေကောင်းကြရဲ့လား'

အဲလစ္စက လောကဝတ် သဘော အရ မေးလိုက်သည်။ သူတို့၏ အခြေအနေကိုလည်း တကယ် သိချင်၍ မေးခြင်းလည်း ဖြစ်သည်။

သူတို့လည်း ယခု ဆိုလျှင် အသက် နှစ်ဆယ်ကျော်ကြပြီး ဖြစ်ကြောင်း အဲလစ္စ သိထားသည်။

'သူတို့ အဆင်ပြေကြပါတယ်၊ ဂျူ့ရှ်က ၂၄ နှစ်၊ စိုက်ပျိုးရေးဘွဲ့ ရပြီး အိုင်အိုဝါ ပြည်နယ်က သြဂဲနစ် လယ်ယာ တစ်ခုမှာ အလုပ် လုပ်နေတယ်၊ သူက သူ့အဖေရဲ့ ဇာတိ အရပ်မှာ နေချင်တာ၊ သမီး ဒါစီကတော့ ၂၂ နှစ်ရှိပြီ၊ သူက ဇင်ဘာဘွေ နိုင်ငံမှာ၊ သူ အလုပ် လုပ်တဲ့ ရွာကို အကူအညီ ပေးနေတဲ့ အဖွဲ့အစည်း တစ်ခုမှာလေ၊ သူတို့က သီးနှံတွေ စိုက်၊ ရေရအောင် လုပ်၊ ရွာထဲမှာ တည်ဆောက်ရေးတွေလည်း လုပ်နေတယ်၊ သူတို့ နှစ်ယောက်ကတော့ သူတို့ လုပ်ချင်တာ လုပ်နေကြရတာပဲ၊ ကျွန်မတို့ကလည်း အားပေးခဲ့ပါတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'သူတို့ နှစ်ယောက် တစ်နေ့မှာ နိုင်ငံရေး လုပ်မယ်လို့ ထင်ပါသလား'

အဲလစ္စက မေးတော့ အိုလံပီယာက ခေါင်းကို ယမ်းလျက် 'အဲဒီလို ဖြစ်လာမယ်လို့တော့ မထင်ပါဘူး၊ သူတို့ နှစ်ယောက်စလုံး ပြည်သူ့ ကိုယ်စားလှယ် ဘဝကို စိတ်မဝင်စားကြဘူး၊ အဲဒီ အတွက် ပေးဆပ်ရတာက များတယ်လေ၊ သူတို့ တခြား လမ်းကြောင်းကို ရွေးထားကြတယ်'

အဲလစ္စက သူမရော ခြောက်နှစ်လုံးလုံး သူမ ခင်ပွန်း အကြောင်း စာအုပ်ရေးသည့် အပြင် ဘာများ လုပ်ဦးမည်နည်းဟု မေးချင်သည်။ သို့သော် မမေးလိုက်။

'မွန်မြတ်တဲ့ အလုပ်တွေပါ၊ ကျွန်မမှာလည်း သမီး တစ်ယောက် ရှိတယ်၊ ဂျူတက္ကသိုလ်မှာ ဥပစာ ခတန်းလေ၊ သူကတော့ ကျောင်းပြီးရင် ဥပဒေကျောင်း တက်မယ်တဲ့၊ သူက အမျိုးသမီး အခွင့်အရေးကို သိပ်စိတ်ဝင်စားတယ်၊ အရှေ့ အလယ်ပိုင်းမှာ အလုပ် လုပ်ချင်တယ်လို့လည်း ပြောတယ်၊ ကလေးတွေကတော့ ကမ္ဘာကြီး ပိုကောင်းလာအောင် လုပ်ဖို့ ဆုံးဖြတ်ထားကြတာ၊ ကျွန်မ အဲဒီ အရွယ်တုန်းက အဲဒီ အတွေးမျိုးတွေ မရှိခဲ့ဘူး'

အိုလံပီယာက ရယ်လျက် 'ကျွန်မလည်း ဒီလိုပဲ၊ ကျွန်မ ဥပဒေကျောင်း တက်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်မ စိတ်ဝင်စားတာက လူတွေ စိတ်မဝင်စားတဲ့ လက်ဝါးကြီးအုပ် ဆန့်ကျင်ရေး ဥပဒေ၊ အခွန် ဥပဒေနှင့် စီးပွားရေး လုပ်ငန်း ဥပဒေတွေလေ' သူမသည် သူမ ခင်ပွန်း ဆီးနိတ် အမတ် ဘဝက အမျိုးသမီး အရေးနှင့် ပတ်သက်ပြီး အတော် ဆောင်ရွက်ခဲ့ကြောင်း အဲလစ္စ သိထားသည်။ သို့သော် မကြာသေးမီက ကလေးတွေကလည်း ငယ်၊ ခင်ပွန်းကလည်း နိုင်ငံရေးနှင့် အလုပ် ရှုပ်နေသဖြင့် ဥပဒေ ကိစ္စ လက်တွေ့ ဆောင်ရွက်မှုများမှ အနားယူခဲ့သည်။ သူမသည် ဇနီးကောင်း၊ မိခင်ကောင်း ဖြစ်ဖို့ အတွက် မိမိ အလုပ်ကိုပင် စွန့်လွှတ်ရန် ဆုံးဖြတ်ထားသူ ဖြစ်သည်။

'ကျွန်မ ဝန်ခံစရာ တစ်ခုတော့ ရှိတယ်' အဲလစ္စက မိမိ လာရင်း ကိစ္စကို ပြန်ရောက်ရန် မသိမသာ ပြန်သွားလိုသဖြင့် စကား စလိုက်သည်။ 'ဒုသမ္မတဟာ လော်ဘီသမားတွေ အထောက်အပံ့ ပြုတဲ့ ရန်ပုံငွေ ကောက်ခံပွဲတွေမှာ တွေ့နေရပြီး နာမည်ကြီး လော်ဘီသမားတွေနှင့်လည်း သိပ်တွဲနေတာကို တွေ့ရတာ ကျွန်မ အတွက် အထူးအဆန်းလို ဖြစ်နေတယ်၊ အစ်မက သူနှင့် သိပ်ရင်းနှီးတော့ အဲဒါနှင့် ပတ်သက်ပြီး အစ်မများ နည်းနည်းပါးပါး သိမလားလို့'


mgyoe.com

mgyoe.com
SAMPLE BOOK

ထိုမေးခွန်းကြောင့် အိုလံပီယာ အတော် အံ့အားသင့်သွားပုံ ရသည်။ သူမက အတန်ငယ် တုံ့ဆိုင်းနေပြီးမှ 'လူမှု ဆက်ဆံရေး ဆိုတာ အဓိပ္ပာယ် ကောက်ယူရတာထက် ပိုမို ကျယ်ဝန်းပါတယ်၊ ဒုသမ္မတမှာ ကဏ္ဍ အသီးသီးက မိတ်ဆွေတွေ အများကြီး ရှိပါတယ်၊ ဝါရှင်တန်မှာ သူ့ကို လူတိုင်းကလည်း လေးစားကြတယ်' ထိုသည်မှာ မမှန်။ သူ့ကို အသွင်အပြင် နူးညံ့သလောက် ကြမ်းတမ်းသူဟု ပြောနေကြသည်။ သို့သော် ထိုသည်နှင့် ပတ်သက်၍ အဲလစ္စက အိုလံပီယာကို ငြင်းမနေချင်တော့။ 'သူဟာ ဘယ်သူ့ကိုမှ စိတ်ခုအောင် မလုပ်ဘူး ဆိုတာ ကျွန်မ ပြောရဲတယ်၊ လော်ဘီသမားတွေကတော့ သူတို့ အကြံနှင့် သူတို့လေ၊ သူက သမ္မတကိုရော လူတိုင်းကိုရော ပေါက်ရောက်တယ် မဟုတ်လား၊ သူဟာ ဘီလ်ကိုလည်း အများကြီး အထောက်အကူ ပြုနိုင်တဲ့လူ၊ သူတို့ နှစ်ယောက်သာ ဆိုရင် သူနှင့် အခု လက်ရှိ သမ္မတလိုပဲ သိပ် အတွဲ ညီမှာ'

အိုလံပီယာက တိုနီ ကလပ်၏ ကောင်းကွက်များကို ဆက်ပြောနေပြန်သည်။ ထို့ကြောင့် သူမထံမှ အသုံးကျမည့် သတင်း အချက်အလက် ရနိုင်မည် မဟုတ်ဟု အဲလစ္စ တွက်သည်။ အိုလံပီယာသည် တိုနီကို လိုလားသူ၊ တိုနီ၏ မိတ်ဆွေရင်း။ အိုလံပီယာသည် တိုနီကို ဘီလ်နှင့် ထပ်တူ လေးစားနေသည်။ 'လော်ဘီသမားတွေနှင့် သူ ဆက်ဆံတာဟာ မရိုးမသား ဖြစ်မယ်လို့ ကျွန်မ မထင်ဘူး၊ အဲဒီလို တွေ့ကြတာလည်း တိုက်ဆိုင်မှု ဖြစ်မယ်လို့ပဲ ကျွန်မ ထင်တယ်' အိုလံပီယာက ဆိုနေသည်။

'သူ သမ္မတ ဝင်အရွေးခံမယ် ထင်လား' အဲလစ္စက မေးလိုက်သည်။

'အဲဒါတော့ မသိဘူး' အိုလံပီယာက ပြုံး၍ ပြန်ဖြေသည်။ အဲလစ္စလည်း ပြန်သင့်ပြီ ဖြစ်၍ အိုလံပီယာအား အချိန်ပေးကာ ပွင့်ပွင့်လင်းလင်း ပြောပြသည့် အတွက် ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။

'ကျွန်မကလည်း အစ်မနှင့် တွေ့ပြီး စကား ပြောရတဲ့ အတွက် ဂုဏ်ယူ ရပါတယ်' အဲလစ္စက ပြောကာ ထွက်လာရင်း ပန်းချီကားကို ထပ်ကြည့်မိပြန် သည်။ သည်လို ဆွဲဆောင်မှု ရှိအောင် ပန်းချီဆရာက တမင် ရည်ရွယ်၍ ဆွဲ ထားခြင်း ဖြစ်သည်။ ဤသည်မှာ ပန်းချီပညာ ဖြစ်သည်။ ထိုသည်ကို အဲလစ္စ မကြိုက်။ သည်ပန်းချီကား၏ ဆွဲဆောင်မှုကတော့ အသည်းယားစရာ။ 'ကျွန်မ က အစ်မ ခင်ပွန်းရဲ့ ပရိသတ်ပါ၊ သူသာ သမ္မတ ဖြစ်ရင် သိပ်တော်မှာ'

'ဟုတ်တယ်'


mgyoe.com

mgyoe.com SAMPLE BOOK

အိုလံပီယာက စိတ်မကောင်းစွာ ပြန်ပြောသည်။ အဲလစ္စ သူမနှင့် လက်ဆွဲနှုတ်ဆက်တော့ အိုလံပီယာက သူမလည်း အဲလစ္စနှင့် စကား ပြော၍ ကောင်းကြောင်း ပြောလိုက်သည်။ ထို့နောက် ဂျနီဖာက အဲလစ္စအား အောက်ထပ်သို့ လိုက်ပို့သည်။

အဲလစ္စ ထိုအိမ်ထဲမှ ထွက်လာပြီးနောက် ရုံးသို့ ပြန်ရန် တက္ကစီ တစ်စီး တားလိုက်သည်။ မိမိ လုပ်ခဲ့သည့် အင်တာဗျူးမှ ဘာမျှ မရခဲ့။ အိုလံပီယာသည် တိုနီ ကလပ်ကို ကာကွယ်နေသည်လား၊ သူ၏ လှုပ်ရှားမှုများကို သူမ မသိသည်လား၊ သူမ ပြောနေသည်များမှာ အမှန်တွေပဲလား ဆိုသည်တို့ကို အဲလစ္စ မပြောနိုင်။ အိုလံပီယာ အပြော အရမှု တိုနီ ကလပ်သည် ပွင့်လင်းသူ ဖြစ်ပြီး နေရာတိုင်းတွင် အသိ မိတ်ဆွေ ပေါသူ ဖြစ်သည်။ သို့သော် အဲလစ္စက ထိုသည်ကို လက်မခံ။

အိုလံပီယာကလည်း အဲလစ္စ ပြောသည်များမှာ မှန်နေသည်လားဟု တွေးနေမိသည်။ မိမိ ကလပ် အပေါ် မြင်သလို မည်သူမျှ အပြစ်ကင်းသည် မဟုတ်။ သူ့တွင် စွပ်စွဲစရာ ဘာအကြောင်းမျှ မရှိဟု သူမ အကြိမ်ကြိမ် ပြောခဲ့မိသည်။ သူ့ကို မကြိုက်သူများ ရှိမည်ကိုတော့ သူမ သဘောပေါက်သည်။ သို့ဆိုလျှင် သူသည် လွယ်ကူသော ပစ်မှတ် တစ်ခုပင်တည်း။

အဲလစ္စ တက္ကစီကားထဲမှာပဲ ရှိစဉ် အိုလံပီယာသည် သူမ၏ စာဖတ်ခန်းထဲမှ ဖုန်းဖြင့် ဒုသမ္မတထံ ဆက်လိုက်သည်။ ခါတိုင်းလိုပင် သူနှင့် ချက်ချင်း ပြောခွင့် ရလိုက်သည်။ သူက သူ့ ဝန်ထမ်းများအား မစွက် ဖော်စတာ ဖုန်းဆက်လာလျှင် မိမိ ဘာလုပ်နေနေ သမ္မတနှင့် တွေ့နေသည်က လွဲလျှင် သူမ ဖုန်းကို တစ်ခါတည်း ချိတ်ပေးရန် မှာထားသည်။ သူမတွင် ပြဿနာ ရှိလိုရှိငြားမို့ သူမ သူ့ထံ အချိန်မရွေး ဖုန်းဆက်ခွင့် ရှိသည်။

တိုနီမှာ တစ်မြန်ညကမှ အိုလံပီယာနှင့် ဖုန်းပြောဖြစ်သေးသည်။ ယခု ဖုန်းဆက်လာသဖြင့် တိုနီ အံ့သြမိသည်။

'ဟဲလို အိုလံပီယာ၊ ဘာဖြစ်လို့လဲ'

'ဘာမှ မဟုတ်ပါဘူး၊ ဒီမနက် ကျွန်မဆီကို ဧည့်သည် တစ်ယောက် လာတယ်၊ အဲဒါ ရှင် စိတ်ဝင်စားမယ် ထင်လို့၊ အဲလစ္စ ဖိလစ်လေ၊ သူ အခုန လေးမှ ပြန်သွားတယ်'

'သတင်း ဌာနကလား၊ သူက ဘာသိချင်လို့တဲ့လဲ' သူက မသက်သလို မေးသည်။ အိုလံပီယာကိုလည်း ထိုသို့ လာခွင့် မပေးစေချင်။ ထိုသို့ လာခွင့်



mgyoe.com

mgyoe.com
SAMPLE BOOK

ပြရန် အကြောင်း မရှိ။ ထိုသို့ လာခြင်းဖြင့် ကောင်းစရာ အကြောင်း ဖြစ်မလာနိုင်။ သတင်း ဌာနက သူမ၏ အိမ်ကို လာကာ မေးလားစမ်းလား လုပ်သည်ကိုလည်း တိုနီ မကြိုက်။

'သူက ကျွန်မ ရေးတဲ့ စာအုပ် အကြောင်း လာမေးတာပါ၊ ဒါပေမဲ့ အဆုံးမှာတော့ ရှင့်အကြောင်း ရောက်သွားသေးတယ်၊ ရှင် ခုတလော လော်ဘီသမားတွေနှင့် အတူ တွေ့တွေ့နေတာကို သူ စိတ်ဝင်စားနေတာ၊ နောက်ပြီး ရှင် သမ္မတ ဝင်အရွေးခံမှာလားလို့လည်း မေးသွားတယ်၊ ကျွန်မကတော့ ရှင့်ရဲ့ အနာဂတ် အစီအစဉ်နှင့် ပတ်သက်ပြီး မသိဘူးလို့ ပြောလိုက်တယ်၊ ရှင့်မှာ မိတ်ဆွေတွေက သန်းချီ ရှိတော့ လော်ဘီသမားတွေနှင့် အတူ တွေ့တာဟာ မဆန်းဘူးလို့လည်း ပြောလိုက်တယ်'

'ကောင်းတယ်' တိုနီ ကလပ် အနည်းငယ် စိတ်သက်သာရာ ရသွားသည်။ သို့သော် အဲလစ္စ ဖိလစ် မေးသည့် မေးခွန်းများနှင့် ပတ်သက်၍ အိုလံပီယာ အဖြေ ကောင်းခဲ့သော်လည်း စိတ်မချနိုင် ဖြစ်ရသည်။ 'ကျုပ်က ဂေါက်သီး ရိုက်တော့ အဲဒီလို ကောင်မျိုးတွေနှင့် အများကြီး တွေ့ဖြစ်တာပေါ့၊ အဲဒါထက် မပိုပါဘူး' သူ့ လေသံကတော့ အေးအေးဆေးဆေးပင်။ 'ခင်ဗျားရဲ့ စာအုပ် အကြောင်း လာမေးတယ် ဆိုတာ သေချာလား' သူ ပြောသည်မှာ သတင်းသမားများကို ရှောင်ရှားလိုသည်ထက် ပိုသည်ဟု အိုလံပီယာ ထင်လိုက်သည်။ နောက်ပြီး အဲလစ္စ လာသည်နှင့် ပတ်သက်၍ မသက်ာပုံလည်း ရ၏။ 'ကြည့်ရတာတော့ သူဟာ ကျုပ်ကို သိပ်စိတ်ဝင်စားနေပုံ ရတယ်' သူက သိပ်တော့ သဘောမကျ။ သို့သော် ထိုသည်နှင့် ပတ်သက်၍ အိုလံပီယာကိုလည်း မဝေဖန်ချင်။ အိုလံပီယာမှာ စိတ်ထိခိုက်လွယ်မှန်း သူ သိနေသည်။

'စကား ပြောရင်း ရှင့်အကြောင်း ပါသွားတာပါ၊ သူ လာတာ အဲဒီကိစ္စ မဟုတ်ပါဘူး၊ အဲဒီ တစ်ခါ ပြောပြီးတော့ ရှင့်အကြောင်း ဆက်မပြောတော့ပါဘူး၊ သူက ကျွန်မရဲ့ ပထမ စာအုပ်ကို ကြိုက်နေတာ'

'ကျုပ်အကြောင်း ဘယ်ထပ်ပြောမလဲ၊ ဒါနှင့် ပတ်သက်ပြီး သူက သိပ်ကျွမ်းတာလေ၊ နောက်တစ်ခါ သူ ဖုန်းဆက်ရင် သတိထားပါ၊ အဲဒီ သတင်းထောက်တွေဟာ သိပ် အတွင်း နှိုက်ကြတာ၊ အဲဒီ လုပ်ငန်းမှာတော့ သူက သိပ်ကျွမ်းတယ်၊ ခင်ဗျား သတိတော့ ထားဖို့ လိုမယ်၊ အပြင်မှာ ခင်ဗျားကို ခုန်အုပ်မယ့် ဝံပုလွေတွေ စောင့်နေတယ်၊ အငိုက်မိရင်တော့ ခင်ဗျား သူတို့ အစာ ဖြစ်သွားမယ်၊ ခင်ဗျားကို ထိခိုက်သွားမှာ ကျွန်တော် စိုးတယ်'

mgyoe.com

mgyoe.com SAMPLE BOOK

သူက သူမကို အနည်းငယ်လည်း လှန့်လိုက်သည်။

'သူကတော့ ဒီလို လုပ်မယ် မထင်ပါဘူး၊ သူ့ကို ကြည့်ရတာ ရိုးမယ့်ပုံ ရပါတယ်၊ သူ့ရဲ့ အင်တာဗျူး ထုတ်လွှင့်ချက်တွေကို ကျွန်မ အရမ်း ကြိုက်တယ်' သူမက အဲလစ္စကို ကာကွယ် ပြောနေသည်။

'သူက သတင်းထောက်ပဲ၊ သူ့ကို ဘာမှ အမွှန်းတင်နေစရာ မလိုဘူး၊ သူ့အတွက် သတင်းသာ ရမယ် ဆိုရင် ခင်ဗျားကို အစိမ်းလိုက် ဝါးစားသွားမယ်၊ သတင်းသမားတွေမှာ မိတ်ဆွေ မရှိဘူး၊ ကျုပ် ခင်ဗျားဆီ မနက်ဖြန် ဖုန်းဆက်မယ်၊ နောက်အပတ်ထဲ တစ်ရက်ရက် ညစာ စားကြမယ်၊ လောလောဆယ် သတင်းသမားတွေနှင့် ဝေးဝေးနေ၊ ခင်ဗျား စိတ်မညစ်ချင်နှင့်၊ ကျုပ်လည်း စိတ်မညစ်ချင်ဘူး၊ ဘီလ်သာ ရှိရင် ခင်ဗျားကို သတင်းသမားတွေရဲ့ ရန်က ကာကွယ်ပေးဖို့ ကျုပ်ကို ခိုင်းမှာ'

'အဆင် ပြေမှာပါ' အိုလံပီယာက အေးအေးဆေးဆေး ပြောနေသည်။ ထိုသည်နှင့် ပတ်သက်၍ တိုနီ သူမနှင့် အငြင်းမပွားချင်။ သို့သော် သူကတော့ စိတ်မချနိုင်သေး။ ဝါရှင်တန်တွင်လည်း စုံစမ်းမှုတွေ လုပ်နေသည်။ ထိုလူများနှင့် ပတ်သက်၍ သူ့ကို သတိပေးနေကြသည်။ ထိုသီတင်းပတ်က လော်ဘီ လောက တွင် ထိပ်တန်း တစ်ယောက်နှင့် ဂေါက်သီး ကစားရမည်ကိုပင် သူ ဖျက်ခဲ့ရသည်။ မိမိ ဂေါက်သီး ကစားသည်ကိုပင် သတင်းသမားတွေ သတင်း ယူနေသည်ကို သူ မကြိုက်။ ထိုသည်ကို တလွဲ ကောက်ချက်ချသွားမည်ကိုလည်း သူ မကြိုက်။ မိမိ သတိထားမှ ဖြစ်တော့မည်။

နောက်ပြီး မိမိ၏ သတင်းကို အိုလံပီယာထံမှ နှိုက်ယူမည်ဟုလည်း မထင်ခဲ့။ သတင်းသမားတွေက အတော် လည်သည်။ အထူးသဖြင့် ဖီလစ်လို မိန်းမမျိုး။ သူမသည် သူမ နာမည် ရရန် လုပ်ရာတွင် အတော် တော်သူ ဖြစ်သည်။ သည်လို လုပ်ရန် သူမကို မည်သူက အကြံပေးခဲ့သနည်း။ သူမ အထက်က ထုတ်လုပ်သူလား၊ သို့မဟုတ်ကလည်း အိုလံပီယာထံ လာရင်း သူမ ဘာသာ အကြံပေါက်သွားလေသည်လား။

စာအုပ် အတွက်လာသည်တော့ မဟုတ်သည်မှာ သေချာသည်။ ထိုသည်မှာ အကြောင်းပြချက်သာ ဖြစ်မည်။

အိုလံပီယာ ပြောပြချက် အရတော့ သူ့အတွက် သိပ်စိတ်ပူရန် မရှိ။ သို့သော် အဲလစ္စ ထိုသို့ လိုက်အနှံ့ခံနေသည်ကိုတော့ မကြိုက်။ မီဒီယာကို တိုနီ အလွန် မုန်းသည်။ ယုံလည်း မယုံ။ အိုလံပီယာကို စိုးမိုးထားရမည်။ သူမ


mgyoe.com

mgyoe.com
SAMPLE BOOK

ဘာမျှ မသိစေရ။ မိမိတို့ နှစ်ယောက်၏ ဆက်ဆံရေးကတော့ မိမိတို့၏ ကိုယ်ရေးကိုယ်တာ ဖြစ်သည်။

ဘီလ် လုပ်ကြံခံရတော့ အိုလံပီယာမှာ အတော် ကြေကွဲခဲ့ရသည်။ သည်တွင် တိုနီ တစ်ဆင့် ဝင်ခဲ့သည်။ အိုလံပီယာသည် တိုနီ့ကို သူ့အစ်ကို အရင်းထက်ပင် ခင်မင်သည်။ သူ့အစ်ကိုမှာ သူမနှင့်လည်း သိပ်မတည့်။ နောက်ပြီး စိတ်ပျက်စရာ ကောင်းပြီး မနာလိုတတ်သည့် ယောက်မကိုလည်း သူမ မကြိုက်။ ဘီလ် ဆုံးတော့ အိုလံပီယာမှာ ယခင်ကထက် အားကိုးရာမဲ့သလို ဖြစ်ခဲ့ရသည်။ အဖြစ်အပျက်များက မြန်ဆန်လွန်းသဖြင့် အိုလံပီယာမှာ တမြည့်မြည့် ခံစားနေရရှာသည်။ သည်တော့ သူမ အတွက် တိုနီ ဝင်ခဲ့ရသည်။

တိုနီနှင့် သူ့ ဇနီးမှာ ကွဲနေကြပြီး ဘီလ် မဆုံးမီကလေးတွင် နှစ်ယောက်သဘောတူ ကွာရှင်းလိုက်ကြသည်။ တိုနီ ကလပ်မှာ အိုလံပီယာ စိတ်ပြေချိန်ရောက်လျှင် နှစ်ယောက် အတူ တွဲရမည့် အနာဂတ်ကို မျှော်မှန်းခဲ့သည်။ သို့ဆိုလျှင် မိမိတို့ နှစ်ယောက်စလုံး အတွက် အဆင်ပြေမည်။ သူမသည် စံပြနိုင်ငံရေး ဇနီးသည် တစ်ယောက် ဖြစ်လာမည်။ နောက်ပြီး ဘီလ်နှင့် သူအိမ်ဖြူတော်သို့ ရောက်ရေး ဟူသော ရည်မှန်းချက်ကလည်း ရှိနေဆဲ။ ထိုအတွက် သူ တစ်နှစ် ပြင်ဆင်ထားပြီးသား။ အချိန်ကျ၍ အိုလံပီယာနှင့် ဆိုလျှင် ထိုသည်ကို မွမ်းမံနိုင်ပေမည်။ သူ့တွင် သားသမီးလည်း မရှိ။ နယူးယောက်ရှိ သူမထံသို့ အနည်းဆုံး တစ်ပတ် တစ်ကြိမ် ရောက်သည်။ အနည်းဆုံး ခဏဖြစ်ဖြစ်တော့ရောက်သည်။ ညစဉ်လည်း နာရီနှင့်ချီ ကြာအောင် သူမနှင့် ဖုန်းပြောဖြစ်သည်။

ဘီလ် ဆုံးပြီးနောက် တစ်နှစ် အကြာ သောက ပရိဒေဝများ ငြိမ်းလောက်သည့် အချိန်တွင် တိုနီ သူမကို လက်ထပ်ခွင့် တောင်းသည်။ မိမိတို့ နှစ်ယောက်အတွက်ရော ကလေး နှစ်ယောက် အတွက်ပါ အဆင်ပြေသွားနိုင်သည်ဟုလည်း ပြောပြခဲ့သည်။ သူက တစ်ခုလပ်၊ သူမက မုဆိုးမ။ သူမ ဘဝ အတွက်နှင့် သူမ၏ ကလေးများ အတွက် မိမိကို အားကိုးနိုင်မည် မဟုတ်လား။ ဘီလ်၏ အိမ်ခြံမြေ ကိစ္စများကိုလည်း သူမ ဖြေရှင်းစရာများ ရှိနေသေးသည်။ မိမိတို့ နှစ်ယောက် ညားမည် ဆိုလျှင် အစစအရာရာ အဆင်ပြေသွားမည်။

သူမက စဉ်းစားပါရစေဦးဟု ဆိုသည်။ ဘီလ် သိလျှင်လည်း သူမ လင်ကောင်းသားကောင်း ရသည်ဟု ဆိုကာ ဝမ်းသာမည်ဟု တိုနီက ပြောလိုက်သေးသည်။ သူမသည် ဘီလ်၏ မဲဆွယ်ပွဲတုန်းက အဓိကကျသူ တစ်ယောက်ဖြစ်ခဲ့သည်ကိုလည်း သူ့စိတ်က သိနေသည်။ သူမမှာ လူအများကို ဆွဲဆောင်

mgyoe.com

mgyoe.com SAMPLE BOOK
နိုင်သည့် အရည်အသွေး ရှိသူ ဖြစ်သည်။ သူမ၏ စိတ်ကောင်း ရှိမှုကလည်း ပေါ်လွင်နေ၏။ ဘီလ်က သူမသည် မိမိ၏ လျှို့ဝှက် လက်နက်ဟု နောက်ပြောင် ခေါ်လေ့ ရှိသည်။ သူမကို လက်ထပ်လိုက်ခြင်းဖြင့် သူ ရွေးကောက်ပွဲတွင် မရှုံးနိုင်ဟုလည်း သူ ပြောလေ့ ရှိသည်။

တိုနီမှာ သမ္မတ ဖြစ်ရေး ရည်မှန်းချက်ကြီး ရှိပေရာ အိုလံပီယာကို သူ့ ဘေးတွင် မိတ်ဆွေ အဖြစ်ထက် ဇနီး အဖြစ် ရှိစေလိုသည်။ သူမ၏ ကလေး များကလည်း မိမိကို ချစ်ကြသည်။ အခင်မင်ရဆုံး သူငယ်ချင်း၏ ကလေး များအား ပထွေး တော်စပ်ပေးလိုက်ခြင်းဖြင့် မဲဆန္ဒရှင်များ အနေဖြင့် သူ့အား မေတ္တာတရား ကြီးမားသူ၊ တာဝန် သိတတ်သူ၊ ချစ်တတ်သူ အဖြစ် လေးစား လာကြမည် ဖြစ်သည်။ အနာဂတ်တွင် မိမိတို့ ခံစားရမည့် တန်ဖိုးကို အိုလံ ပီယာလည်း မြင်နိုင်မည် ထင်၏။

သူမ လက်ခံမည်ဟု ကျိန်းသေ တွက်ထားသည့် ကြားက သူမ ငြင်းလိုက် သော အခါ တိုနီမှာ အတော်ပင် မှင်တက်မိကာ ဘာလုပ်ရ ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွားရသည်။ သူမက မိမိ ထိုသို့ လက်ခံလိုက်လျှင် ဘီလ်ကို သစ္စာဖောက်သလို ဖြစ်မည်ဟု သူမ ခံစားရပြီး ထိုသို့လည်း ဘယ်တော့မှ လုပ်မည် မဟုတ်ဟု စိတ်မကောင်းစွာ ငြင်းလိုက်သည်။ နောက်ပြီး သူမသည် နိုင်ငံရေးသမား တစ်ယောက်၏ ဇနီး မဖြစ်လိုတော့သည်မှာ အဓိက ဖြစ်သည် ဟုလည်း ဆိုသည်။ ဘီလ်၏ အဖြစ်ကို ကြည့်ကာ မိမိ ထိုကဲ့သို့ ရှုးသွပ်မှု၏ ပစ်မှတ် နောက်ထပ် ဖြစ်မည်ကို ကြောက်နေခဲ့သည်။ မိမိတို့၏ အိမ်ထောင်နှင့် မိသားစုကို နိုင်ငံရေး လောကတွင် မီးမောင်း ထိုးထားသလို ဖြစ်မည်ကိုလည်း မလိုလားဟု ဆိုသည်။ ဘီလ် အဖြစ်မျိုး နောက်ထပ် ကြုံလျှင် သည်တစ်ခါ မိမိလည်း လွတ်နိုင်မည် မဟုတ်တော့ဟုလည်း ဆို၏။

တိုနီ နိုင်ငံရေး ရည်မှန်းချက် ကြီးကြောင်းကိုလည်း သူမ သိနေသည်။ ထိုရည်မှန်းချက် အတွက် တစ်သက်လုံး သူ ကြိုးစားလာခဲ့ခြင်း ဖြစ်၏။ ထို သည်ကို သူမ တားဆီးနိုင်မည် မဟုတ်။ သူမက မိမိနှင့် မိမိ ကလေးများ အတွက် နိုင်ငံရေး လောကနှင့် အမြဲတမ်း ကင်းနေလိုသည်။ သူမ ထိုအတိုင်း ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားသည်။ နိုင်ငံရေး လောကမှ မိတ်ဆွေ အပေါင်း အသင်းများ ရှိကောင်းတော့ ရှိမည်။ သို့သော် ထို့ထက် မပိုချင်။ တိုနီကတော့ ထိုသို့ ဖြစ်ရန် ရည်ရွယ်မထား။ နောက်ပြီး သူမတွင် အားကိုးလိုသည်။ သူမ တစ်ယောက်တည်း ရှန်းကန်မည် ဆိုက ကြမ်းတမ်းမည် ဖြစ်ကြောင်း နားချ

mgyoe.com

mgyoe.com
SAMPLE BOOK

ခဲ့သည်။ သို့ဆိုလျှင်ဖြင့် သူမမှာ အထီးကျန်လို ဖြစ်ကာ မိမိမှ လွဲ၍ အခြား အသိ မိတ်ဆွေ ရှိတော့မည် မဟုတ်ပေ။ သို့သော် လက်ထပ်ရန်ကို အတင်း မတိုက်တွန်းတော့ပေ။

တစ်နှစ်လုံး အနာဂတ် အတွက် သူ ကြိုးစားခဲ့သည်များမှာ စိတ်ကူး ကောင်းသော်လည်း မအောင်မြင်ခဲ့။ အိုလံပီယာသည် အိမ်ထောင် မပြုတော့ဟု တင်းခံနေသည်။ တိုနီ အနေဖြင့်လည်း မဲဆွယ်ပွဲ အတွက် အိမ်ထောင် ပြုမှ ဖြစ်မည်။ ထို့ကြောင့် မီဂန်ကို ပိုးလိုက်ပြီး သိပ်မကြာလိုက် လက်ထပ်ဖြစ် လိုက်သည်။ သူတို့ ပျားရည်ဆမ်း ခရီး ထွက်တော့ သူမတွင် ကိုယ်ဝန် ရှိနေ လေပြီ။ သူမမှာ အိုလံပီယာလိုတော့ မဟုတ်။ ငယ်ပြီး ချမ်းသာသည်။ သူ၏ နိုင်ငံရေး လုပ်ငန်း အတွက်လည်း အံဝင်ခွင်ကျ ရှိသည်။ သူမက လှပြီး ကလေး ရပြီလည်း ဖြစ်၍ သူ အိမ်ထောင်သည် ဖြစ်ကြောင်း အထောက်အထား ဖြစ် သွားသည်။ သို့မှသာ သူ မဲတွေ ရမည် ဖြစ်သည်။ တိုနီ လုပ်သမျှမှာ အသေ အချာ တွက်ချက်ပြီးမှ လုပ်ခြင်း ဖြစ်သည်။

အိုလံပီယာသည် သူ လက်ထပ်လိုသော မိန်းမမျိုး ဖြစ်သည်။ သို့သော် မရခဲ့။ သူမက မမီသည့် ပန်းပမာ နေကာ ဆွေးမြည့်စွာလည်း သူနှင့် အနီး ကပ် နေသည်။ သူကလည်း သူမနှင့် တစ်ချိန်လုံး အနီးကပ် နေသော်လည်း ထိုမျှ နီးစပ်မှုကို လူမသိအောင် ထားသည်။

မီဂန်ကလည်း နားလည်မှု ပေးကာ မကန့်ကွက်ခဲ့။ အိုလံပီယာ၏ အဖြစ် ကိုလည်း သူမက သနားနေသည်။ အိုလံပီယာ၏ ပရိဒေဝ ခန္ဓာသည် မြူနိုင် စွမ်း မရှိဟုလည်း သူမ ထင်သည်။

တိုနီကလည်း ထိုအတိုင်းပင်။ သတင်း လောကက သူတို့ နှစ်ယောက်၏ ဆက်ဆံရေးကို ဖွလိုက်လျှင် သူ့အတွက် အန္တရာယ် ရှိနိုင်သည်။ သူက ထိုသို့ မဖြစ်ချင်။ မဖြစ်အောင်လည်း ယခု အထိ နေလာခဲ့သည်။ အိုလံပီယာကိုတော့ သူက တစ်နေ့ မိမိ၏ မဲဆွယ်ပွဲကို ကောင်းချီး ပေးမည့် သူတော်စင် အဖြစ် မြင်နေသည်။ သူမသည် မိမိကို လုံးဝ အားကိုးနေစေရမည်။ သူမကို အထီး ကျန်စွာ ဆက်လက် နေစေခြင်းဖြင့် မိမိသည် သူမ အပေါ် သြဇာ ညောင်းနေ မည်လည်း ဖြစ်သည်။

အိုလံပီယာထံ အဲလစ္စ လာနေသည်ကို တိုနီ မကြိုက်။ တယ်လီဖုန်းကို ပြန်ချလိုက်ချိန်တွင် သူ အတော် စိတ်ပူနေသည်။ သဘောလည်း မကျ။ အဲလစ္စ ကို အတွေ့ခံသည့် အတွက် အိုလံပီယာကို သူ စိတ်ဆိုးသည်။ သို့သော် ထိုသို့


mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ရန် ကြံစည်သော အဲလစ္စကို သူ ပိုဒေါသ ဖြစ်သည်။ တွေ့သည်မှာလည်း အိုလံပီယာ ထင်သလို စာအုပ် ကိစ္စ မဟုတ်သည်မှာ သေချာသည်။

'အခြေအနေ ဘယ်လိုလဲ'

အိုလံပီယာနှင့် တွေ့ပြီး ရုံးသို့ ပြန်လာသော အဲလစ္စအား အစာအိမ်ဆေး နှစ်လုံးကို မျိုချရင်း ဖဲလစ္စ မေးလိုက်သည်။

သည်မနက် သူ အတော် ပင်ပန်းသည်။ နှစ်ပေါင်း များစွာ သည်အလုပ် ကြောင့် အစာအိမ်လည်း ဒဏ်ဖြစ်လာသည်။

'ဘာမှ မရပါဘူး၊ သူက ဘီလ် ဖော်စတာ အပေါ်ရော တိုနီ ကလပ် အပေါ်ပါ အတွင်းရေးကို သိုသိပ်ပေးတဲ့ မိန်းမပါ၊ သူက ဒုသမ္မတဟာ မိတ်ဆွေ အပေါင်းအသင်း ပေါပြီး လူတွေ အပေါ်လည်း သူက ကောင်းတယ်တဲ့၊ လော်ဘီ သမားတွေနှင့် ဘယ်တော့မှ ရှုပ်မှာ မဟုတ်ပါဘူးတဲ့၊ သူက အဲဒီ အတိုင်းလည်း ယုံကြည်နေပုံ ရတယ်၊ ကျွန်မကတော့ သိပ်မယုံဘူး၊ တိုနီ ကလပ် သမ္မတ ဝင်အရွေးခံမလားလို့ မေးတော့ သူ မသိဘူးတဲ့၊ သူ သိမယ်လို့ ကျွန်မ ထင် တယ်၊ သိရင်တောင် သူ ပြောမှာ မဟုတ်ဘူး၊ အိုလံပီယာဟာ လောကကြီးနှင့် လည်း အဆက် ပြတ်နေတယ်၊ နေတော့ အုတ်ဂူလေးထဲမှာ နေပြီး သူ့ခင်ပွန်း ဆုံးပြီးကတည်းက ဝါရှင်တန်ကိုတောင် မရောက်တော့ဘူး၊ အခု သူ သူ့ခင်ပွန်း အကြောင်း နောက်စာအုပ် ရေးနေတယ်၊ သူ့ကို ကြည့်ရတာ သူ့ခင်ပွန်း ဆုံး တာ မနေ့ တစ်နေ့ကလိုပဲ ခံစားနေရပုံ ရတယ်၊ တိုနီ ကလပ် တကယ် ဖြစ် နေတာတွေ တခြား လူတွေ ဖြစ်နေတာတွေကို သူ တကယ် မသိဘူးလို့ ထင် တယ်၊ တိုနီ ကလပ်ဟာ သူ့ အရင်းနှီးဆုံး မိတ်ဆွေပဲ၊ သူက တိုနီ ကလပ်ကို သူ့ယောကျ်ား ပြီးရင် ဒုတိယ သူတော်စင်လို့ ထင်နေတာ၊ ကျွန်မ ဝါရှင်တန် မှာ စုံစမ်းကြည့်ဦးမယ်၊ ဒီမိန်းမက တော်ပါတယ်၊ ဒါပေမဲ့ ဒုသမ္မနှင့် ပတ်သက် ပြီး သူ့ဆီမှာ သွားစုံစမ်းရင်တော့ အချိန် ကုန်တာပဲ ရှိမယ်'

'သိပ်တော့ ထူးမယ် မထင်ပါဘူး၊ စမ်းတော့ ကြည့်တာပေါ့' သူက ပြောရင်း စိတ်ပျက်နေဟန်လည်း ရှိသည်။

'ဟုတ်တယ်၊ တိုနီဟာ အိုလံပီယာကို သူပြောသမျှ ယုံအောင် လုပ်ထား ပုံ ရတယ်၊ ဒီလူဟာ အပြောလည်း ကောင်းတယ်၊ အိုလံပီယာမှာ မိတ်ဆွေ ဆိုလို့လည်း သူတစ်ယောက်ပဲ ရှိပုံ ရတယ်၊ အိုလံပီယာရဲ့ ကလေးတွေကလည်း

mgyoe.com

mgyoe.com
SAMPLE BOOK

အိမ်မှာ မရှိကြဘူး၊ ဒီတော့ အိုလံပီယာကို အားပေး နှစ်သိမ့်ဖို့ ဆိုပြီး သူ စိတ်ကြိုက် ကပ်ခွင့် ရတာပေါ့'

'ဒီလူ ဒီမိန်းမကို လက်မထပ်တာတော့ အံ့စရာပဲ၊ ဒီမိန်းမဟာ သူ့ကို အနာဂတ်မှာ အများကြီး အထောက်အကူ ပြုနိုင်တယ်၊ သူ့ကို ထိပ်ဆုံး ရောက်အောင် လုပ်ပေးနိုင်မယ်' ဖဲလစ္စက တွေးတွေးဆဆ ပြောနေသည်။

'အိုလံပီယာက သူ့ကို လက်မထပ်တာလို့ ကျွန်မ ထင်တယ်၊ အိုလံပီယာဟာ နိုင်ငံရေးနှင့် မပတ်သက်ချင်တော့ဘူး ဆိုတာမျိုး ဖြစ်နေပုံ ရတယ်၊ နိုင်ငံရေးကြောင့် သူ့ခင်ပွန်း ဆုံးတာလို့ သူက ယူဆထားတယ်၊ ကလပ်ကလည်း အိမ်ဖြူတော်ကို ရောက်အောင် ဖြစ်တဲ့ နည်းနှင့် လုပ်မယ့် ပုံပဲ'

ကလပ်က လူသိရှင်ကြား မပြောသေးသော်လည်း ထိုသို့ ဖြစ်ရန် သေချာသည်။

'ငါလည်း ဒီလိုပဲ ထင်တယ်' ဖဲလစ္စ ပြောရင်း ဆေးတစ်လုံး ထပ်သောက်ကာ ထွက်သွားသည်။ အဲလစ္စ ပြောခဲ့သည်များမှာ အမှန်ချည်း ဖြစ်သည်။ အိုလံပီယာထံမှ သတင်း မရနိုင်။ အိုလံပီယာသည် ကလပ်၏ လွှမ်းမိုးမှုကို ခံနေရသည်။ သို့တစေ အိုလံပီယာနှင့် တွေ့ခွင့် ရခဲ့သည်ကိုတော့ အဲလစ္စ ကျေနပ်သည်။ အိုလံပီယာ အတွက်လည်း သူမ စိတ်မကောင်း။ အိုလံပီယာမှာ အတိတ်၏ အရိပ်တို့သာ ထင်ဟပ်နေသည်။ တိုနီ ကလပ်သည်သာ သူမ၏ တစ်ဦးတည်းသော မိတ်ဆွေ။


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၄

အိုလံပီယာ၏ အိမ်သို့ အဲလစ္စ သွားပြီးနောက် သီတင်း တစ်ပတ် အကြာတွင် အဲလစ္စမှာ စားပွဲတွင် ထိုင်ကာ အခြား သတင်း မြောက်မြားစွာကို ကိုင်နေရသည်။ ယခု နုတ်ထွက်သွားပြီ ဖြစ်သော ကွန်ဂရက် အမတ်၏ ဆောင်ကြာမြိုင်သတင်း၊ မြောက်ကိုရီးယား၏ နယူးကလီးယား အန္တရာယ် သတင်း၊ တရားရုံးချုပ်၏ ကလေး ဖျက်ချမှု ဆိုင်ရာ သုံးသပ်ချက် သတင်း၊ တောင်ပိုင်း ပြည်နယ်တစ်ခုက လိင်တူ လက်ထပ်ခွင့်ကို ဆန့်ကျင်သည့် သတင်း စသည်တို့ ဖြစ်သည်။ သူမနှင့် ဘန်တို့ နယူးယောက်တွင် မြဲနေသည်မှာ သီတင်း နှစ်ပတ်ခန့် ရှိပေပြီ။ သူမ စားပွဲပေါ်ရှိ မော်နီတာကို ကြည့်လိုက်တော့ ဖန်သားပြင်ပေါ်တွင် သတင်း တစ်ခု တက်လာသည်ကို တွေ့လိုက်ရသည်။ ရေးလက်စကို ရပ်ကာ ကြည့်လိုက်သည်တွင် တီဟီရန်တွင် အဓိကရုဏ်းများ ဖြစ်နေသည့် သတင်းကို တွေ့လိုက်ရသည်။ ဆန္ဒပြသူ အားလုံးမှာ မိန်းမများ ဖြစ်ကြသည်။

အစွန်းရောက် ဘာသာရေးဂိုဏ်း တစ်ခုက အီရန် အစိုးရအား ဥပဒေများ တင်းကျပ်ရန် ဖိအားပေး တောင်းဆိုနေသည်။ အီရန်တွင် တင်းမာမှုများ လျော့ပါးပြီး အမျိုးသမီးများ အလုပ်ကောင်း ရရှိကာ ပညာ သင်ကြားခွင့်များ ရှိလာပြီး အမျိုးသမီး အခွင့်အရေးများ တိုးတက်လာသည်မှာ ကြာခဲ့ပြီ ဖြစ်သည်။ ယခု နောက်ပိုင်းတွင် စည်းမျဉ်းဟောင်းများနှင့် အစဉ်အလာဟောင်းများကို ဖိအားပေး ကျင့်သုံးလာမှုကြောင့် ပညာတတ် အမျိုးသမီးများကို လုပ်ငန်းခွင်မှ ဖယ်ထုတ်ခြင်း၊ မကြာသေးမီက အလုပ် ဖြုတ်ခြင်းများ အထိ ရှိလာခဲ့သည်။

အမျိုးသမီးများကလည်း မခံဘဲ လူထု ဆန္ဒပြမှုများ လုပ်လာကြသည်။ အဲလစ္စ ကြည့်နေသော ရုပ်သံ သတင်းထဲတွင် အမျိုးသမီး တစ်ယောက်အား တရွတ်တိုက် ဆွဲကာ ရဲကားထဲသို့ ထည့်ပြီး အကျဉ်းထောင်သို့ ပို့နေပုံ ဖြစ်သည်။ ထိုမနက် ဆန္ဒပြပွဲတွင် အမျိုးသမီးငယ် တစ်ယောက် သေနတ် မှန်ခဲ့



mgyoe.com

mgyoe.com SAMPLE BOOK

သေးသည်။ သတင်း ပြီး၍ အခြား အစီအစဉ်များ လွှင့်သော အခါ အဲလစ္စက စားပွဲပေါ်မှ ဖုန်းကို ကောက်ကိုင်ကာ ဖဲလစ္စ၏ ရုံးခန်းသို့ ဆက်လိုက်သည်။ သူလည်း ထိုသတင်းကို ကြည့်လိုက်ရသည်ပင်။

'တီဟီရန်မှာတော့ သတင်းတွေ ကောင်းနေပြီ ထင်တယ်' သူမက တုံးတိတိ ပြောလိုက်သည်။ သေသွားသော မိန်းကလေး၏ ပုံကိုလည်း တွေ့လိုက်ကြရသည်။ ထိုမိန်းကလေးမှာ အသက် ၂၂ နှစ်သာ ရှိသေးသည်။ ကျောင်းဆရာမလည်း ဖြစ်သည်။ လူချစ် လူခင်လည်း ပေါသည် ဆို၏။

ထိုမိန်းကလေး သေဆုံးမှုမှာ ဆန္ဒပြမှုနှင့် အမျိုးသမီး အခွင့်အရေး အတွက် စံပြ ဖြစ်ခဲ့ရသည်။

'ဟုတ်မယ်'

အခြေအနေမှာ အတန်ကြာ တည်ငြိမ်သွားပြီးနောက် ယခု လမ်းတွေထဲတွင် ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ပြန်သည်။ ထိုသတင်းမျိုးမှာ အဲလစ္စ အကြိုက်ဆုံး။ ထိုသတင်းမျိုး ဆိုလျှင် သူမ ပေါက်အောင်လည်း ထုတ်လွှင့်နိုင်သည်။

'ကျွန်မတို့ ဘာစောင့်နေလဲ' သူမက မေးလိုက်သည်။

'ဘယ်အထိ ဖြစ်လာမလဲ ဆိုတာ သိချင်လို့' ဖဲလစ္စက ဆိုသည်။ ဖဲလစ္စသည် မည်မျှ စိတ်အား ထက်သန်သည် ဖြစ်စေ အမူအရာက မပြတတ်။ လွန်ခဲ့သည့် ငါးနှစ်က သူ့ဇနီး အိမ်မှ ဆင်းသွားသည်။ အိမ်ထောင်သက်လည်း နှစ်ဆယ် ရှိခဲ့ပြီ။ သူက အလုပ်က သူ့မိန်းမ ဖြစ်သဖြင့် ထိုဇနီး မလိုတော့ဟု ဆိုသည်။ သူ့ဇနီးက အင်တာနက်ပေါ်တွင် တွေ့သော ပါမောက္ခ တစ်ယောက်နှင့် ယူသွားသည်။ သူတို့က လက်မထပ်သေးဘဲ အတူ နေကြသည်။ ဖဲလစ္စကတော့ တစ်ယောက်တည်း။

ဖဲလစ္စ ဘဝတွင် တစ်ကမ္ဘာလုံး ဖြစ်ပျက်နေသမျှ သတင်းများက လွဲလျှင် မည်သူ တစ်ဦးတစ်ယောက်မျှ မရှိ။ သူ့သားသမီးများကိုပင် သူ တွေ့ခဲလှသည်။ သူ့ လက်အောက်တွင် အလုပ် လုပ်နေသူများသာ သူ့မိသားစု ဖြစ်တော့သည်။ နောက်ပြီး မည်သည့် သတင်းကို လွှင့်လျှင် မိမိတို့ ရုပ်သံ လူကြိုက် များမည်ကိုသာ သူ စဉ်းစားသည်။ သူတို့၏ ညဘက် လွှင့်သည့် သတင်းများသည် မိုင်ပေါင်း များစွာ အတွင်း ရှိသည့် သတင်း ဌာနများတွင် ထိပ်တန်း ဖြစ်နေသည်။ အကုန်အကျလည်း များသည်။

အကြီးစားဆုံး လူများမှာ သူတို့၏ ပုဂ္ဂလိက ဘဝ ဟူ၍ မရှိ။ ဤသည်မှာ သူတို့ အလုပ်၏ သဘာဝ ဖြစ်သည်။ လူတိုင်းလည်း ထိုအတိုင်းပင်။


mgyoe.com

mgyoe.com
SAMPLE BOOK

'အခု မင်း ဘာလုပ်နေလဲ'

'ကွန်ဂရက် အမတ်ရဲ့ လိင်အရှုပ်တော်ပုံ၊ ကျွန်မ မနေ့က သူ့မိန်းမကို ဖုန်းနှင့် ဆက်မေးကြည့်တယ်၊ သိပ်မထူးပါဘူး၊ အဲဒီ သတင်း ကျွန်မကို မလိုက်ခိုင်းဘူး မဟုတ်လား ဆရာ၊ သားဖျက်ချမှု အပေါ် တရားရုံးချုပ်ရဲ့ သုံးသပ်ချက်၊ တောင်ပိုင်း ပြည်နယ်တွေက လိင်တူ လက်ထပ်ခွင့်ကို ဆန့်ကျင်တဲ့ သတင်း၊ နောက်ပြီး မြောက်ကိုရီးယား သတင်း၊ အဲဒါကတော့ အေးသွားပြီ ထင်တယ်၊ ကျွန်မ အခု ကလပ်နှင့် ဂေါက်သီး ကစားဖက် အမျိုးသား ရိုင်ဖယ် အသင်းက လူတစ်ယောက်ကို မေးထားတာ စောင့်နေတယ်'

'ဟိုဟာရော ဘာထူးသေးလဲ'

'လောလောဆယ်တော့ အိုလံပီယာ ဖော်စတာ ပြောတာ မှန်နေပုံ ရတယ်၊ တိုနီ ကလပ်မှာ အသိ မိတ်ဆွေ ပေါတယ် ဆိုတာလေ'

'အဲဒါကို မင်း ယုံလား' ဖဲလစ္စ အံ့သြသွားပုံ ရသည်။ အစာအိမ်ဆေးကို သကြားလုံးလို တကြွပ်ကြွပ် ဝါးနေသံကိုပင် အဲလစ္စ ကြားနေရ၏။

'ယုံတော့ မယုံပါဘူး၊ ဒါပေမဲ့ လောလောဆယ် ကျွန်မမှာ လုပ်စရာ မရှိဘူး၊ အဲဒီ ကိစ္စက တစ်ခုခုတော့ ဖြစ်ကောင်း ဖြစ်မယ်၊ ဒါပေမဲ့ အထောက်အထား မခိုင်လုံသေးဘူး'

'အေး ဟုတ်တယ်'

ဖဲလစ္စက ဒုသမ္မတ မှုမမှန်ဟု ထင်နေသည်။ သို့သော် သူ ဘာကြောင့် ထိုသို့ ထင်နေသည်ကိုလည်း သူ မပြောနိုင်။ ကလပ်မှာ အတော်လေး ငွေရှုပ်နေသည်။ အရေးပါသော လော်ဘီသမားတွေနှင့်လည်း လျင်မြန်စွာ အဖွဲ့ကျနေသည်။ ထိုအထဲတွင် သံသယ ရှိစရာ နာမည် ကြီးနေသည့် လော်ဘီသမားတွေလည်း ပါနေသည်။ သူကိုယ်တိုင်ကလည်း လူထု အကြား အလွန် ထင်ပေါ်လာနေသည်။

သို့သော် ထိုသည်များမှာ မခိုင်လုံ။ အကြီးစား လော်ဘီသမားတွေဆီက သူ လာဘ်ငွေ ယူသည်ဟု မှန်းဆနိုင်ရုံသာ ရှိသည်။ ထိုသည်မှာလည်း ဟုတ်ချင်မှ ဟုတ်မည်။

သို့သော် ဖဲလစ္စကတော့ သူ့ကို အမြင် မရှင်း။ ထိုအတွက် သက်သေပြနိုင်ချင်မှလည်း ပြနိုင်မည်။ အထောက်အထား အခိုင်အမာလည်း ရကောင်း ရလာနိုင်သည်။ ကလပ်မှာ လူလည်။ လက်စလက်န မကျန်အောင် လုပ်မည့်သူ ဖြစ်သည်။ အကယ်၍ သမ္မတ ဝင်အရွေးခံမည်ဟု သူ ကြေညာ လာလျှင်တော့

mgyoe.com

mgyoe.com SAMPLE BOOK

သူ၏ ယခင်နှင့် ယခု တရားမဝင် လှုပ်ရှားမှုများကို ဖဲလစ္စ တတ်နိုင်သမျှ ရှာဖွေ ဖော်ထုတ်ရပေမည်။

အဲလစ္စကလည်း ထိုအတိုင်း သဘောရသည်။ ပြည်သူများ သိသင့်သည်။ သို့သော် တီဟီရန် အရေးက ယခု လောလောဆယ် ကျန်သည်များထက် အရေးပါနေသည်။ တိုနီ ကလပ် ကိစ္စက ဆိုင်းထား၍ ရသည်။ အီရန်တွင် ဆန္ဒပြနေသည်က အမျိုးသမီးတွေချည်း။ နောက်ပြီး မိန်းကလေး တစ်ယောက်လည်း သေသွားရသည်။ အဲလစ္စ သွားချင်လှလေပြီ။

'ဘယ့်နှယ်လဲ' သူမက ဖဲလစ္စအား မေးလိုက်သည်။ သူမ ဆိုလိုသည်ကိုလည်း သူက သိလိုက်သည်။ သူမ ဖုန်းဆက်ကတည်းက သူမအား အီရန်သို့ လွှတ်သင့် မလွှင့်သင့် ချိန်ဆနေခဲ့ခြင်း ဖြစ်သည်။ သူမက မြန်သည်။ သတင်းကလည်း နောက်ဆုံး အချိန်ကျမှ ထွက်လာခြင်း ဖြစ်၏။ အဲလစ္စက အချိန်မဆိုင်းတတ်။ ထိုနေရာသို့ ရောက်နေပြီ ဖြစ်သော ဒေသခံ သတင်းထောက်များကလည်း သတင်းများ ပို့နေလေပြီ။ မိမိတို့မှာ ဘီဘီစီ သတင်းများကိုသာ ယူ၍ လွှင့်နေရသေးသည်။ ဤသည်ကို ဖဲလစ္စ မကြိုက်။ မိမိ လူတွေကိုသာ လွှတ်ချင်သည်။

'ပြောတော့ မပြောနိုင်ဘူး၊ မင်း လေယာဉ်ပေါ်မှာ ရှိနေတုန်း သူတို့က ဆန္ဒပြသူတွေကို နှိမ်နင်းလိုက်ပြီးသား ဖြစ်ချင် ဖြစ်နေမှာ' မိမိ လူတွေကို လွှတ်ရမည်လား၊ စောင့်ခိုင်းရမည်လား ဆိုသည်ကို ဆုံးဖြတ်ရန်မှာ အလွန် သိမ်မွေ့သည့် အလုပ် ဖြစ်သည်။ သူက သတင်းကောင်း တစ်ပုဒ်ကိုလည်း လက်မလွှတ်ချင်။ လူအား၊ ငွေနှင့် အချိန်တို့ကိုလည်း အလဟဿ မဖြစ်ချင်။ 'နောက်တစ်ညလောက်တော့ စောင့်ကြည့်ချင်သေးတယ်၊ အဲဒါ ဆိုရင် ပိုပြီး သိရမယ်' သူက ခပ်ဆိုင်းဆိုင်း ပြောနေသည်။

'လေယာဉ် စီးရမှာက အကြာကြီး၊ တစ်ညတည်းမှာ အများကြီး ဖြစ်ပျက်သွားနိုင်တယ်၊ သိပ်ကြာကြာ စောင့်မနေပါနှင့်'

'မင်းအတွက် သတင်းသမား အရေးပေါ် ဗီဇာ ယူပေးထားမယ်၊ အခြေအနေတွေ ပိုဆိုးလာရင် မင်း သွားဖို့ အသင့် ဖြစ်အောင်လို့၊ အဲဒီလို မဖြစ်သေးရင်တော့ မင်း သွားလို့ မဖြစ်သေးဘူး'

ထိုသည်မှာလည်း အဓိပ္ပာယ် ရှိသည်။ ဘန် အတွက်လည်း ဗီဇာ တစ်စောင် ယူထားရမည်ဟု သူမ ထင်သည်။ ထိုနေ့လယ်က ဘန် သူမ ရုံးခန်းသို့ ရောက်လာသေးသည်။ သူ့ကို ကြည့်ရသည်မှာ ပျင်းနေပုံ ရသည်။ သူတို့မှာ



mgyoe.com

mgyoe.com SAMPLE BOOK

မီးသတ်သမားများနှင့် တူသည်။ ကမ္ဘာ့ တစ်နေရာရာတွင် မီး အလောင်ကို အသင့် စောင့်နေကြရသူများ ဖြစ်သည်။

'ကျွန်တော်တို့ သွားရမယ် ထင်လား'

ထိုတစ်နေ့လယ်လုံး သူမ လုပ်စရာ ရှိသည်များကို အကုန် လုပ်ထားပြီး ဖြစ်သည်။

အမျိုးသား ရိုင်ဖယ် အသင်းမှ တိုနီ ကလပ်နှင့် ဂေါက်သီးရိုက်ဖက် လော်ဘီသမားက ဖုန်းဆက်လာသည်။ ဘာမျှ ရေရေရာရာ ပြောစရာ မရှိဟု ဆိုသည်။ ဒုသမ္မတနှင့် သူ သိလာခဲ့သည်မှာ တစ်နှစ် ရှိပြီ ဖြစ်ပြီး တိုနီသည် လူတော် တစ်ယောက် ဖြစ်သည်ဟု ဆိုသည်။ တိုနီသည် သူနှင့် ပတ်သက်သည့် သတင်းများကိုလည်း သိချင်နေသည်ဟု ဆိုသည်။ ထို့ထက် ပိုမပြောနိုင်ဟု လည်း ပြောသွားသည်။ ထိုနေ့ မတိုင်မီ တစ်ရက်ကလည်း ဆေးကုမ္ပဏီများကို လော်ဘီ လုပ်ပေးနေသူက ထိုအတိုင်း ပြောသွားသည်။ သူတို့ အားလုံး ဒုသမ္မတ ကို ခင်မင်ကြပြီး မိတ်ဆွေလို သဘောထားနေကြသည်။ တိုနီသည် သူ၏ လာမည့် မဲဆွယ်ပွဲ အတွက် အလှူရှင်တွေကို တန်းစီထားနေသည်လားဟု သူမ တွေးနေသည်။ ထိုသည်မှာ ဥပဒေနှင့်တော့ မငြိ။

အချို့ လော်ဘီသမားတွေကလည်း တရားမဝင်ကြ။ သူတို့ အကျိုးဆောင် နေသည့် လုပ်ငန်း အတွက် သူတို့၏ အချိန် နှစ်ဆယ် ရာနှုန်း အကုန်ခံကာ လော်ဘီ လုပ်ပေးမှ ဥပဒေ အရ တရားဝင် လော်ဘီသမားဟု သတ်မှတ်သည်။ ထို့ထက် အချိန် နည်း၍ ဖြစ်စေ၊ တစ်ဦးတစ်ယောက်တည်းကို အကျိုးဆောင် သည်မျိုး မဟုတ်လျှင် ဖြစ်စေ ဥပဒေ အရ လော်ဘီသမားဟု မသတ်မှတ်ပေ။ လော်ဘီသမား ဟုတ် မဟုတ် သတ်မှတ်နိုင်သည့် အရည်အချင်း အများအပြား လည်း ရှိသေးသည်။ တိုနီ ကလပ်သည် တရားဝင်ရော၊ တရားမဝင် လော်ဘီ သမားကိုရော မျက်နှာမလိုက် အချိန် ပေးနေဟန် ရှိသည်။

အဲလစ္စ၏ လေ့လာချက် အရ ယခု အထိ သက်သေ မပြနိုင်သေး။ ဖဲလစ္စ၏ ဆန္ဒကို ဖြည့်ဆည်း၍ မရ ဖြစ်နေသည်။ ကလပ်၏ အကျိုး အတွက် ငွေလက်လွှဲပြောင်းသည့် အထောက်အထား ငွေ့ငွေ့မှ မတွေ့ရ။ လောလောဆယ် အကျိုးဆောင် ပေးပြီး ငွေကို နောက်မှ ပေးသည့် ပုံစံမျိုး ကလပ် လုပ်နေသည် ထင်၏။

လက်ရှိတွင် သူမ ဘာမျှ မသိရသေး။ သို့သော် သူမ နား၊ မျက်စိများ ဖွင့်ထားလျက် ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူမက ထိုအကြောင်းများကို ဘန်အား ပြောပြရင်း တီဟီရန်မှ နောက် သတင်းများကို ကြည့်နေကြသည်။ အခြေအနေမှာ အေးချမ်းသွားပြီ ဖြစ်သည်။

ထိုနေ့လယ်ပိုင်းတွင် နောက်ထပ် ဆန္ဒပြမှု တစ်ခုကို အထိအခိုက် အသေ အပျောက် မရှိဘဲ နှိမ်နင်းနိုင်ခဲ့၏။

'ကျွန်မတို့ သွားဖို့ မလိုဘူး ထင်တယ်' အဲလစ္စက ပြောတော့ ဘန် စိတ်ပျက်သွားပုံ ရသည်။ နောက်နာရီဝက် ကြာတော့ သူ ထွက်သွားသည်။ သူကတော့ အသင့် အနေအထားတွင် ရှိသည်။ အဲလစ္စ အလုပ်တွေ ပြန်လုပ် နေ၏။

သူမ အိမ်ပြန်ရောက်တော့ ခရီးဆောင်အိတ် တစ်အိတ်တော့ ပြင်ထား လိုက်သည်။ ပြီးတော့ ဖေးထံ ဖုန်းဆက်လိုက်၏။ ဖေးက ဖုန်းမကိုင်။ နောက်မှ စာကြည့်တိုက်က နေ၍ ဖုန်းမက်ဆေ့ချ် ပို့သည်။ ဖေးသည် သူ့ အမေလိုပင် ကိုယ့်အလုပ်ကိုယ် ဂရုစိုက်သူ ဖြစ်သည်။ ဖေး အားသန်သည့် ဘာသာများက အင်္ဂလိပ်စာ၊ သမိုင်းနှင့် စီးပွားရေးတို့ ဖြစ်သည်။ သူမသည် ယခု ဂျူတက္ကသိုလ် မှ ဘွဲ့ရလျှင် အမ်ဘီအေနှင့် ဥပဒေ ပူးတွဲ ဘွဲ့ယူရန် စဉ်းစားနေသည်။ စဉ်းစား ရန်လည်း သူမ အချိန် ရသည်။ ဖေးသည် သူမ မိခင်လိုပင် ပန်းတိုင်ကို မျက် ခြည် မပြတ်။ သူမက ဟားဗတ် တက္ကသိုလ်တွင် အမ်ဘီအေ/တရားရေးဘွဲ့ လည်း လိုချင်နေသေးသည်။ ထိုအတွက် အဲလစ္စ မအံ့သြမိ။

အဲလစ္စ ရုပ်သံမှ သတင်းများ ကြည့်ပြီးသော အခါ စောစော ဝင်အိပ် သည်။ ဘာမျှ ထူးထူးခြားခြား မရှိသေး။ သို့သော် နံနက် လေးနာရီလောက် တွင် ဖဲလစ္စ ဖုန်းဆက်သဖြင့် ထရသည်။

'အမျိုးသမီးငယ် နှစ်ယောက်ကို သူတို့ သေနတ်နှင့် ပစ်သတ်လိုက်ပြီ၊ ရဲတွေကတော့ တခြား ဆန္ဒပြသူတွေ ပစ်တာလို့ ပြောတယ်၊ ဒါပေမဲ့ အဲဒီ ဖြစ်ရပ်ကို ဖုန်းနှင့် ဗီဒီယို ရိုက်လိုက်နိုင်တဲ့သူ တစ်ယောက် ရှိတယ်၊ အဲဒီ လူကိုလည်း ရဲက ပစ်သတ်လိုက်တယ်၊ ကဲ အထုပ်အပိုး ပြင်တော့၊ ဘန်ကို ငါ ဖုန်းဆက်လိုက်မယ်၊ မင်းတို့ မနက် ကိုးနာရီ လေယာဉ်ခေါက်နှင့် လိုက် ရမှာ၊ ဒီကနေ ခြောက်နာရီမှာ ထွက်မှ ရမယ်၊ မင်းနှင့် ဘန် အတွက် ဗီဇာ တွေနှင့် လမ်းမှာ သုံးဖို့ ငွေကို ရုံးက တစ်ယောက်ယောက် တစ်နာရီ အတွင်း လာပေးလိမ့်မယ်'

ဖဲလစ္စက လိုလေသေးမရှိ စီစဉ်ပေးပါသည်။ အဲလစ္စ အတွက်ကတော့ အထုပ်အပိုး ပြင်ကာ ဖေးအား ဖုန်းမက်ဆေ့ချ် ပို့ရန်သာ ရှိသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

'ဆရာ အိပ်ရော အိပ်သေးရဲ့လား' သူမက မေးလိုက်သည်။ ထိုသည်များကို သူ၏ လက်ထောက် ထုတ်လုပ်သူက လုပ်ပေးနိုင်သည်။ သို့သော် ဖဲလစ္စက အလုပ်ကို သံယောဇဉ် ကြီးသူ ဖြစ်သည်။ အိမ်က ဆင်းသွားသည့် သူ့ဇနီးကိုလည်း အပြစ် မဆိုသာ။

'အိပ်လို့ မရတဲ့ အခါတော့ မအိပ်ဘူး' အဲလစ္စ အမေးကို သူက ဖြေသည်။ သူက အဲလစ္စထက် ဆယ်နှစ်သာ ကြီးသော်လည်း သူ့ လက်အောက်မှ လူများကို သူက ကလေးများလို သဘောထားသည်။ သို့သော် ထိပ်က ပြောင်ပြီး လူက ဝနေသည်။ ထို့ကြောင့် ဒိုးနတ်နှင့် တရုတ်စာများဖြင့် သူ စိတ်ချနေသည်။ ထိုအစာများကြောင့်လည်း အစာမကြေခြင်းနှင့် နှလုံးကို ဒုက္ခ ပေးနေသည်။

အစာအိမ် အချဉ်ပေါက်ခြင်းသည် အလုပ် ဖိစီးမှု အပြင် အခြား အကြောင်းများလည်း ရှိသေးသည်။ သူက သူ့လူ အားလုံး၏ အသက်မှာ သူ့ လက်ထဲတွင် ရှိသည်ဟု ခံယူထားသည်။ ထိုသည်မှာလည်း တစ်ခါတလေတော့ မှန်နေသည်။ 'လေယာဉ် ခရီး ဖြောင့်ဖြူးပါစေ၊ မင်းတို့ လေယာဉ်ပေါ်က ဆင်းတာနှင့် နောက်ဆုံး အချက်အလက်တွေ ပို့ပေးမယ်၊ ဘယ်သူ့ကို အင်တာဗျူးရမယ် ဆိုတာလည်း ပြောမယ်၊ တွေ့ခွင့် ရမယ် ဆိုရင် အစိုးရထဲက ကြီးသည်ထက်ကြီးတဲ့ လူကို တွေ့ပါ၊ သတိတော့ထားပါ၊ မင်း ထောင်ကျမှာကို ငါတို့ မလိုချင်ဘူး၊ သတင်း အဖွဲ့ ဆိုတဲ့ တံဆိပ်ကို အမြဲ တပ်ထားပါ၊ ဘန်ကိုလည်း အဲဒီအတိုင်း လုပ်ပါစေ'

စခန်းဝင်ခါနီး ကျောင်းသားကို ဖခင်က မှာနေသည်မျိုး။ သူမ ဖုန်းချကာ ပြုံးနေမိသည်။ နောက်နှစ်မိနစ် အကြာတွင် ဘန် ဖုန်းဆက်လာသည်။ သူ့အသံက တက်ကြွနေ၏။

'ကျွန်တော်တို့ လမ်းပေါ် ပြန်ရောက်ပြန်ပြီ' သူနှင့် အလုပ် စတွဲလုပ်ကတည်းက သူသည် အိမ်မှာ နေရသည်ထက် ကမ္ဘာ့ မည်သည့် နေရာကိုမည်သည့် အခြေအနေ ဖြစ်ဖြစ်၊ မည်မျှ အန္တရာယ် ရှိရှိ သွားချင်သူမျိုးမှန်း အဲလစ္စ သိခဲ့ရသည်။ မိမိတို့ နှစ်ယောက်ကို တာဝန်ပေး စေလွှတ်သည့် အခါများတွင် သူက ဆီးလ်တပ်ဖွဲ့တုန်းက တာဝန် ထမ်းခဲ့သည်များကို အမှတ်ရနေ၏။ ယခုလည်း ကြမ်းတမ်းသော တာဝန်များ လုပ်ခဲ့ရသည်။ သူက တာဝန်များကို စိတ်ပါလက်ပါ အင်တိုက်အားတိုက် လုပ်သည်။ သူမလည်း ထိုအတိုင်းပင်ဟု အဲလစ္စ သဘော ပေါက်လာသည်။ ဖေးက ဂျူတက္ကသိုလ်တွင်မို့ သူမ

mgyoe.com

mgyoe.com SAMPLE BOOK

အနေဖြင့် အိမ်တွင်လည်း ရှိစရာ မလိုသေး။ သူမ သွားချင်ရာ သွား၍ ရနေသေးသည်။ 'လေဆိပ်မှာ ခုနစ်နာရီ တွေ့ကြမယ်၊ ကျွန်တော်တို့ နှစ်ယောက်အတွက် ဗီဇာနှင့် ပိုက်ဆံ ဖဲလစ္စက ပို့ပေးမယ်တဲ့'

'ကျွန်မကိုလည်း ပြောပြီးပြီ' သူမ မျက်စိ ကျယ်သွားလေပြီ။ သူတို့နှစ်ယောက်စလုံးပင်။ သူတို့ နှစ်ယောက် စစ်ထွက်ကြရဦးမည်။ လူသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု အတွက်။ သည်တစ်ကြိမ်တွင် အမျိုးသမီးများ အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု ဖြစ်သည်။ သူတို့သည် လူအားလုံးအတွက် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ လူ့အခွင့်အရေးတို့ကို ကာကွယ် စောင့်ရှောက်နေသူများ ဖြစ်ကြသည်။ တစ်ခါတလေတော့ ထိုသည်ကို မြင့်မြတ်သည်ဟု ထင်ပြီး တစ်ခါတလေမှာတော့ အလုပ် သဘောသာ ထားမိသည်။

'မနေ့ ညက သူတို့ ပစ်သတ်လိုက်တဲ့ မိန်းကလေးက အသက် ၁၆ နှစ်ပဲ ရှိသေးတယ်တဲ့' ဘန်က ဆိုသည်။ သူသည် ခံစားလွယ်သူ တစ်ယောက်ဖြစ်သည်။ တစ်ခါတစ်ရံတွင် အဲလစ္စထက်ပင် ခံစားလွယ်သေးသည်။ သူက ဆက်၍ 'ကလေးပဲ ရှိသေးတယ်နော်'

'သူတို့ဆီမှာတော့ ကလေး မဟုတ်တော့ဘူး' အဲလစ္စက ပြောလိုက်သည်။

ထို့နောက် သူမ၏ ဘီးတပ် အိတ်ဖြင့် အထုပ်အပိုး ပြင်သည်။ မည်မျှကြာမည် မသိသေး။ မည်သည့် နေရာသို့ ထပ်လွှတ်မည်လည်း မသိသေး။ ထိုသည်မျိုးက အမြဲတမ်းလိုလိုပင်။ သီတင်းပတ် ချီ၍လည်း ကြာနိုင်သည်။ လနှင့် ချီ၍လည်း ကြာနိုင်သည်။ ဖေးကတော့ ဂျူ တက္ကသိုလ်တွင် အဆင်ပြေနေလိမ့်မည် ထင်၏။ မိမိ ပျောက်သွားနေသည့် အတွက် ဖေး အပေါ် ပျက်ကွက်သည်ဟု မထင်ချင်။ သည်လို နေလာခဲ့သည်မှာလည်း နှစ်ကာလ များခဲ့ပြီတည်း။ ယခု သူမ စိတ်လွတ်လက်လွတ် ရှိနေသည်။ ရှိလည်း ရှိသင့်သည်။ ဘန်မှာလည်း ရည်းစား မရှိ၊ ဇနီး မရှိ၊ ကလေး မရှိ၊ မိသားစုနှင့်လည်း မတွေ့သည်မှာ ကြာပြီမို့ ထိုသည်များကို စဉ်းစားရန် မရှိ။ သူသည်လည်း လွတ်လပ်နေသည့် ငှက်တစ်ကောင်။

အဲလစ္စ လေဆိပ် မသွားမီ လက်ထောက် ထုတ်လုပ်သူ တစ်ယောက်က သူမ၏ ဗီဇာနှင့် အသုံးစရိတ်များကို ကားတစ်စီး၊ ယာဉ်မောင်း တစ်ယောက်နှင့် အတူ လာပို့သည်။

သူမ လေဆိပ် ချက်အင် နေရာကို ရောက်တော့ ဆယ်မိနစ် စောနေသေးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုနေရာတွင် ဘန်က သူမအား စောင့်နေ၏။ မျက်နှာကလည်း ရွှင်လို့။ သူမ အတွက် ကက်ပချီနို ကော်ဖီခွက်ကိုလည်း ကိုင်ထားသည်။

'ဗီဇာ ရပြီလား' သူမက ခေါင်းညိတ်ပြလိုက်သည်။

'ပိုက်ဆံရော' သူမက သူ့ ဗီဇာနှင့် ငွေများ ပါသော စာအိတ်ကို ပေးလိုက်သည်။ ပြီးတော့ အိတ်များကို အပ်ကာ ဧည့်ခန်းထဲတွင် လေယာဉ်ပေါ် တက်ခွင့် စောင့်နေသည်။ ဧည့်ခန်း၏ အခန်းငယ် တစ်ခုတွင် ရုပ်မြင်သံကြား စက် ရှိသည်။ လုပ်ငန်းရှင် တစ်စုနှင့် အတူ သူတို့ နောက်ဆုံး သတင်းများကို ကြည့်နေကြသည်။ တီဟီရန်မှ အခြေအနေမှာ အတော် ဆိုးလာသည်။ အဲလစ္စ လည်း ရောက်လိုလှပြီ။ ဘန်မှာလည်း ထိုအတိုင်းပင်။

မွတ်ဆလင် နိုင်ငံများသို့ သွားလျှင် ပတ်ရန် ခေါင်းစည်း ပဝါ သူမတွင် ပါလာသည်။ ထိုသို့ ပဝါ မပတ်ဘဲ သွားသည့် မိုက်မဲသည့် အလုပ်ကို သူမ ဘယ်တော့မှ မလုပ်။ ခြေမျက်စိ အထိ ဖုံးသော ဝတ်ရုံရှည်လည်း ခရီးဆောင် အိတ်ထဲတွင် လိုလိုမည်မည် ထည့်ယူလာခဲ့သည်။ လေယာဉ် အီရန် လေပိုင်နက် တွင်းသို့ ရောက်သည်နှင့် လေဆိပ်သို့ ရောက်အောင် စောင့်မနေဘဲ ခေါင်းကို ပဝါ ပတ်ရမည် ဖြစ်သည်။ ထိုသည်မျိုး သူမ အကြိမ်ကြိမ် လုပ်ခဲ့ဖူးသည်။

သူတို့ ရောက်သွားတော့ ဖဲလစ္စထံမှ မှာကြားသည်များ သိရပြီးနောက် သူမ အင်တာဗျူး လုပ်ရန် ဖုန်းဆက်ချင်နေသည်။ သေနတ်မှန် သေဆုံးသွားသည့် မိန်းကလေး သုံးယောက်၏ မိသားစုများကိုလည်း တွေ့ချင်သည်။ သို့သော် သူမ ဦးစားပေး တွေ့ချင်သည်က အစိုးရ အဖွဲ့ထဲမှ အီရန် အမျိုးသမီးများအား ထိခိုက်စေသည့် ဆုံးဖြတ်ချက် ချသူ အာဏာပိုင်များ ဖြစ်သည်။ သူတို့သည် ဘာသာရေး အစွန်းရောက် ဂိုဏ်း၏ တောင်းဆိုချက်ကို လိုက်လျောကာ အီရန် အမျိုးသမီးများ ရထားပြီး ဖြစ်သော ခေတ်မီ လွတ်လပ်ခွင့်ကို ပြန်လည် ရုပ် သိမ်းမည်လားဟု သိချင်သည်။ အာဏာပိုင်များကတော့ သူတို့တွင် ရွေးချယ် စရာ မရှိဟု ဆိုကြသည်။ ဘာသာရေး အဖွဲ့အစည်းက စည်းမျဉ်းများကို ချ မှတ်ပြီး ယင်းတို့ကို အားလုံး လိုက်နာရမည်ဟု ဆိုသည်။ အမျိုးသမီး ဆန္ဒ ပြခြင်းသည် ထိုစည်းမျဉ်းများ အရ ထောင်ကျခံလျှင်ခံ၊ သို့မဟုတ်က အသတ် ခံရမည် ဖြစ်သည်။

လက်ရှိ အစိုးရမှာ ယခု အချိန် အထိ အလယ်အလတ် သဘောထား ရှိ နေသည်။ အပြောင်းအလဲကို သူတို့လည်း မလိုချင်ကြ။ သို့သော် ဘာသာရေး ခေါင်းဆောင်များကို အမျိုးသမီးများ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

စေ လေးစားကြရမည် ဖြစ်သည်။ အရှေ့ အလယ်ပိုင်း ဒေသတွင် ဩဇာကြီးသော၊ အစွန်း ရောက်သော ဂိုဏ်းဂဏများ ရှိသည့် နိုင်ငံများတွင် အမြဲပြဿနာ ရှိသည်။ ကျေးလက် သို့မဟုတ် ဝေးလံသီခေါင်သော အရပ်တွင် နေထိုင်သည့် အမျိုးသမီးများသည် မြို့နေ အမျိုးသမီးများထက် ရှေးအစဉ်အလာစည်းမျဉ်းများကို ထိန်းသိမ်းကြရသည်။ မြို့သူများကတော့ လွတ်လပ်သည့်ဘဝကို သိမြင်လာကာ လက်လွှတ် မခံချင်ကြ။ ဖဲလစ္စကတော့ မှာလိုက်သည်။ ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် မလိုချင်၊ အီရန် အမျိုးသမီးများကိုသာ ဖောင်းပေးရေးစေလိုသည်။ အဲလစ္စကလည်း ထိုအတိုင်း စိတ်ကူးထားသည်။

ရှစ်နာရီခွဲတော့ သူတို့ လေယာဉ်ပေါ် တက်ကြသည်။ လေယာဉ်မှာ ဂျာမနီနိုင်ငံ ဖရန့်ဖတ် မြို့တွင် တစ်ထောက် နားရသည်။ ထိုနေရာတွင် နာရီ အတော်ကြာအောင် နားပြီးနောက် တီဟီရန်သို့ သွားမည့် လေယာဉ်ပေါ်သို့ တက်ကြရသည်။ လေယာဉ်ပေါ်တွင် ရုပ်ရှင် သုံးကားသာ ပါသည်။ သုံးကားစလုံး အဲလစ္စရော ဘန်ပါ စိတ်မဝင်စား။ အဲလစ္စက မထွက်ခင်ကတည်းက ပရင့်ထုတ်ကာ ယူလာသော အချက်အလက် စာရွက်စာတမ်းများကို ထုတ်ကြည့်နေသည်။ ဘန်ကတော့ ခရီး တစ်ခုလုံး အိပ်၍ လိုက်ပါလာ၏။ ညက ဖဲလစ္စဖုန်းဆက်ကတည်းက လျှော်ဖွပ်၊ မီးပူတိုက်၊ ထုပ်ပိုးနှင့် သိပ်မအိပ်ခဲ့ရ။ သူသည် တာဝန်ဖြင့် ချက်ချင်း သွားရန် ခိုင်းသည့် အခါ အဲလစ္စလောက် ပြည့်ပြည့်စုံစုံ မစီစဉ်တတ်။ ထိုနေရာတွင် သူမက ကျွမ်းသည်။

ဘန်မှာ တစ်ခုခု အမြဲတမ်း မေ့ကျန်တတ်သည်။ အဲလစ္စကတော့ စာရင်းလုပ်ကာ စီစဉ်တတ်သည့် အကျင့် ပါနေသည်။ ကျန်ခဲ့သည် ဟူ၍ မရှိ။ သတင်းပြောသည့် အခါတွင် ထိုအတိုင်းပင်။ သူမက အသေးစိတ် ဂရုစိုက် တတ်သူဖြစ်သည်။

အီရန် လေပိုင်နက် အတွင်းသို့ ဝင်ပြီ ဖြစ်ကြောင်း ကြေညာသည်တွင် အဲလစ္စ မီးခိုးရောင် ပဝါကို ခေါင်းတွင် ပတ်လိုက်သည်။ လေယာဉ်ပေါ်မှဆင်းကာ အကောက်ခွန် ကောင်တာကို ရောက်တော့ သူတို့ ရှေ့ဆုံးက ဖြစ်သည်။ စာရွက်စာတမ်းများက အားလုံး အဆင်ပြေသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း သူတို့ အပေါ် ပျူငှာကြသည်။ စာရွက်စာတမ်း ပြဿနာဘာမျှ မရှိ။ နှစ်ယောက်သား တက္ကစီဖြင့် လာလေး ဟိုတယ်သို့ လာခဲ့ကြသည်။ ဟိုတယ်သို့ ရောက်သော အခါ ကြိုတင် ငှားထားသည့် ဘေးချင်းယှဉ်လျက် အခန်းငယ် နှစ်ခန်းသို့ ဝင်လိုက်ကြသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

သူတို့ ယခင်က အရေးပေါ် အခြေအနေကြောင့် တစ်ခန်းတည်း အတူ အိပ်ခဲ့ရဖူးသည်။ အဲလစ္စကတော့ မမူ။ ရှက်လည်း မရှက်။ အကျပ်အတည်း ဖြစ်လာသည့် အခါ ကိုယ်လုပ်စရာ ရှိသည်ကို ကိုယ်လုပ်ရုံပင်။ ဟိုတယ်တွင် သူတို့ နေထိုင်ရသည်က အဆင်ပြေသည်။ မိမိတို့ အခန်းသို့ ကိုယ်စီ ရောက် ကြတော့ ဖဲလစ္စထံ ဖုန်းဆက်ကြသည်။ ဖဲလစ္စက တွေ့သင့်သူများ စာရင်းကို ပေးတော့ အဲလစ္စ ဖုန်းတွေ ဆက်တော့သည်။

အချို့ ဖုန်းနံပါတ်များမှာ သူမတွင် ရှိပြီးသား။ တတိယ အကြိမ် ဆက် လိုက်သည်တွင် အဆင်ပြေသွားသည်။ လက်ရှိ အခြေအနေနှင့် ပတ်သက်၍ နိုင်ငံတကာ သတင်း ဌာနများကို ရှင်းပြရန် အစိုးရက လူနှစ်ယောက်ကို တာဝန် ပေးထားသည်ဟု သိရသည်။ အစိုးရက လက်ရှိ ပြဿနာ သူတို့ အပေါ် ပုံကျနေသည့် အတွက် စိတ်ညစ်နေပုံ ရသည်။ လွန်ခဲ့သည့် လများက အမျိုးသမီးများ အပေါ် တင်းကျပ်သည့် စည်းမျဉ်းများ လျှော့ပေး လိုက်ရ သည့် အတွက် ဂုဏ်ယူနေပုံလည်း ရသည်။ ထိုသည်ကို သူတို့ ပြန်မရုပ်သိမ်း လိုကြ။ ဆန္ဒပြမှုတွင် သေကျေ ဒဏ်ရာရသူ အရေအတွက် ပိုလာသည်ကိုလည်း သူတို့ စိတ်မချမ်းသာ ဖြစ်နေပုံ ရသည်။

အဲလစ္စတို့ လေယာဉ်ပေါ်မှာပင် ရှိစဉ် နောက်ထပ် အမျိုးသမီး တစ် ယောက် သေနတ်နှင့် အပစ်ခံရပြန်သည်။ သည်တစ်ကြိမ်တွင်တော့ ရဲများ၏ မျက်ရည်ယိုဗုံးကြောင့် ထွက်ပြေးနေသော မိန်းမများ ပြန်လှည့် ချီတက်ကြ သည်။ တင်းမာမှုမှာ ပိုမို ကြီးမားလာကာ အကြမ်းဖက်မှုများလည်း ရှိလာပြီး ဆိုးဆိုးရွားရွား ဖြစ်လာမည့် အခြေအနေ ဖြစ်သည်။

ဘန်နှင့် အဲလစ္စတို့သည် ရေမိုးချိုး အဝတ်အစား လဲကာ အစိုးရပိုင်းနှင့် တွေ့ဆုံမှု မလုပ်မီ စားသောက်ကြသည်။ အင်တာဗျူး လုပ်ရသည်ကလည်း အဆင်ပြေသည်။

ထိုညနေက သေဆုံးသွားသည့် မိန်းကလေး နှစ်ယောက် မိသားစုနှင့် သူတို့ သွားတွေ့သည်။ ထိုမိသားစုများသည် အင်္ဂလိပ်လိုလည်း ပြောတတ်ရာ အင်တာဗျူး လုပ်ရသည်မှာ ရင်သိမ့်တုန် ဖြစ်ရသည်။ ထိုမိသားစုများမှာ အား လုံး လေးစားလောက်သည့် ပညာတတ် အမျိုးသမီးများ ဖြစ်ကြသည်။ သူတို့က သူတို့ တိုင်းပြည် အမှောင်ခေတ်ကို ပြန်မရောက်စေချင်ကြ။ သူတို့ ရသင့်သည် ဟု ထင်သော လွတ်လပ်မှု အတွက် အသေခံလိုသူများလည်း ဖြစ်ကြသည်။ ဖြစ်ပျက်ခဲ့မှု အတွက် သူတို့မှာ ယူကျုံးမရလည်း ဖြစ်နေကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုညတွင် ဘန်နှင့် အဲလစ္စတို့ ဆန္ဒပြသည့် နေရာသို့ သွားကြည့်ကြသည်။ လူအုပ် အစပ်မှ သူတို့ ကြည့်ကြသည်။ သူတို့၏ သတင်းသမား အမှတ်အသား စာတန်းကြောင့် အဝင်ခံကြသည်။ အဲလစ္စမှာ ယောက်ယက်ခတ်နေသော လူအုပ်ကြီးအား ကြည့်နေစဉ်မှာပင် သတိလည်း ထားနေရသည်။ မွန်းလွဲပိုင်းက နှစ်ဖက်မှာ ရှေ့မတိုး နောက်မဆုတ် တန့်နေခဲ့ကြသည်။ သို့သော် အခြေအနေ ချက်ချင်း ပြောင်းလဲကာ ရုန်းရင်းဆန်ခတ်မှုတွေ ဖြစ်လာနိုင်သည်ဟု သူမ သိနေသည်။ သူမက ငှားထားသော ဖာစီ ဘာသာ စကားပြန်ဖြင့် ဆန္ဒပြသူများကို အင်တာဗျူး လုပ်ပြီး လူအုပ်နှင့် ခွာပေးခဲ့သည်။ ဘန်နှင့် အဲလစ္စတို့သည် အရေးကြုံလျှင် ပြေးရန် လမ်းပေါက်လည်း ရှာထားသည်။ ဘန်ကတော့ သူမ ဘေးတွင် ကပ်ကာ လိုအပ်လျှင် သူမအား ကာကွယ်ရန် သို့မဟုတ် လက်ကို ဆွဲပြေးရန် အသင့် ရှိနေသည်။ ဤသည်မှာ သူ လုပ်နေကျ ဖြစ်သည်။ စစ်ထဲက တတ်ခဲ့သည်များက သူ့တွင် ကျင့်သား ရနေသည်။ စရောက်ကတည်းက အကောင်းဆုံး ပြေးလမ်းကို သူ ရှာထားပြီး ဖြစ်၏။

သူတို့ ဆန္ဒပြသူများနှင့် သန်းခေါင်တိုင်အောင် နေသည်။ ထိုညတွင် အသေ အပျောက် မရှိ။ ထို့နောက် သူတို့ နှစ်ယောက် ဟိုတယ်သို့ ပြန်ကာ နောက်နေ့ မနက် စောစော ထိုနေရာသို့ ပြန်သွားကြသည်။ နံနက် နေထွက်မွတ်ဆလင် ဝတ်ရွတ်သံကို အဲလစ္စ ကြားနေရ၏။ ထိုသည်မှာ အစ္စလာမ် ကမ္ဘာ၏ အံ့ဩဖွယ်ရာ အလှတရား ဖြစ်သည်။ သို့သော် တီဟီရန်တွင် ယခု ဖြစ်ပျက်နေသည်များက ထိုတိုင်းပြည်၏ အမျိုးသမီးများ အတွက် ခေတ်ကို နောက်ပြန် လှမ်းရမည့် စိုးရိမ်ဖွယ် အခြေအနေ ဖြစ်သည်။

သည်တိုင်းပြည်တွင် နှစ်လိုဖွယ်ရာနှင့် ကြမ်းတမ်း ခက်ထရော်မှုတို့ ဝိရောဓိ ဖြစ်နေသည်မှာ နားမလည်နိုင်စရာ။ ထိုပဋိပက္ခကို သူမ နှစ်နှစ်ကာကာ ခံစားရသည်။ ရုပ်သံလွှင့်သည့် အခါတွင်လည်း ယင်းကို သူမ ထည့်ပြောသည်။ ထိုသည်ကို ဘန်က ဆုရထိုက်သော ကောက်ချက်ဟု ချက်ချင်း ထောက်ပြသည်။ အဲလစ္စမှာ ရိုးစင်းလွန်းသဖြင့် ဘန် မြင်သည်များကို တစ်ခါတစ်ရံ သူမ မမြင်တတ်။ သူမက သူမ အလုပ်ကို လုပ်နေသည်ပင်။ သို့သော် သူမ၏ ပြောဆိုချက်များမှာ အကြောင်းအရာ၏ ပင်မနှင့် လူသားတို့ ပြဿနာများကို ထိသွားတတ်သည်။ ထိုသည်များကို သူမ ထင်လင်း မြင်သာအောင် ပြောနိုင်သူ ဖြစ်သည်။

နောက်သီတင်းပတ်တွင် ဘာမျှ မည်မည်ရရ မဖြစ်။ ဆန္ဒပြသူများနှင့် အစိုးရ တပ်ဖွဲ့များ အကြား ရှေ့တိုးလိုက် နောက်ဆုတ်လိုက်ဖြင့် သူမသာ

mgyoe.com

mgyoe.com
SAMPLE BOOK
ကိုယ်မသာ ဖြစ်နေသည်။ အဓိကရုဏ်း နှိမ်နင်းရေး မြင်းတပ်က လူအုပ်ကို မောင်းထုတ်ရာတွင် မြင်းကန်မိ၍ နောက်ထပ် အသက် ၂၅ နှစ် အရွယ် မိန်းကလေး တစ်ယောက် သေပြန်သည်။ သူမတွင် ကလေး သုံးယောက် ရှိသည် ဆို၏။ ထိုမိန်းကလေး၏ ခင်ပွန်းကို အဲလစ္စ အင်တာဗျူး လုပ်သည်။ အင်တာဗျူးကို ဘန်က ဓာတ်ပုံများ ရိုက်နေသည်။ ခင်ပွန်းသည်မှာ အင်တာဗျူး တစ်လျှောက် ငိုနေသည်။ ထိုလူက ကလေးများအား သိုင်းဖက်ထားသည်တွင် မိန်းကလေး၏ မိခင်နှင့် ညီအစ်မများက နောက်ဘက်မှ ဟစ်အော် ငိုကြွေးနေကြသည်။ ယင်းမှာ အဓိပ္ပာယ်မဲ့ စစ်ပွဲကြောင့် ငယ်ရွယ်သည့် အသက် တစ်ချောင်း ဆုံးရှုံးရသည့် အကောင်းဆုံး သာဓက ဖြစ်သည်။ သူမသည် ခေတ်သစ် မိန်းကလေး အနေဖြင့် သူမ၏ အခွင့်အရေးကို ကာကွယ်ရင်း မိတဆိုးကလေး သုံးယောက်၊ လင်သားနှင့် ဆွေမျိုး ညီအစ်ကို မောင်နှမများကို ရင်ကွဲပက်လက် ထားခဲ့ရသည်။ သဘောတရားရေး အရ ယင်းမှာ ထိုက်တန်သော တိုက်ပွဲ ဖြစ်သည်။ သို့သော် လူသား အမြင် အရမူ ထိုသို့ မဟုတ်။ ထိုသည်ကို အစိုးရကလည်း သဘောပေါက်သည်။

ထိုသီတင်းပတ် ကုန်တော့ အစိုးရက အမျိုးသမီး ရှစ်ယောက်ပါ ဆန္ဒပြအဖွဲ့နှင့် အာဏာပိုင်များ တွေ့ဆုံရန် ခွင့်ပြုခဲ့သည်။ ထိုသို့ တွေ့ဆုံ အဖြေ ရှာကာ ရရှိသော အချက်အလက်များကို ဘာသာရေး ခေါင်းဆောင်များထံ တင်ပြရမည် ဖြစ်သည်။ ထိုသို့ တွေ့ဆုံ အဖြေ ရှာခြင်းဖြင့် အားလုံး အတွက် လုံးဝမဟုတ်သော်မှ အထိုက်အလျောက်တော့ ကျေနပ်စရာ ဖြစ်ဖွယ်ရာ ရှိသည်။ ယင်းမှာ သတ္တိ ရှိစွာ အသက် စွန့်သွားကြသည့် အမျိုးသမီးများ၏ ကြီးစွာသော အောင်ပွဲလည်း ဖြစ်သည်။ အစိုးရကလည်း ထိုတိုက်ပွဲကို ရေရှည် ဖြစ်မသွားစေချင်။ နောက်ဆုံးတွင်တော့ ပို၍ အဆင်ပြေမည်ဟု အဲလစ္စ တွက်သည်။ ညှိနှိုင်း သဘောတူထားသည်များကို အကောင်အထည် မဖော်နိုင်သေးသည့်တိုင် ယင်းမှာ အစသာ ဖြစ်၍ တီဟီရန်မြို့ ပုံမှန် ပြန်လည် ဖြစ်ရန် ကြိုးပမ်းမှု တစ်ခု ဖြစ်ပေလိမ့်မည်ဟု အဲလစ္စ ထင်သည်။

'သူတို့က တကယ် လုပ်မယ်လို့ ထင်လား' ကြေညာချက် ထွက်လာပြီးနောက် သူတို့ ဟိုတယ်သို့ ပြန်ကြစဉ် ဘန်က မေးလိုက်ခြင်း ဖြစ်သည်။

'ထင်တယ်၊ ဘာသာရေး ခေါင်းဆောင်တွေကို သူတို့ နားချနိုင်တာ မနိုင်တာက တစ်ပိုင်းပေါ့၊ ကျွန်မ အထင်တော့ အစိုးရကလည်း အမှောင်ခေတ်ကို ပြန်မသွားချင်ဘူး၊ အခြေအနေက ကျပ်တည်းနေတယ်၊ သူတို့ဟာ ဘာသာရေး


mgyoe.com